# လူမျိုးစုလေ့လာမှု စာစဉ်

စာစဉ် (၁၃)
၂၀၂၂၊ ဇွန်လ




# ထားဝယ်

# DAWEI

Myanmar Cultural Research Society

Bulletin of Ethnic Studies
No.13

Myanmar Cultural Research Society

*မျက်နှာဖုံးနှင့် နောက်ကျောဖုံး ပုံတို့သည် ထားဝယ်လူမျိုးတို့နှင့် သက်ဆိုင်သော ခေတ်ဟောင်း၊ ခေတ်သစ် အဝတ်အစား ဆင်ယင်ပုံ တို့ကို အသုံးပြုထားခြင်း ဖြစ်ပါသည်။*

*မျက်နှာဖုံးပုံမှာ ကိုလိုနီခေတ် ထားဝယ်လူမျိုး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးပုံကို ၁၈၈၇ ခုနှစ်ခန့်က ဗြိတိသျှပန်းချီဆရာတစ်ဦးရေးဆွဲသည်ဟု ယူဆရသောပုံဖြစ်သည်။ လန်ဒန်မြို့၊ ဝိတိုရိယနှင့်အဲလ်ဘတ်ပြတိုက်တွင် ထိန်းသိမ်းထားရှိပြီး ၎င်းပြတိုက်မှ မှတ်တမ်းအရ ထိုခေတ် ဗြိတိသျှအရာရှိများ၏ စိတ်ပါဝင်စားမှုအရ စုဆောင်းထားသည့် မှတ်တမ်းများဖြစ်ကြောင်းဆိုသည်။ ပန်းချီစာအုပ်အတွင်းရှိ မူရင်းဖော်ပြချက်တွင် “No. 17 Tuwe People who live East side” ဟု ရေးသားထားပြီး ပုံညွှန်းစာတန်းတွင်မူ “ဒါဝယ် Tavoyan” ဟု ဖော်ပြသည်။ ရေဆေးတစ်မျိုးဖြစ်သည့် Gouache ကို စက္ကူပေါ်တွင် ရေးဆွဲထားပြီး အလျား ၃၀.၅ စင်တီ၊ အနံ ၂၀ စင်တီရှိသည်။ ထားဝယ်လူမျိုး ပန်းချီဆရာ ဦးငွေကိုင် လန်ဒန်သို့ရောက်စဉ်က ကူးယူခဲ့ဖူးပြီး ယခု ထားဝယ်မြို့၊ ဘုရားကြီးပြတိုက်တွင် ပြသထားသည်။ ဤပုံအသုံးပြုခွင့် ရရှိရေးအတွက် ကြိုးစားပေးခဲ့သော သော်ဇင်လတ် (MA, History of Art and Archaeology, SOAS, London)အား MCRS အဖွဲ့ မှ အထူးကျေးဇူးတင်ပါသည်။*

*နောက်ကျောဖုံးပုံမှာ ခေတ်သစ် ထားဝယ်အမျိုးသား၊ အမျိုးသမီးတို့၏ ဝတ်စားဆင်ယင်မှုကို ၂၀၁၇ ခုနှစ် ထားဝယ်အမျိုးသားညီလာခံကြီးမှ အတည်ပြုပြဌာန်းခဲ့သော ထားဝယ်လူမျိုးရိုးရာဝတ်ဆုံ ဖြစ်သည်။ ထားဝယ်မြို့ ယဉ်ကျေးမှုပြတိုက်၌လည်း ၎င်းပုံအား ခင်းကျင်းပြသထားပါသည်။ ဤပုံအား ထားဝယ်လူမျိုးစုစုစည်းမှုကော်မတီ (ဗဟို) ဥက္ကဋ္ဌ နော်နန်းအောန်မျိုး (ထားဝယ်ရှေးဟောင်းသုတေသီ)မှ ကျေးဇူးပြုပါသည်။*


Bulletin of Ethnic Studies
No.13

June 2022

**မျက်နှာဖုံးနှင့်**

**အတွင်းဒီဇိုင်း -** Saw Wanna (Z.H)

**တန်ဖိုး - ၂၀၀၀ကျပ်**

Myanmar Cultural Research Society

# မာတိကာ


အမှာစာ ၅

ထားဝယ်လူမျိုးစစ်တမ်း ၇
ကျော်မင်း - ထားဝယ်

ထားဝယ်လူမျိုးတို့၏ ရှေးကျသော အထောက်အထားများ ၁၀
မောင်စိုးမင်း (တနင်္သာရီ)

အမိန့်တော်ထဲမှ သာယာဝတီမြို့ (ထားဝယ်) မြို့ဝန်များ ၁၃
နိုင်စိုး

ထားဝယ်လူမျိုးတို့၏ ငြိမ်းချမ်းရေးမှတ်တိုင် ရှင်မော်စေတီတော်မြတ်နှင့် အနီးကပ်အတူနေလူမျိုးတို့ ပေါင်းစည်းညီညွတ်ရေး ၂၁
မျိုးမြတ်သာရီ

ထားဝယ်လူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှုဓလေ့ ၂၅
နောန်အောန်မျိုး (ထားဝယ်ရှေးဟောင်းသုတေသီ) ရေး/သု ပြည်

ဒုမင်္ဂလ အသုဘအခမ်းအနား ၃၁
ရွှေဝယ်ဇ

ထားဝယ်ကျွဲမင်းပုံပြင်မှရရှိသော ထားဝယ်ယဉ်ကျေးမှုများ ၄၀
မွန်မွန်အောင်

ထားဝယ်မြို့နယ်ရှိ မုတ္တီးမြို့ဟောင်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ၄၇
သော်ဇင်လတ်

ထားဝယ်ဒေသိယစကားရှေ့ပြေးလေ့လာချက် ၅၄
မောင်လေးတင့်

ထားဝယ်ဒေသမှ သမိုင်းဝင်မြို့ဟောင်းနှစ်ခု ၆၂
မောင်သာ (ရှေးဟောင်းသုတေသန)

သာဂရအကြောင်း စဉ်းစားဖွယ် (၁) ၇၀
အာကာဖြိုး (ကံပေါက်)

ထားဝယ်ရှေးဟောင်းခဲဒင်္ဂါးကြီးများ ၇၄
အောင်မြင့်

**Votive Tablets & Old Tavoy** ၇၈
**Nai Pan Hla**

**Chronology and Important Dates of Dawei Region based on the Chronicles and Pagoda Histories** ၈၂
**Thaw Zin Latt**

# အမှာစာ

MCRS မှ မြန်မာနိုင်ငံအတွင်းရှိ လူမျိုးစုများ၊လူ့အဖွဲ့အစည်းများ၊ ယဉ်ကျေးမှု၊ ဘာသာစကား၊တန်ဖိုး၊ သမိုင်းကြောင်း၊ ဓလေ့များကို ရှာဖွေ ဖော်ထုတ် အသိပညာဖြန့် ဖြူးမှုတွေကို လုပ်ဆောင်လာသည်မှာ စာ စောင်အမှတ်စဉ် ၁၃ ထိ တိုင်ခဲ့ပါပြီ။ မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ယဉ်ကျေးမှုဓလေ့ ကွဲပြားစွာတည်ရှိနေရာ မြန်မာနိုင်ငံအတွင်းနေ လူ့အဖွဲ့အစည်းများ ကို ပျံ့နှံ့နေထိုင်မှု identities အရ (၁) အအေးပိုင်းနေ လူ့အဖွဲ့အစည်း၊ (၂) ကုန်းမြင့်တောင်တန်းနေ လူ့အဖွဲ့အစည်း၊ (၃) မြေပြန့်လွင်ပြင်ဒေသနေသူများ၊ (၄) ပင်လယ်ကမ်းရိုးတန်းနေသူများ နှင့် (၅) မြစ်ဝကျွန်းပေါ် နေထိုင်သူများဟူ၍ မွေးဖွား ရှင်သန်ရာ နေရာ ( sense of belongings) အပေါ်မူတည် ၍ ယေဘုယျ လေ့လာ မှတ်တမ်း တင်နိုင်ပါသည်။ ခေတ်အဆက်ဆက် မှတ်တမ်းတင်မှုများတွင် မြန်မာနိုင်ငံအတွင်း နေထိုင် သူ လူမျိုးစုများ အားလုံး၏ ရပိုင်ခွင့်၊ တည်ရှိပိုင်ခွင့်များမှာ ဩဇာကြီးမားသူတို့၏ ပုံဖော် လိုသော နိုင်ငံတော်အတွင်း တဒေါက်တနေရာမှ ပါဝင်ခွင့်ရအောင် ကြိုးစား ရုန်းကန်နေ ရသည့် အခြေအနေကိုသာ ဦးတည်နေလျက်ရှိပါသည်။

ဩဇာကြီးမားသူများမှ အခြားသော မြန်မာနိုင်ငံအတွင်းနေ လူမျိုးစုများစွာအပေါ် နိုင်ငံရေးအရ သော်လည်းကောင်း ယဉ်ကျေးမှုရေးရာအရ သော်လည်းကောင်း လွှမ်းမိုး ဝါးမြိုရန် ကြိုးစားဆောင်ရွက်နေသည်မှာ လူမျိုးပေါင်းစုံ ယှဉ်တွဲနေထိုင်နေသော လူ့အဖွဲ့အစည်း အတွက် အဟန့် အတားဖြစ်နေပါသည်။ ထိုသို့သော ယဉ်ကျေးမှုအရ လူ့အဖွဲ့အစည်းများ ကို ဖိနှိပ်ချုပ်ချယ်နေမှုများကို လုပ်ဆောင်နေကြသည်။ လုပ်ဆောင်နေဆဲလည်း ဖြစ်ရာ ယင်းသို့ ပြည်ထောင်စု မပြိုကွဲရေးဟုဆိုကာ လူမျိုးစုများစွာအပေါ် ဖိနှိပ်ဝါးမြိုနေမှု စနစ် ကို ကာကွယ်နိုင်ရန် MCRS အဖွဲ့ မှ မြန်မာနိုင်ငံ ဧရိယာနယ်နမိတ်အတွင်းရှိ လူမျိုးစု အသီးသီးတို့၏ ယဉ်ကျေးမှုရေးရာ သမိုင်းကြောင်း၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု ဆိုင်ရာ ဓလေ့ ထုံးတမ်းများကို မှတ်တမ်းတင်ကာ မွေးဖွားရှင်သန်ရာ နေရာ မတူညီကြ သည့် လူ့အဖွဲ့အစည်း အချင်းချင်း သိရှိနိုင်ရန် လုပ်ဆောင်နေပါသည်။ ဆက်လက်၍လည်း လူ့အဖွဲ့အစည်းများ၏ တည်ရှိမှု၊ ဂုဏ်သိက္ခာ၊ စံတန်ဖိုးများ၊ တရားမျှတမှု၊ တန်းတူအခွင့် အရေးစသည့် လူမျိုးစုအသီးသီးတို့၏ အခွင့်အလမ်းများ၊ တန်းတူညီတူအသိအမှတ်ပြုမှု ကို တဒေါင့်တစ်နေရာက ပါဝင်ကာ စုစည်းဖြန့်ဝေဖို့ ကြိုးစားလုပ်ဆောင်နေမှာပါ။

လူမျိုးစုလေ့လာမှု စာစောင် အမှတ် (၁၃) တွင် မြန်မာနိုင်ငံ၏ ရှိနှင့်နေပြီးသော လူမျိုးစုများဦးရေစာရင်းတွင် တရားဝင် သတ်မှတ်ထားသည့် ထားဝယ်လူမျိုး အကြောင်း

တင်ပြထားပါသည်။ အစိုးရ အဆက်ဆက်၏ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး ဖော်ဆောင်မှုမှာ မည်သည့်စံနှုန်းဖြင့် သတ်မှတ်အသိအမှတ်ပြုသည်ကို အသေအချာ မသိရှိရသော်လည်း ထားဝယ်လူမျိုးများကို တိဗက်တိုဘာမင်း စကားပြော ဗမာအုပ်စုဝင်အဖြစ် အသိအမှတ်ပြုထားပါသည်။ ပြောဆိုသည့် ဘာသာစကား တူညီသည့် အုပ်စု ( Ethno Linguistic Group) အဖြစ် သတ်မှတ်သည်ဟု မှတ်ယူပါသည်။ ထားဝယ်လူမျိုးများသည် မြန်မာနိုင်ငံ၏ တောင်ပိုင်း တနင်္သာရီကမ်းရိုးတန်းဒေသများတွင် ရှေးဦးမြို့ပြများ တည်ထောင်ကာ နေထိုင်ရှင်သန်လာခဲ့ပါသည်။ လူဦးရေ နှင့် လူမျိုး သတ်မှတ် ပုံဖော်သည့် သန်းခေါင်စာရင်းများတွင် ထားဝယ်လူမျိုးဦးရေ သီးသန့် (သို့) သီးခြား ဖော်ပြထားသည်ကို ၁၉၀၁ခုနှစ် ဗြိတိသျှ အစိုးရထုတ် Census of India, Burma တွင် ထားဝယ်လူမျိုး ၉၄၈ ယောက်ရှိကြောင်း စတင် တွေ့ရှိရပါသည်။ မှတ်ချက်တွင် ထားဝယ်အများစုမှာ ဗမာလူမျိုးစုအဖြစ် ရပ်တည်ကြကြောင်း ယင်းအစီရင်ခံစာတွင် တင်ပြထားပါသည်။

ထို့နောက် ထားဝယ်လူမျိုးစာရင်းများ သီးခြားဖော်ပြထားသည်ကို မတွေ့ရှိရတော့ဘဲ ၁၉၅၁ခုနှစ် သန်းခေါင်စာရင်းတွင် ထားဝယ်လူမျိုးသီးသန့် ၁၅၉၁၇၄ဦးရှိကြောင်း ထပ်မံ သိရှိရပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူပြီးနောက် အစိုးရမှ တရားဝင် မထုတ်ပြန်သေးရာ ထားဝယ်လူမျိုးသီးသန့် ဦးရေ မသိရှိရသေးပါ။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တရားဝင်ထုတ်ပြန်သည့် သက်ဆိုင်ရာ မြို့နယ်အလိုက် ထုတ်ပြန်သည့် စာအုပ်တွင်လည်း တနင်္သာရီတိုင်းဒေသကြီး ဆယ်မြို့နယ်၌လည်း ထားဝယ်လူမျိုး ဦးရေ မတွေ့ရှိရသေးပါ။ ၂၀၁၇ခုနှစ်တွင် ထားဝယ်အမျိုးသားညီလာခံကို ကျင်းပလာနိုင်ပြီးနောက် ထားဝယ်လူမျိုးစုစည်းမှု ကော်မတီများကို ဖွဲ့စည်းလာနိုင်ခဲ့သည်။ ၎င်းကော်မတီမှ ထားဝယ်လူမျိုးလူဦးရေ ခန့်မှန်းတင်ပြသည်မှာ တနင်္သာရီတိုင်းဒေသကြီးအတွင်း ထားဝယ်လူမျိုးဦးရေ ခန့်မှန်း ၈၀၀,၀၀၀ ဦးရေနှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပြည်ပနိုင်ငံရောက် ထားဝယ်လူမျိုးဦးရေ ၁,၅၀၀,၀၀၀ ခန့် ရှိကြောင်း သိရှိရပါသည်။

ထားဝယ်လူမျိုးတို့၏ ယဉ်ကျေးမှု၊ သမိုင်းကြောင်း၊ ထုံးဓလေ့များ ကို သေသေချာချာ လေ့လာတင်ပြမှုများကို ထားဝယ်ကျော်မင်းမှ ၁၉၆၈ခုနှစ်တွင် ထားဝယ်ယဉ်ကျေးမှု အမြုတေ စာအုပ်အဖြစ် ဖော်ထုတ်ရေးသား တင်ပြထားသည်ကို သိရှိရပါသည်။ ယခုစာစောင်တွင် ထားဝယ်လူမျိုးနှင့် ပတ်သက် သက်ဆိုင်သော သမိုင်းကြောင်း၊ ဓလေ့၊ ဘာသာစကား၊ မြို့ပြယဉ်ကျေးမှု တည်ထောင်ခဲ့ပုံများ၊ ယဉ်ကျေးမှု ထွန်းကားပုံ ဇယားများနှင့် ကုန်းဘောင်ခေတ် မြန်မာမြို့ဝန်အဆက်ဆက် အုပ်ချုပ်ရေး စတင်စီမံပုံများကို စုဆောင်းတင်ပြထားပါသည်။




*V & A Museum တွင် ပြသထားသော **ဒါဝယ်** ဆွဲပုံ (ဓာတ်ပုံ-သော်ဇင်လတ်)*

# ထားဝယ်လူမျိုးစစ်တမ်း

**ကျော်မင်း - ထားဝယ်**

အစဦးစွာရေးသော မြန်မာရာဇဝင်များ၌ လူမျိုးပေါင်း ၁၀၁ ပါးကို စာရင်းတင်ထားကြပေသည်။ ၎င်းအနက် မြန်မာတိုင်းရင်းသားများဟု မြန်မာ ပျူ၊ ကမ်းယံ၊ ယော၊ ရခိုင်၊ တောင်သူ၊ ထားဝယ်၊ (၇) မျိုးကို အဓိက ဖော်ပြထားပေသည်။

ယင်းအချိန်မှ နှောင်းကာလ ယခုခေတ်တွင် ထားဝယ်ကို လူမျိုးတမျိုးဟု စာရင်းမတင် အသိအမှတ်မပြုကြဘဲ စကားသံဝဲသည့် မြန်မာဟုသာ သိမ်းကျုံးလျက်သာမည အထင်ရှိကြလေသည်။ သို့သော် ချောင်းရိုးမြောင်းရိုးသာ တိမ်ကောရိုးရှိ၍ လူမျိုးမှာမူ တိမ်ကောရိုး မရှိသဖြင့် ထားဝယ်လူမျိုးတို့၏ ရှေးဟောင်းဓလေ့များ တမူခြား၍ ယနေ့တိုင်အောင် ရှိသေးသည်ကိုကား ရာဇဝင်သမိုင်းအတွက်ဖြစ်စေ၊ ဗဟုသုတအတွက်ဖြစ်စေ မပျောက်မပျက်ရန်

မှတ်တမ်းတင်လိုပေသည်။

ထားဝယ်ရာဇဝင် သမိုင်းများ၌ အရှင်ဂေါတမ မြတ်စွာဘုရားသခင်သည် ၁၀ ဝါမြောက်တွင် ဤထားဝယ် ဒေသသို့ ဒေသစာရီ ကြွရောက်ကာ တရားဟောဒိတ် ဟောကြားဘူးကြောင်းကို ထောက်လျှင် ထိုဒေသဝယ် လူတမျိုးရှိသည်မှာ အမှန်ပင်ဖြစ်သည်။ မြတ်စွာဘုရားကြွ ရောက်၍ ခေတ္တထက်ဝယ် ဖွဲ့ခွေထိုင်တော်မူလျက် သီတင်း သုံးရာ အရပ် (ထားဝယ်ခရိုင် အတွင်းမြို့မှ ၁၆ မိုင်ကွာ မြို့ပိုင်ရုံးစိုက်ရာ အထက်ရေဖြူမြို့အနီး ကနန်းတောင်အရပ်) ဖြစ်သော ထက်ဝယ်အရပ်ကို အကြောင်းပြုလျက် ကာလ ရွေ့လျောလာသောအခါ အဆင့်ဆင့်ထက်ဝယ်၊ ထဝယ်၊ ထားဝယ်ဟုလည်းကောင်း၊ မွန်တို့ကလည်း မွန်ဘာသာဖြင့် တင်ပလ္လင်ခွေထိုင်ခြင်းကို၌ဝှာ၊ ထဝဲ ထားဝယ်ဟုလည်း ကောင်း၊ ပြောင်းလဲခေါ်ဆို လာကြလေသည်။ ၎င်းထားဝယ် ဒေသရှိ လူမျိုးကိုလည်း ထားဝယ်လူမျိုးဟု ခေါ်တွင်လာကြ လေသည်။

၎င်းနောက် မြန်မာရာဇဝင် စတင်ရေးချိန်၌ ဤထား ဝယ်ဒေသရှိ လူမျိုးတို့မှာ မွန်နှင့်သော်လည်းကောင်း၊ မြန် မာများနှင့်သော်လည်းကောင်း၊ ယဉ်ကျေးမှု ဓလေ့ အပြော မတူ ကွဲလွဲကြသဖြင့် ထားဝယ်ကို လူမျိုးတမျိုးဟု စာရင်း တင်ခဲ့ကြသည်မှာထင်ရှားပေသည်။ နောက်ခေတ် အပြောင်း အလွဲအလျောက် လူဦးရေများ၍ အင်အားကြီးခဲ့ကြသော ယိုးဒယား၊ ယွန်းရှမ်းများ၊ မွန်များနှင့် မြန်မာများ အလဲအလှယ် အုပ်စိုးလွှမ်းမိုးလာမှုတို့ကြောင့် ထားဝယ်လူမျိုး ဟူသော နာမည် တိမ်မြုပ်ခဲ့လေသည်။ ဝတ်စားဆင်ယင်မှု များလည်း ယခုခေတ်တွင် ရခိုင်၊ မွန်၊ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်တို့ မြန်မာလို ဝတ်ဆင်ထားကြ၍ ခွဲခြား မသိနိုင်သလို ထားဝယ်တို့ကိုလည်း ထားဝယ်လူမျိုးတမျိုးဟု ခွဲခြားမသိနိုင်တော့ပေ။

သို့သော်လည်း အရိုးကို အရွက်မဖုံးနိုင်ဆိုသည့် နည်းတူ ယနေ့တိုင်အောင် ကျန်ရှိနေသေးသော ထားဝယ်ရေး ဟောင်း ယဉ်ကျေးမှုများမှာ အထင်အရှား များစွာရှိသည်။ ကျွန်တော်၏ စူးစမ်းရှာဖွေတွေ့ရှိချက်အချို့အရ ထားဝယ် သည် လူမျိုး တမျိုးဖြစ်ကြောင်း အထောက်အထားအတွက် ဤဆောင်းပါးကို ထုတ်ဖော်ရေးသားအပ်ပါသတည်း။

ယနေ့ ထားဝယ်ခရိုင်အတွင်းရှိ လူဦးရေမှာ ခန့်မှန်း ခြေ ၂ သိန်း၊ ၅ သောင်းခန့်ရှိပေမည်။ ၎င်းအနက် မြန်မာ၊ မွန်၊ ရှမ်း၊ ကရင်၊ အစရှိသော တိုင်းရင်းသားများ၊ တရုတ်၊ ကုလားအစရှိသော နိုင်ငံခြားသားများကို စာရင်းဖယ်ထားလျှင် ထားဝယ်လူမျိုး ဇာတိအစစ် ၂ သိန်းမျှ ရှိသည်ဟု ခန့်မှန်း ပါသည်။

အဆိုပါ ထားဝယ်လူမျိုးတို့၏ ဝတ်မှု၊ စားမှုတို့ထက် ယခုခေတ်တိုင်အောင် ပြောဆိုနေကြသော စကားများကို သေတ္တာချစီစစ်ကြည့်လျှင် လူမျိုးတမျိုးဖြစ်ကြောင်း အထူး ပေါ်လွင်လာပါသည်။ ၎င်းထားဝယ်တို့ ပြောစကားတွင် ကွဲပြားခြားနားချက် (၅) မျိုး ရောနေသည်ကို တွေ့ရှိရပါသည်။ ၎င်းတို့ကို ခွဲခြားလျှင် -

(က) အချို့စကားကို မြန်မာစကား အသံထွက်အတိုင်း ပြောခြင်း။

(ခ) အချို့စကားကို မြန်မာစကားအသံမှ ဝဲ၍ ပြောခြင်း၊

(ဂ) အချို့စကားကို မြန်မာရှေးသုံး ပေါရာဏ စကားအတိုင်း ပြောခြင်း။

(ဃ) အချို့စကားကို မွန်စကား၊ ရှမ်းစကားသို့ မှီးလျက် ပြောခြင်း။

(င) အများဆုံးသော စကားကို မည်သည့်တိုင်းရင်း သား မြန်မာ၊ မွန်၊ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်တို့၏ စကားနှင့် အလျင်းမတူဘဲ လုံးဝကွဲလွဲကာ တစ်ဘာသာပြောဆိုခြင်းများ ရှိပေသည်။

သာဓကအချို့ကို ပြရမည်ဆိုလျှင် (က) အမျိုး၌ မြန်မာစကားသံအတိုင်း နွား၊ ဖား၊ ငါး၊ ဆင်၊ ထီး၊ ဖိနပ်၊ ရေ၊ မီး၊ လှေ၊ လှည်း၊ ဆိုသလိုပင် အသံတူ ပြောသောစကား လုံးများရှိခြင်း။ (ခ) အမျိုး၌ ကြောင်၊ ကျီး၊ ကြက်၊ လိပ်၊ ခွေး၊ မြင်း၊ အိမ်၊ မြေ၊ အင်္ကျီ၊ မှင်တံ၊ အစရှိသည်တို့ကို မြန်မာစကားသံမှ ဝဲလျက် ကြောင်န်၊ ကလီ၊ ကြစ်၊ လိခ္ခီး၊ ဗြင်း၊ အီ၊ မွေ၊ အန်းကီ၊ မှန်တံ၊ ဟုပြောသော စကားလုံးများရှိခြင်း၊ (ဂ) အမျိုး၌ မိ၊ ဘ၊ မယ်၊ နော်န် ဖျားရေ၊ ယောက်သွား၊ မြစ်အောက်၊ ကဗျင်း၊ တံစို့ဖျင်။ မဟော့၊ မယ်န၊ ဟု၊ မြန်မာရှေးသုံး ပေါရာဏစကားအတိုင်း ပြောသောစကားလုံးများရှိခြင်း၊ (ဃ) အမျိုး၌ (ကညင်ဆီမီး စာတိုင်) မွန်အခေါ် ရဲတပေါင်းကို မီးတဲပေါန်းဟုလည်း ကောင်း၊ (နွားကို ဘယ်လှည့် ညာလှည့် ပြောသည့်( မွန်စကား ဇေ၊ တ၊ ကို၊ 'စေ့၊ တ' ဟုလည်းကောင်း။

(ဆင်ဦးခေါင်းကို နှိပ်ချခိုင်းသည့်) ယိုးဒယား ရှမ်းစကား 'အော့င်း' ကို 'အောင်န်း' ဟုလည်းကောင်း၊ ကျွဲ ယိုးဒယားရှမ်း အခေါ် 'ကွိုင်' ကို 'ကွဲ' ဟုလည်းကောင်း မှီလျက် ပြောသောစကား လုံးအနည်းငယ်ရှိခြင်း၊ (င) အမျိုး၌၊ မြန်မာအခေါ် ဖျာ၊ ပေါက်ဆိန်၊ သီဟိုဠ် သရက်သီး၊ ပိုက်ဆံ၊ အင်တုံ ရာဝင်အိုး၊ လုံချည်၊ စောင်။ တံခါး၊ ပန်းကန်လုံး၊ ပန်းကန်ပြား၊ ဂျိုင်းကြား၊ လိပ်ပြာ၊ ပလူကောင်၊ ဆိတ်၊ လိပ်ဥ၊ ထောင် ချောက်၊ စပါးကျီ၊ မြရာသီး၊ နရွဲသီး၊ တောင်တလဲသီး၊ သဘော်သီး၊ ဇရက်ငှက်၊ ခြေသလုံးရိုး၊ ကျည်း၊ သားရိုက်၊ ဇမ္ဗူသပြေသီး၊ ပွဲထုတ်၊ အိမ်ရှေ့ဝရံတာ၊ မီးဖိုဆောင်၊ စသည်တို့ကို ဘော့၊ ကပ်ပ၊ ရှစ်ကလစ်သီး၊ ဖြန်၊ ဖြူးအန်၊ ဟဲလော၊ သားလှော၊ ဆိုးဖလူတခွ၊ စန်၊ ဟန်းဇား၊ လပ် ကဘီး၊ ချပ်ခြန်း၊ ဘဲ့၊ ပြင်ဥလှောင်း၊ ဘားဟန်း၊ ဖြင်း ဖတ်သီး၊ စစ်ခရဲသီး၊ ဂျယ်ရှင်သီး၊ ဟီးခိုသီး၊ ထန်းရှစ်သား၊ ဖြင်းခေါ့ရိုး၊ ဇင်းလန်းရိုက်၊ စုန်းဖြစ်သီး၊ ဒေါန်းလန်၊ ဖြင်းစွန်၊ ဘုထောန့်ဟု အသီးသီး တစ်ဘာသာ ပြောဆိုခြင်း နှင့် ၎င်းအပြင် ကိုယ်တုံးလုံး၊ ကလက်တက်တက်၊ အလွှန် အမင်း၊ လက်စသတ်၊ အလကား၊ အရေမသွင်း၊ တောထုတ် အဓိပ္ပာယ်သို့ သက်ရောက်စေသည့် မြန်မာစကားကို ခဲပ လန်းဗလန်း၊ အစ်အစ်တွန်၊ အိုင်းကီးရှစ်ပလဲ၊ စစ်ကလစစ် ကလ၊ ဝိန၊ ဂန်ဇားပြယ်ထွီးလိုက်ဟု အသီးသီး ကွဲလွဲစွာ ပြောသော ထားဝယ်စကားများစွာပင် ရှိပေသေးသည်။

ထို့အပြင် 'မနေ့ကနှင့် မနက်ဖြန်' ၂ မျိုးစလုံးအတွက် ကို ပြောဆိုနိုင်သည့် 'နတ်ကီး' စကားလုံး။ ချီးမွမ်းစရာ နှင့် အပြစ်တင်စရာ ၂ မျိုးစလုံးအတွက်ကို အသုံးချ ပြောဆိုနိုင်သည့် 'အန့်ဇား' လို စကားလုံး၊ ကုန်ပစ္စည်း ရောင်း၍ ထွက်သည်နှင့် ကုန်ပစ္စည်းဈေးကြီးသည်၊ ၂ မျိုးစလုံးကိုအသုံးချပြောဆိုနိုင်သည့် 'စွံ' ဆိုသော စကားလုံး အမေ့မောင်နှင့် အဖေ့ညီမ ၂ ဦးစလုံးကို 'အရီး' ဟု ခေါ်နိုင် သော စကားလုံး။ အမေ့ညီမနှင့် 'မိဒွေး' ၂ ဦးစလုံးကို 'မိငယ်' ဟုခေါ်နိုင်သော အဓိပ္ပာယ် ၂ မျိုးသွား ဆန်းပြားသော ထားဝယ်စကားလုံးများလည်း များစွာရှိပေသေးသည်။

အထက်ပါ ထူးခြား၍ တစ်ဘာသာ ကွဲလွဲစွာ ပြောသော ထားဝယ်စကားများကို ထောက်သဖြင့် စကား ထဲက ဇာတိပြဆိုသည်နှင့်အညီ မြန်မာတိုင်းရင်းသားစာရင်း တွင် ထားဝယ်လူမျိုး တမျိုးအမှန်ပင် ထင်ရှားရှိကြောင်း သို့စကား အသုံးအနှုန်းများ ကွဲလွဲသော်လည်း ကိုးကွယ်သည့် ဘာသာမှာ ဗုဒ္ဓဘာသာဝင်ဖြစ်၍ မြန်မာနည်းတူ ဝတ်စား ဆင်ယင်ကြသဖြင့် ယဉ်ကျေးသော ရှေးမြန်မာတိုင်းရင်းသား တစ်ဦးပင်ဖြစ်လေသည်။

**ကျော်မင်း (ထားဝယ်)**
**ပြည်ထောင်စုယဉ်ကျေးမှုစာစောင်**
**အတွဲ (၂)၊ အမှတ် (၄)၊ ၁၉၅၆ ခု-ဩဂုတ်လမှ**
**ကောက်နုတ်တင်ပြထားပါသည်။**

■ ■ ■

# ထားဝယ်လူမျိုးတို့၏

## ရှေးကျသောအထောက်အထားများ

**မောင်စိုးမင်း (တနင်္သာရီ)**




*စစ်ကိုင်းရွာသစ်ကြီး၊ လောင်းဦးမော် ပိဋကတ်တိုက်မှ ဓဝယ်၊ တနင်္သာရီ လူမျိုးပြ နံရံဆေးပန်းချီ (ဓာတ်ပုံ-သန်းစိုးဝင်း)*

***ထားဝယ်လူမျိုးတို့သည် ရှေးပဝေသဏီကတည်းကပင် ဤတနင်္သာရီကမ်းရိုးတန်းဒေသတစ်ခွင်နေထိုင်ခဲ့ကြပါသည်။ စာပေအထောက်အထားများအရ ဖော်ပြရလျှင် ရှေးပဝေသဏီကပျူမင်းဆက်ကြီး(၈)ဆက်၏ ဒုတိယ ဓာမ္မဒီပ ပျူမင်းဆက်၏ ၁၉၀ ဆက်မြောက် ကလဗုမင်းဆက် တိုင်းပြည်ပျက်စီးသဖြင့် ပျူလည်းသုံးခုကွဲကာ ဓညဝတီရခိုင်တစ်စု၊ ထာဝယ်တစ်စု၊ တနင်္သာရီ တစ်စုကွဲပြီး ပျူကြမ္မာသုံးမျိုးဖြစ်ကြောင်း ဇမ္ဗူဒီပ ဦးဆောင်းကျမ်းတွင် ဖော်ပြပါရှိပေးသည်။***

ထိုကြောင့် ဓညဝတီတွင် ပျူတာစ်စုနှင့် ယခုတနင်္သာရီတိုင်းတွင် ထားဝယ်ပျူနှင့် တနင်္သာရီပျူဟူ၍ နှစ်ခုရှိကြောင်း သိရှိရပေသည်။

ပျူခေတ်တွင် ပျူမျိုးနှစ်စု ၂၉၈စုရှိခဲ့သည်။ ပျူပြည်ထောင်စု၁၂ပြည်ထောင်စုရှိသည်ဟူ၍လည်းကောင်း ပျူတပ်မြို့(၉)မြို့ ပျူမျိုးနွယ်စုဒေသဆိုင်ရာ ၃၂ ဒေသရှိကြောင်းကို မြန်မာပုရပိုက်၊ ရှေးဟောင်းစာပေများနှင့် ဒေါက်တာသန်းထွန်း၏ ပျူအကြောင်းစာပေများတွင် တွေ့ရှိရပါသည်။ ထားဝယ်ဒေသရှိ သာဂရနှင့် မြို့ဟောင်းများတွင် ပျူခေတ်ပြိုင် ပုတီးစေ့များ၊အရိုးအိုးခလေ့များ၊ လက်ရေးစင်းအုတ်များဒင်္ဂါးများတွင် ဗိန္ဒုထိုးသောခလေ့များ စသည်တို့သည် ပျူလူမျိုးနှင့် ထားဝယ်လူမျိုးတို့၏ တူညီသော ယဉ်ကျေးမှုဖြစ်ပေသည်။ ယဉ်ကျေးမှုဟူသည် အနေနီးလျှင် တူညီသောယဉ်ကျေးမှုများပိုများပြီး အနေဝေးလျှင်တော့ တူညီသောယဉ်ကျေးမှုများ နည်းပါးလိမ့်မည်။



*လူမျိုး (၁၀၁) ပါး ပေစာစာရင်းပါ ဝေယ်(ခ)ထားဝယ်လူမျိုး (ဓာတ်ပုံ-နိုင်စိုး)*

ပုဂံခေတ်တွင်မူ ဇမ္ဗူဒီပါတွင် လူမျိုးတစ်ရာ့တစ်ပါး စာရင်းပေါ်ပေါက်လာခဲ့ပေပြီ၊ ယင်းလူမျိုးတစ်ရာ့တစ်ပါး စာရင်း၏မူနှစ်ခုလုံးတွင် နံပါတ်(၁၁)တွင်ထားဝယ်လူမျိုး ကို တွေ့ရပြီး ထားဝယ်နှင့်သမိုင်းတူ တနင်္သာရီကိုမူ နံပါတ် ၁၃နှင့်၁၈တွင်တွေ့ရပါသည် ရခိုင်ကိုမူ နံပါတ် ၁၀နှင့်၁၂တွင် တွေ့ရပါသည်။ ပုဂံခေတ်နန်းစဉ်စာရင်းချုပ်ကြီးဇယား တွင် ထားဝယ်သည်(၂)သိန်း ပြူမြို့ဖြစ်ပြီး သမိုင်းတူ တနင်္သာရီသည်(၄ )သိန်းပြူမြို့ဖြစ်ကာ ရခိုင်သည် မာန် အောင်အမည်ဖြစ် (၂)သိန်းပြူမြို့ဖြစ်ရသည်ကို လေ့လာ တွေ့ရှိရပါသည်

အင်းဝခေတ်တွင်မူ မြန်မာစာပေအထွတ်ထိပ်သို့ ထွန်းကားလာခြင်းနှင့်အတူ မြန်မာစာပေတွင် ပေလေးပင် ရှင်လေးပါး အပါအဝင် ရှင်အုန်းညိုမှ လူမျိုး ၁၀၁ စာရင်း ပြုစုရာတွင် ပျူသုံးစုပါဝင်သော ထားဝယ်၊ တနင်္သာရီ၊ ရခိုင် တို့သည်မြန်မာ၇မျိုးတွင် ထည့်ဝင်ရေတွက်ပြီး တနင်္သာရီလူမျိုးကိုမူ ရှမ်းအမျိုး၃၀တွင် ရေတွက်ဖွဲ့ဆို ထားပါသည်။ မည်သို့ပင်ဆိုစေကာမူ ထားဝယ်လူမျိုး တို့သည် သမိုင်းစဉ်မပျက် အစဉ်အဆက် မှတ်တမ်းပါဝင် နေခဲ့ပါသည်။

တောင်ငူခေတ်တွင် ရှင်မြတ်ခေါင်၏ သခင်ကြီး ချောင်းတွင် ဧကရာဇ်ဒီပ စိုးပိုင်ကြသည့် မျိုးရာတစ်ပါး သခင်ကြားလေ့ ဝစ္စာလင်းဇင်း တနင်္သာရီဇဂျီဇဝါ ဒါဒါ တစ်နွယ် ထာဝယ် မြိုသက် ဟူ၍(၁၀၁)ပါးတို့ဖွဲ့ဆိုရေးသား ရာတွင် ထားဝယ်လူမျိုးတို့သည်လည်း ပါဝင်မြဲပါဝင် နေသည်။ ထားဝယ်လူမျိုးတို့၏မဟုတ်မခံသော စိတ်တို့ ကြောင့် လူမျိုးရေး မေးမှိန်ပျောက်သွားခြင်း မရှိဘဲ ထင် ထင်ရှားရှားရှိနေပေသည်။ ဘုရင့်နောင်မင်းတရားကြီး လက်ထက်တွင် ဟံသာဝတီပြည်တော်ကြီးကို တည်ထောင် ရာတွင် ထားဝယ်ထီးဖြူဆောင်းမင်းသည် ယိုးဒယား၊ လင်းဇင်း၊တနင်္သာရီထီးဖြူဆောင်းမင်းတို့နည်းအတူ ဟံ သာဝတီပြည်တော်ကြီးတွင် တံခါးတစ်ခုတည်ဆောက် ပေးရသည်။ ထားဝယ်တံခါးကို သက္ကရာဇ် ၉၂၈ နတ်တော်လ ၅ ရက်နေ့တွင် ဟံသာဝတီမြို့၏တောင်မျက်နှာ အနောက် စွန်းတွင်တည်ထောင်ပေးရသည်။

ညောင်ရမ်းခေတ် ၁၆၄၁ ခုနှစ်၊ ဧပြီလ၊ ၂၉ ရက်နေ့ တွင် သာလွန်မင်း၏ အမိန့်တော်ပြန်တမ်းသည် အင်းဝ မြို့မီးနှစ်ကြိမ်လောင်သည်နှင့် ဆက်စပ်နေသည်။ ယင်း မီးလောင်မှုကြောင့် ရဟန်းတော်များကို ရုံးသို့ပင့်၍စစ်ကြော လေသည်။ ယင်းကိစ္စကြောင့် စာသင်သားရဟန်းတော် များက စစ်ကိုင်းသို့ပြောင်းချီမည်ဟု အခြေအနေဖြစ် ပေါ်လာသည်။ ထို့ကြောင့် သာလွန်မင်းက ရဟန်းတော် များကို ရုံးသို့ခေါ်၍ မစစ်ကြောရန် အမိန့်တော်ထုတ်ပြန် ရလေသည်။ ယင်းအထိကရုဏ်းကို အဆင်ပြေအောင် ဖြေရှင်းကြရလေသည်။ ယင်းအမိန့်တော်ကြောင့် ယင်း

ခေတ်ကရှိသော လူမျိုးများကိုလည်း သိရှိရပေသည်။

**ရှမ်း၊ ယွန်း၊ ယိုးဒယား၊ ဒဝယ်၊ တနင်္သာရီလူမျိုးတို့ ရဟန်းပြုရာ ရဟန်းသာမဏေတို့ကို စစ်တော်မူအားရှိလျှင် ကျောင်းသို့ဝင်စေ၍ သံဃာတော်ကြီးအရှေ့မေးမြန်းတော်မူ နုတ်ထွက်တိုင်းမှန်စေ၊ လွှတ်ရုံးကခေါ်၍ ရဟန်းသံဃာတို့ကို မစစ်ကြောသင့်၊ တနိုင်ငံကကြားသော်လည်း မြန်မာနိုင်ငံ၌ ရဟန်းသံဃာကိုမျှမယုံရ၊ ဘုရားသခင် သာသနာကွယ်ပြီဟူသော အယူသဘောရောက်ရာသည် ထိုသို့ရောက်သမျှသည် ရေမြေရှင်သည် ပကတူပပြုရသည်။ သူ့အနေဖြင့် အကျော်အဇော ကောလဟာလ မဖြစ်သင့်သည်။ ကျောင်းများနှင့်စေတီရုပ်ထု ရေးတည်ထားသမျှကို နဂိုက ယာယီမဖြစ်စေသင့်သည်ကို အမြဲမှတ်တော်မူမည်ဖြစ်သောကြောင့် ရဟန်းတို့ကို လွှတ်ရုံးက ခေါ်၍ မစစ်စေနှင့်၊ ကျောင်းမှာသာ မေးမြန်းစေ၊ ဝန်တို့ကစီရင်** ဟူ၍ အမိန့်တော် ထုတ်ပြန်စေသည်။

ယင်းအခြေအနေကိုကြည့်ခြင်းအားဖြင့် ထားဝယ်လူမျိုးတို့သည်လည်းကောင်း လင်ဇင်း၊ တနင်္သာရီ၊ ရှမ်း၊ ယိုးဒယား လူမျိုးတို့သည်လည်း ငြင်းမရသောသမိုင်းပင် ဖြစ်ပါသည်။ ထားဝယ်လူမျိုး သံဃာတော်အများစုသည် ယနေ့ထက်တိုင် ပရိယတ္တိဖက်တွင် ထူးချွန်ထင်ရှား ကြလေသည်။ ထားဝယ်လူမျိုးတို့သည် ကုန်းဘောင်ခေတ်တွင်လည်း ဦးကံသာအမှတ်အသားပြု လူမျိုးတစ်ရာ့တစ်ပါးတွင်အမှတ်စဉ်၁၂တွင် ပါဝင်နေပေသည်။ ထို့ပြင် ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားမှအယုဒ္ဓယ မြို့သိမ်းတိုက်ပွဲအပြီးတွင် ၁၂၉ တပ်တို့ ရိုးရာအကများတွင်မြန်မာ့အတီးအက၊တလိုင်း(မွန်)အတီးအက၊ ထားဝယ်အတီးအက၊ တနင်္သာရီ အတီးအက၊ ရှမ်းအတီးအက၊ ယွန်းအတီး အက၊ ယိုးဒယားအတီးအကများဖြင့် ဖျော်ဖြေသည်ဟု တွေ့ရှိရရာ ထားဝယ် အတီးအကသည် ထင်ရှားပါဝင်သော ရိုးရာ အတီးအကတစ်ခုအဖြစ် ပါဝင်ကြောင်းသိရှိရပါသည်။

ထားဝယ်လူမျိုးတို့၏ ထားဝယ်ဟူသောရေးထုံး အရေးအသားကို သက္ကရာဇ် ၅၅၈ ခု နရပတိစည်သူမင်းလက်ထက်တွင် **ထဝယ်** ဟု တွေ့ရပါသည်။ အေဒီ ၁၀၀၀ မှ ၁၃၀၀ အထိ မြန်မာပြည်အုပ်ချုပ်မှုမှတ်တမ်းတွင် **ထဝဲ** ဟု သမိုင်းပါမောက္ခဒေါက်တာသန်းထွန်းက မှတ်တမ်းပြုထားပါသည်။ အလောင်းမင်းတရားဦးအောင်ဇေယျ၏ ၁၁၁၂ ခု ပြာသိုလပြည့်ကျော် (၂)ရက်နေထုတ် အမိန့်တော်တွင် **တဝယ်** ဟုရေးထုံးကို တွေ့ရပါသည်။ ပုဂံဝန်ထောက်မင်း ဦးမောင်မောင်တင်၏ ရှေးနန်းသုံးဝေါဟာ ရ အဘိဓာန်တွင် **ဒဝယ်** ဟုတွေ့ရပါသည်။ ရှေးအိုင်ချင်း တစ်ပုဒ်တွင် **ဓဝယ်** ဟုတွေ့ရပြန်လေသည်။ လွန်ခဲ့သော အနှစ်ငါးရာကျော်လောက်က မြိတ်မြို့ရှိဆေးရုံဝင်း အုပ်ပတ်တိုက်တွင် **ဓါးဝယ်**ဟုလည်း တွေ့ရပါသည်။

ခေတ်အဆင့်ဆင့်တွင် ထားဝယ်လူမျိုးတို့၏ အထောက်အထားများ၊ ထားဝယ်လူမျိုးများနှင့် အတူပူးတွဲ အနီးကပ်နေထိုင်သော သမိုင်းကြောင်းတူ လူမျိုးများ၊ ထားဝယ် ရေးထုံးရေးနည်းများ၊ သမိုင်းဖြစ်ရပ်များနှင့် အတူမှတ်တမ်းမှတ်ရာများသည် ထားဝယ်လူမျိုးများ၏ သမိုင်းကြောင်းခိုင်မာမှုကို ပြဆိုနေပါသည်။ ထားဝယ်လူမျိုးများသည်သမိုင်းကြောင်း တစ်လျှောက်တွင် အခြေခိုင်ခဲ့ရာတွင် သာမက ယခုမြန်မာတိုင်းရင်းသား ၁၃၅မျိုးတွင်လည်း ဗမာကိုးမျိုးတွင် ပါဝင်နေသည်ကိုတွေ့ရသည်။ ထားဝယ်စာပေများသည်လည်း ဆက်လက်လုပ်ဆောင်ရပေမည်။ အသစ်ထပ်မံတွေ့ရှိရသော သုတေသနပြုချက်များကိုလည်း ထပ်မံထည့်သွင်းဖော်ပြရပေမည်ဖြစ်သည်။

**မောင်စိုးမင်း(တနင်္သာရီ)**

**ကျမ်းကိုးစာရင်း**

**၁။ မောင်သန်းဆွေ– ထားဝယ်ဥဒါန်း ၊ ကံ့ကော် ဝတ်ရည်စာပေ၊ ရန်ကုန်၊ ၂၀၁၄**

**၂။ နဂါးဗိုလ်ထိပ်တင်ထွေး – ရတနာသီခ ကုန်းဘောင် မဟာရာဇဝင်အကျဉ်း ၊ တတိယအကြိမ်၊ ရာပြည့် စာအုပ်တိုက်၊ ၂၀၁၃။**

**၃။ မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းနှင့် ဘိုးတော်ဘုရား ကြီး၏ ရာဇသတ်ခေါ် အမိန့်တော်တမ်းကြီး(၅ တွဲ ပေါင်းချုပ်)၊ စိတ်ကူးချိုချို၊ တတိယအကြိမ်၊ ၂၀၁၂။**

**၄။ တက္ကသိုလ်သန်းစိုးဝင်း – တနင်္သာရီတိုင်း၊ မြိတ်မြို့၊ ပေါ်တော်မူစေတီတော်မြတ်ကြီးသမိုင်း ၊ Quality Publishing House ၊ ရန်ကုန်၊ ၂၀၁၉။**

**၅။ တက္ကသိုလ်သန်းစိုးဝင်း – ရှေးဟောင်း ပေ၊ ပုရပိုက် နံ့ရံဆေးရေးပန်းချီများကပြောသော တနင်္သာရီ (မြိတ်)လူမျိုး စာတန်း**

# အမိန့်တော်ထဲမှ သာယာဝတီမြို့ (ထားဝယ်) မြို့ဝန်များ

**နိုင်စိုး**



ယခုထားဝယ်မြို့တွင် ကုန်းဘောင်ခေါတ်ဦးပိုင်း ၁၇၅၄ခုနှစ် (ကောဇာသက္ကရာဇ် ၁၁၁၆ ခု၊ တပေါင်းလဆန်း ၁၃ရက်) အချိန်ကာလတွင် တတိယ သာဂရ (ဇလွန်) မင်းဆက်မှ နောက်ဆုံးမင်း ဖြစ်သော မင်းနဲလှ မှ “သာယာဝတီမြို့”အမည်ဖြင့် တည်ထောင်ခဲ့ပါသည်။

ထိုမင်းသည် သာယာဝတီမြို့( ယခု-ထားဝယ်မြို့)၌ ၄နှစ်တာ အုပ်စိုးပြီးနောက် ၁၇၅၉ခုနှစ် (ကောဇာသက္ကရာဇ် ၁၁၂၁ခု၊ နတ်တော်လပြည့်ကျော် ၅ရက်နေ့တွင် အလောင်းမင်းတရားကြီး၏ ယိုးဒယားချီ စစ်တံခွန်တပ်မှ ကွက်မျက်ခြင်း ခံခဲ့ရသည်။ ယင်းနောက် ရေဝန် ဒေဝဒိဗ္ဗမှ မြို့ဝန်အဖြစ် ဆက်လက်အုပ်စိုးရာ မင်းနဲလှလက်ထက်မှ ရွှေတောင်အရပ်ကို စားသောမင်းရှင်ဇော်မှ တပ်မှူး မောင်နဲအောင်နှင့် ပူးပေါင်းပြီး ရေဝန်ဒေဝဒိဗ္ဗကို လုပ်ကြံကာ ရွှေတောင်စားမင်းအမည်ဖြင့် သီးခြားမင်းပြုလေသည်။

ဆင်ဖြူရှင်မင်းတရား လက်ထက်တွင် ယိုးဒယားကို စစ်ချီရန် ဗိုလ်မှူး မဟာနော်ရထာ ဦးဆောင်၍ ထားဝယ်သို့ ရောက်ရှိပြီး မင်းရှင်ဇော် ( ရွှေတောင်စားမင်း) မှ တိမ်းရှောင်ကာ ယိုးဒယားသို့ ခိုဝင်သွားခဲ့ကြောင်း သိရှိရပါသည်။ ယင်းနောက် သာယာဝတီမြို့ (ယခု-ထားဝယ်မြို့) သည် ကုန်းဘောင်ဆက် မြန်မာမင်း၏ အဝေးရောက်အုပ်ချုပ်ရသော မြို့ပြဖြစ်လာခဲ့ပါသည်။ ထားဝယ်မင်းဆက် ၂ဆက် ( မင်းနဲလှနှင့် ရွှေတောင်းစားမင်း)မှ စိုးစံခဲ့သော သာယာဝတီမြို့သည် မြန်မာအဝေးရောက်မြို့ဝန်များဖြင့် ၁၈၂၄ခုနှစ် အထိ အုပ်စိုးခြင်းခံရလေသည်။ ယင်းနောက် ထားဝယ်သည် ဗြိတိသျှလက်အောက် သို့ ကျရောက်ခဲ့သည်။

## မြန်မာ့အဝေးရောက် ထားဝယ်မြို့ဝန်များ

မြန်မာ့မင်းတို့၏ အမိန့်တော်ပြန်တမ်းများအရ ထားဝယ်မြို့၌ အုပ်ချုပ်သူ မြို့ဝန်၊ စစ်ကဲ၊ ရေဝန်၊ အခွန်ဝန်၊ နားခံ ၊မြို့စာရေးတို့၏ မှတ်တမ်းများကို လေ့လာသိရှိခဲ့ရပါသည်။ ကုန်းဘောင်ခေတ် မြန်မာ့မင်း အမိန့်တော်များတွင် ထားဝယ်မြို့၌ မြို့ဝန်အဖြစ် တာဝန်ယူရသူများ၏ အမိန့်တော်များကို ကောက်နုတ်၍ တင်ပြရသော် ဗဒုံမင်းလက်ထက် (၁၇၈၂-၁၈၁၉)တွင် ထားဝယ်မြို့ဝန် ပုံချီသူရ ဖြစ်ကြောင်း စတင်သိရှိရပါသည်။ ယင်းနောက် ၂၊ အောက်တိုဘာ၊ ၁၇၈၇ ခုနှစ်တွင် ထားဝယ်မြို့ဝန် ပုံချီသူရ အစား မဟာသီရိသီဟသူ ကို ထားဝယ်မြို့၊ မြိတ်မြို့၊ တနင်္သာမြို့ သုံးမြို့ကို အုပ်ချုပ်စီမံစေခဲ့ကြောင်း မြန်မာ့မင်း အမိန့်တော်ပြန်တမ်း၊ အတွဲ၄၊ (စာ-၆၁၃) တွင် **၂ အောက်တိုဘာ ၁၇၈၇ ဓဝယ်မြို့ ဝန် ပုံချီသူရကို ဓဝယ်မြို့ဝန် အရာနှင့် မစီရင်စေနှင့်၊ မဟာသီရိသီဟသူက တဝတည်း ဓဝယ်မြို့ မြိတ်မြို့ တနင်္သာရီမြို့များကို စီရင်စေ၊** ဟူ၍ ဖော်ပြထားပါသည်။ ယင်းသို့ မြို့ဝန်အပြောင်းအလဲ အမိန့်တော်တွင် မဟာသီရိသီဟသူသည် ထားဝယ်၊ မြိတ်၊ တနင်္သာရီမြို့သုံးမြို့အားကိုင်တွယ်စီရင်စေပါသည်။ အမိန့်တော်အရ ဤ မဟာသီရိသီဟသူမြို့ဝန်သည် အသစ်ခန့်မြို့ဝန် ဖြစ်နိုင်ချေရှိပြီး ထားဝယ်မြို့ဝန် ပုံချီသူရ၊ မြိတ်မြို့ဝန် သိဃ်နော်ရထာ ၊ တနင်္သာရီမြို့ဝန် တို့၏ နေရာတွင် အစားထိုးခန့်အပ်ခြင်း ဖြစ်ကြောင်း ယူဆမိပါသည်။

အကြောင်းသော်ကား ယခင်မြို့ဝန် ပြောင်းလဲပြီးနောက် ရက်ပေါင်း ၂၆ရက်အကြာ **၂၈ အောက်တိုဘာ ၁၇၈၇ခုနှစ်တွင် မြိတ်မြို့ဝန် သိဃ်နော်ရထာ မှ အဆောင်အရွက်များ ရယူကြောင်း၊ ထားဝယ်၊ မြိတ်၊ တနင်္သာရီမြို့ဝန် မဟာသိရိသီဟသူ မှ အတားအဆီးမရှိ ခွင့်ပြုရန်** အောက်ပါအတိုင်း ဖော်ပြထားပါသည်။ **၂၈ အောက်တိုဘာ ၁၇၈၇ မြိတ်မြို့ဝန် သိဃ်နော်ရထာ အဆောင်အရွက် အစီးအနင်း ထား လှံ သေနတ် ကျေးကျွန် စာရေး လုလင် ဥစ္စာရပ်များကို သားရွှေတောင်ပုံ့သွား၍ မြိတ်မြို့မှာ ယူစေ၊ ဒဝယ် မဟာသိရိ သီဟသူ မြိတ် တနင်သာရီမြို့မှာ အစောင့်အနေခန့်ထားသူတို့က မဆီးမတားစေနှင့်။** ဖော်ပြထားပါသည်။ ယင်းကြောင်း မဟာသီရိသီဟသူသည် ၁၇၈၇ခုနှစ်တွင် ယခင် ထားဝယ်မြို့ဝန် သိရိပုံချီအစား ထားဝယ်၊ မြိတ်၊ တနင်္သာရီ ၃ မြို့ဝန် ဖြစ်လာပါသည်။

၁၇၈၈ခုနှစ်တွင် မြို့ဝန် အပြောင်းအလဲ ထပ်မံဖြစ်ခဲ့သည်။ မဟာသီရိသီဟသူ (၂ အောက်တိုဘာ ၁၇၈၇- ၂၁ မတ် ၁၇၈၈) အစား ထားဝယ်၊ မြိတ် မြို့ဝန်အဖြစ် နေမျိုးဂုန္နကျော်သူ ဖြစ်လာခဲ့ကြောင်း (စာ-၄၁၀) တွင် **၂၁ မတ် ၁၇၈၈ ဒဝယ်မြို့၊ မြိတ်မြို့၊ နေမျိုးဂုန္န**

**ကျော်သူကို မြို့ဝန်ခန့်၍ လက်နက်ကိုင်လူ ၄၀၀၀ နှင့် စောင့်နေစေ၊ မဟာသီရိသီဟသူမှာ ရွှေဘဝါးတော်အောက်လာစေ။** ဟူ၍ အမိန့်တော်ပြန်ထား ပါသည်။ ထို့အပြင် အမိန့်တော်များတွင် လက်နက်ကိုင်လူ ၄၀၀၀ နှင့် အစောင့်ချထားရာ ဗဒုံမင်းလက်ထက်တွင် နယ်စပ်လုံခြုံရေးကို အထူးဦးစားပေးဟန်ရှိပြီး ထိုင်းနိုင်ငံနှင့်လည်း နယ်မြေလုနေဟန် ရှိပါသည်။

ယင်းနောက်ပိုင်း ထားဝယ်မြို့ဝန်တို့၏အမိန့်တော်များ မတွေ့ရတော့ဘဲ **၁၅ မတ် ၁၈၀၇ ခုနှစ်တွင် ထားဝယ်မြို့၏မြို့ဝန်၊အခွန်ဝန်၊စစ်ကဲ၊နားခံ၊မြို့စာရေး တို့၏ တာဝန်ထမ်းဆောင်ရန် အမိန့်တော်ကို သိရှိရပါသည်။ အမိန့်တော်မှာ ၁၅ မတ် ၁၈၀၇ ဒဝယ်မြို့မှာ ရာဇသင်္ကြန်ကို မြို့ဝန်ခန့်၊ အခွန်ဝန် စစ်ကဲ နားခံ မြို့စာရေးတို့မှာ ရုံထ ဆက်သွင်းချက် အတိုင်း ဇေယတုရင်ကျော်ကို အခွန်ဝန် ၊ဘယကျော်သူ ငမြတ်လေးတို့ကို စစ်ကဲ၊ ဇေတုကမန် ဗလဥဒိန်တို့ကို နားခံ ၊ငကုန် ဗလဒိပ္ပတို့ကို မြို့စာရေးခန့်။** ဟူ၍ မြန်မာ့မင်း အမိန့်တော်ပြန်တမ်း ၊အတွဲ ၆ တွင် ပြဆိုထားပါသည်။

၁၈၀၇ ခုနှစ်တွင် ရာဇသင်္ကြန်မှာ မြို့ဝန်ဖြစ်လာပြီး အခွန်ဝန်မှာ ဇေယတုရင်ကျော်ကို စတင် ခန့်ထားကြောင်း သိရှိရပါသည်။ စစ်ကဲ နှစ်ဦး အဖြစ် ဘယကျော်သူနှင့် ငမြတ်လေးတို့ကို ခန့်အပ်ပါသည်။ နားခံများဖြင့် ဇေတုကမန်နှင့် ဗလဥဒိန်တို့ကို လည်းကောင်း ငကုန် နှင့် ဗလဒိပ္ပတို့ကို မြို့စာရေး စသည်ဖြင့် မြန်မာမင်းအုပ်ချုပ်ပုံ၏ အုပ်ချုပ်ရေးအဖွဲ့ ပုံစံဖြင့် အသီးသီး ခန့်အပ်ထားပါသည်။ ထို့အပြင် ထားဝယ်စစ်ကဲ နှစ်ဦးမှ ငမြတ်လေးသည် ဗဒုံမင်း(၁၇၈၂-၁၈၁၉)၊လက်ထက်တွင် ထားဝယ်မြို့၏ စစ်ကဲအဖြစ် တာဝန်ထမ်းဆောင်နေပြီး ဘကြီးတော်ဘုရား(ခ)စစ်ကိုင်းမင်း (၁၈၁၉-၁၈၃၇) လက်ထက်တွင် မြိတ်မြို့ဝန် မောင်မြတ်လေး ဖြစ်လာခဲ့ဟန်ရှိသည်။

ထားဝယ်မြို့ရှိ အခွန်ဝန်များနှင့် ပတ်သက်၍ တွေ့ရသည်မှာ ဘိုးတော်ဘုရား လက်ထက်တွင် အခွန်ဝန် ရဲလုရဲခေါင်ကျော်ဖြစ်ပြီး ၁၈၀၇ မတ်လ ၁၅ရက်နေ့ တွင် အခွန်ဝန်ဇေယတုရင်ကျော် ကို ပြောင်းလဲ ခန့်ထားကြောင်း သိရှိရပါသည်။ ၁၈၀၈ခုနှစ် အမိန့်တော်တွင် မင်းသဒ္ဒါ၏ ငှက်သိုက် အကောက်အခွန် အကြောင်းနှင့် စစ်ကဲအဖြစ် မင်းသဒ္ဒါအဖေ ငအောင်တို့အား အောက်ပါအတိုင်း သိရှိရပါသည်။

**၂၃၊ စက်တင်ဘာလ ၁၈၀၈ “မင်းသဒ္ဒါက ထားဝယ်မြို့နယ် ၄ရပ်၊ ၈ ရပ် အတွင်းရှိသည့် ငှက်သိုက်တောင် အကောက်အခွန်ကို သနားတော်မြတ်ခံ၍ အဖ ထားဝယ်စစ်ကဲ ငအောင်က တဝတည်း ကောက်ခံပြီးလျှင် နှစ်စဉ် ဆက်သမြဲ လက်ဆောင်တော် မပျက် ဆက်သရမည့် အကြောင်းနှင့် လျှောက်လာသည်။ ထားဝယ်မြို့နယ်တွင် ငှက်သိုက်တောင်များက နှစ်စဉ် ဆက်သမြဲ ငှက်သိုက် အကောက်ခွန်ကို မင်းသဒ္ဒါအဖ ထားဝယ်စစ်ကဲ ငအောင်က အအုပ်အထိန်း နည်းတဝတည်း ကောက်ခံစေပြီးလျှင် နှစ်စဉ်ဆက်သွင်းမြဲ အကောက်အခွန်တော်ကို ဆက်သွင်းစေရမည်။”**

ထို့အပြင် ၁၃ စက်တင်ဘာလ၊ ၁၈၁၉ အမိန့်တော်ပြန်တမ်းရှိ ထားဝယ်မြို့ဝန်တစ်ဦးနှင့် ပတ်သက်၍ (စာ-၃၅၂) **ဒဝယ်မြို့ပေါ်က ရွှေစက်တော်စုံကို ဦးခိုက်ဆန်တက်လာပါရမည့်အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း မြို့ရွာတွင် ရာဇဝတ်တော်ရေး လုံခြုံအောင် အရာရှိအမှုထမ်းတို့ကို ခန့်ထားစောင့်နေရစ်စေ၍ မြို့ဝန်ကိုယ် ရွှေဘဝါးတော်အောက်လာစေ။** ဟူ၍ အမိန့်တော်သိရှိရာ ၁၈၁၉ ခုနှစ် ထားဝယ်မြို့ဝန် မည်သူဖြစ်ကြောင်း တတ်အပ်မသိရှိရပေမယ့် ဇယားနှစ်ခုအရ ရွှေတောင်နန္ဒသူနှင့် ဆက်နွှယ်နေပါသည်။

စစ်ကိုင်းမင်း (၁၈၁၉-၁၈၃၇)လက်ထက်တွင် ထားဝယ်မြို့ဝန်မှာ မင်းကြီးမင်းကျော်စည်သူ ဘွဲ့ရဦးရွှေတုတ် ဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ **၅ စက်တင်ဘာ ၁၈၂၄ ခုနှစ် သမုဒ္ဒရာ ပင်လယ်ခြားသော ယွန်းကြီးပြည်ကို အစိုးရသော ယွန်းကြီးမင်းက ဘုန်းတော်တန်ခိုးတော်ကို ကြားသိသောကြောင့် ရာဇသံ ရှိခိုးလက်ဆောင်တော်များနှင့် ရွှေစက်တော် အောက်သံ**

**စေလွှတ်၍ထားဝယ်မြို့သို့ရောက်ကြောင်းကို ထားဝယ်မြို့ဝန် မင်းကြီးမင်းကျော်စည်သူက ရှိခိုး သံတော်ဦးတင်စေလွှတ် လာရောက်သည်မှာ မိုးရေကြီးသည်အတွင်း အခါဖြစ်သည်၊ လာရောက်သည့် ယွန်းကြီးမင်း သံတို့ကို ထားဝယ်မြို့တွင် ရပ်နေစေ၍ ထားဝယ်မြို့ဝန်ကကောင်းမွန်အောင် တဲအိမ်နေရာ အစားအသောက်ပေးကမ်း ကျွေးမွေးစေ၊ယွန်းကြီးပြည်သို့ ဘက်ခန့်စေလွှတ်ရသူ ပုသိန်အကောက်ဝန်ဟောင်း နေမျိုးသီရိရာဇဂုဏ္ဏရိတ်နှင့် သင့်ရာအဆောင်မြဲ ၁ ကို ထားဝယ်မြို့ဝန်သို့ မှာထား၍ ခြေဘဝါးတော် မြတ်အောက်အလျှင်ရောက်အောင်လာစေ။** ဟူ၍ အမိန့်တော်တွေ့ရှိရာ ၅ စက်တင်ဘာ ၁၈၂၄ ခုနှစ် တွင် ပုသိန်အကောက်ဝန်ဟောင်းဖြစ်သူ နေမျိုးသီရိရာဇဂုဏ္ဏရိတ်သည် ယွန်းကြီးပြည် သို့သံဘက်ခန့် စေလွှတ်ရာ ထားဝယ်မြို့ဝန် မင်းကြီးမင်းကျော်စည်သူထံ၌ ယွန်းမင်းကြီး၏ အောက်သံများနှင့်အတူ ခေတ္တနားခဲ့ပြီးမှ အမရပူရသို့ သွားခဲ့ကြောင်း သိရှိရသည်။ ၂၂ နိုဝင်ဘာတွင် အမိန့်တော်ထပ်မံထုတ်ရာ ပုသိန်အကောက်ဝန်ဟောင်းမှာ ယွန်းပြည်မှ သံများနှင့်အတူ ထားဝယ်တွင်ရှိနေဟန်တူသည်။ ထို့အပြင် ထားဝယ်မြို့ဝန် မောင်ရွှေတုတ် သည် ၈ မတ် ၁၈၂၆ ခုနှစ်တွင် မင်းကြီးမင်းကျော်စည်သူ ဘွဲ့အမည်ဖြင့် ဗောင်းကတ္တီပါနီ ရွှေသားသနားတော်ခံခဲ့ရကြောင်း မြန်မာ့မင်း အမိန့်တော်ပြန်တမ်း အတွဲ၈၊ ၁၈၁၉–၁၈၅၃ခုနှစ် အမိန့်ပြန်တမ်းများတွင် ဖော်ပြထားပါသည်။

ဤသို့ဖြင့် အထက်ပါ မြန်မာမင်း အမိန့်တော်များအရ ဗဒုံမင်း လက်ထက်တွင် ထားဝယ်မြို့ဝန်များအဖြစ်

၁။ ပုံချီသူရ ၊ ထားဝယ်မြို့ဝန် ၊ (ခရစ်နှစ် ၁၇၈၇ ခုနှစ်)

၂။ မဟာသီရိသီဟသူ၊ ထားဝယ်မြို့၊ မြိတ်မြို့၊ တနင်္သာရီမြို့သုံးမြို့ဝန်၊ (ခရစ်နှစ် ၁၇၈၇ခုနှစ်)

၃။ နေမျိုးဂုန္နကျော်သူ ၊ ထားဝယ်၊ မြိတ် မြို့ဝန် ၊ (ခရစ်နှစ် ၁၇၈၈ခုနစ်)

၄။ ရာဇသင်္ကြန်၊ထားဝယ်မြို့ဝန် ( ခရစ်နှစ် ၁၈ဝ၇ခုနှစ်)

၅။ ဒဂယ်မြို့ဂန် (ခရစ်နှစ်  ၁၈၁၉ ခု နှစ်)

တို့နှင့် စစ်ကိုင်းမင်း လက်ထက်တွင်

၆။ မင်းကြီးမင်းကျော်စည်သူဘွဲ့ရ ဦးရွှေတုတ်၊ ထားဝယ်မြို့ဝန် (ခရစ်နှစ် ၁၈၂၄) (နောက်ဆက်တွဲ- ဇယား ၁ ရှု) တို့ကို ထားဝယ်မြို့ဝန်အဖြစ် အုပ်ချုပ်စေခဲ့ပါသည်။

**မှတ်တမ်းမှတ်ရာများမှ ထားဝယ်မြို့ဝန် မင်းဆက်ဇယား**

သာယာဝတီမြို့ (ထားဝယ်) ၌ အုပ်စိုးသည့် မင်းဆက်ဇယားများကို ထားဝယ်ရေးရာ သမိုင်း မှတ်တမ်းများတွင် သက္ကရာဇ်စဉ်၍ ကုန်းဘောင်ခေတ် အလောင်းမင်းတရားလက်ထက်မှစ၍ စစ်ကိုင်းမင်း လက်ထက်အထိ မြို့ဝန် (၂၂)ဆက်ဖြင့် တင်ပြထားကြသည်ကိုတွေ့ရှိရပါသည်။ ၎င်းစာရင်းမှ အမိန့်တော်များတွင် ပါဝင်သူများနှင့်အတူ တိုက်ဆိုင်နှိုင်းယှဉ်လေ့လာနိုင်ရန် ဆရာရွှေဝယ်၏ မြို့တော်ဟောင်းမှ အောက်မေ့ဖွယ်ရာများ ဆောင်းပါးမှလည်းကောင်း၊ ဆရာမောင်သန်းဆွေ (ထားဝယ်)၏ထားဝယ်ဥဒါန်း(၂ဂ၁၄) မှလည်းကောင်း ထားဝယ်တွင် အုပ်စိုးသည့်သူများ စာရင်းကို ပြန်လည်ကူးယူတင်ပြပါမည်။

**သာယာဝတီ(ထားဝယ်မြို့)၌ အုပ်စိုးကြသည့် မင်းဆက်ဇယား ( ရွှေဝယ်ဧ)**

| အမှတ်စဉ် | မင်းအမည် | အုပ်စိုးသည့်နှစ်အစ | စည်းစိမ် |
|---|---|---|---|
| ၁။ | ဦးနဲလှ | ၁၁၁၆ခုနှစ် | ၅နှစ် |
| ၂။ | ရေဝန်ဒိဗ္ဗ | ၁၁၂၁ခုနှစ် | ၁နှစ် |
| ၃။ | မင်းရှင်ဇော် | ၁၁၂၂ခုနှစ် | ၆နှစ် |
| ၄။ | မဟာနော်ရထာ | ၁၁၂၈ခုနှစ် | ၁နှစ် |
| ၅။ | ရာဇသူရကျော် | ၁၁၂၉ခုနှစ် | ၁နှစ် |
| ၆။ | နေမျိုးဇေယျသူ | ၁၁၃ဂခုနှစ် | ၈နှစ် |
| ၇။ | နေမျိုးလကျ်ာဇေယျ | ၁၁၃၈ခုနှစ် | ၆နှစ် |

| | | | |
|---|---|---|---|
| ၈။ | မက္ခရာဗိုလ် | ၁၁၄၄ခုနှစ် | ၃နှစ် |
| ၉။ | ပုံချီသူရ | ၁၁၄၇ခုနှစ် | ၁နှစ် |
| ၁၀။ | ဦးမြတ်ဖြူ | ၁၁၄၈ခုနှစ် | ၁နှစ် |
| ၁၁။ | ကုလားဝန် | ၁၁၄၉ခုနှစ် | ၁နှစ် |
| ၁၂။ | ပုံချီသူရ | ၁၁၅၀ခုနှစ် | ၁နှစ် |
| ၁၃။ | ဦးမြတ်ဖြူ | ၁၁၅၁ခုနှစ် | ၃နှစ် |
| ၁၄။ | နတ်မီးလင်း | ၁၁၅၄ခုနှစ် | ၆နှစ် |
| ၁၅။ | မြို့ဝန်ဘဦး | ၁၁၆၀ ခုနှစ် | ၆နှစ် |
| ၁၆။ | စစ်ရဲကျော် | ၁၁၆၆ ခုနှစ် | ၁နှစ် |
| ၁၇။ | မြို့ဝန်ဘဦး | ၁၁၆၇ ခုနှစ် | ၂နှစ် |
| ၁၈။ | ဒိုင်းဝန် | ၁၁၆၉ ခုနှစ် | ၄နှစ် |
| ၁၉။ | နေမျိုးမင်းကျော် | ၁၁၇၃ ခုနှစ် | ၁နှစ် |
| ၂၀။ | နေမျိုးနော်ရထာ | ၁၁၇၄ ခုနှစ် | ၁နှစ် |
| ၂၁။ | ရွှေတောင်နန္ဒသူ | ၁၁၇၅ ခုနှစ် | ၈နှစ် |
| ၂၂။ | ရွှေတုပ် (ခေါ်)<br>မင်းကြီးကျော်စည်သူ | ၁၁၈၃ ခုနှစ် | ၃နှစ် |

ဟူ၍လည်းကောင်း ဖော်ပြထားပါသည်။ ၄င်းအပြင်

## သာယာဝတီ(ထားဝယ်မြို့)၌ အုပ်စိုးကြသည့် မင်းဆက်ဇယား ( မောင်သန်းဆွေ (ထားဝယ်) )

| အမှတ်စဉ် | မင်းအမည် | အုပ်စိုးသည့်နှစ်အစ | စည်းစိမ် |
|---|---|---|---|
| ၁။ | မင်းနဲလှ | ၁၁၁၆ခုနှစ် | ၅နှစ် |
| ၂။ | ရေဝန်ဒေဝဒိဗ္ဗ | ၁၁၂၁ခုနှစ် | ၁နှစ် |
| ၃။ | မင်းရှင်ဖော်<br>(ရွှေတောင်စား) | ၁၁၂၂ခုနှစ် | ၆နှစ် |
| ၄။ | မဟာနော်ရထာ<br>ဇေယျတုရံသူ | ၁၁၂၈ခုနှစ် | ၁နှစ် |
| ၅။ | ရာဇသူရကျော် | ၁၁၂၉ခုနှစ် | ၁နှစ် |
| ၆။ | နေမျိုးဇေယျသူ | ၁၁၃၀ခုနှစ် | ၈နှစ် |
| ၇။ | နေမျိုးလကျ်ာဇေယျ | ၁၁၃၈ခုနှစ် | ၆နှစ် |
| ၈။ | မက္ခရာဗိုလ် | ၁၁၄၄ခုနှစ် | ၃နှစ် |
| ၉။ | ပုံချီသူရ | ၁၁၄၇ခုနှစ် | ၁နှစ် |
| ၁၀။ | ဦးမြတ်ဖြူ | ၁၁၄၈ခုနှစ် | ၁နှစ် |
| ၁၁။ | ဒလဝန် နေမျိုးဂန္ဓြရပ် | ၁၁၄၉ခုနှစ် | ၁နှစ် |
| ၁၂။ | ပုံချီသူရ | ၁၁၅၀ခုနှစ် | ၁နှစ် |
| ၁၃။ | ဦးမြတ်ဖြူ | ၁၁၅၁ခုနှစ် | ၃နှစ် |
| ၁၄။ | နတ်မီးလင်း | ၁၁၅၄ခုနှစ် | ၆နှစ် |
| ၁၅။ | မြို့ဝန်ဦးဘဦး | ၁၁၆၀ခုနှစ် | ၆နှစ် |
| ၁၆။ | စစ်ရဲကျော် | ၁၁၆၆ခုနှစ် | ၁နှစ် |
| ၁၇။ | မြို့ဝန်ဦးဘဦး | ၁၁၆၇ခုနှစ် | ၂နှစ် |
| ၁၈။ | ဒိုင်းဝန်မင်း | ၁၁၆၉ခုနှစ် | ၄နှစ် |
| ၁၉။ | နေမျိုးမင်းကျော် | ၁၁၇၃ခုနှစ် | ၁နှစ် |
| ၂၀။ | နေမျိုးနော်ရထာ | ၁၁၇၄ခုနှစ် | ၁နှစ် |
| ၂၁။ | ရွှေတောင်နန္ဒသူ | ၁၁၇၅ခုနှစ် | ၈နှစ် |
| ၂၂။ | မင်းကြီးမင်းကျော်<br>စည်သူ ဦးရွှေတုပ် | ၁၁၈၃ခုနှစ် | ၃နှစ် |

အထက်ပါစာရင်း (၂)ခုမှ မြို့ဝန်များတွင် စိုးစံသည့်နှစ် နှင့် မြို့ဝန်ဆက်ဦးရေများ ကွဲလွဲမှု မတွေ့ရပေ။ မြို့ဝန်ဆက် အမည်များသာ အနည်းငယ်ကွာခြားသည်ကို တွေ့ရှိရပါသည်။ ရှေးမှတ်တမ်းနှင့် နောက်တွေ့လေ့လာချက်၊ တွေ့ရှိချက်များ ကြောင့် မင်းပေးဘွဲ့အမည်များနှင့် မြို့ဝန်အချို့ကွဲလွဲနေဟန် ရှိသည်။ ထိုစာရင်းအရ မင်းနဲလှ (၁၁၁၆) သည် အလောင်းမင်းတရားမှ ကုန်းဘောင်မင်းဆက်ကို ရွှေဘိုမြို့၌ မတည်မီ သာယာဝတီမြို့ကို တည်ထောင်သောသူဖြစ်သည်။ ထိုနောက် ရေဝန်ဒိဗ္ဗ( ရေဝန်ဒေဝဒိဗ္ဗ) (၁၁၂၁) မှသည် မင်းရှင်ဖော် ( ရွှေတောင်စား) (၁၁၂၂) တို့သည် အလောင်းမင်းတရားလက်ထက် ကုန်းဘောင်မင်းဆက်၏ မြို့ဝန်များဖြစ်လာပါသည်။ သာယာဝတီမြို့ (ထားဝယ်) သည် လည်း ထီးနန်းဆိုက်ရာ ရွှေဘိုမြို့၏ လက်အောက်ခံမြို့ဖြစ်လာပါသည်။

မဟာနော်ရထာ ဇေယျတုရံသူ ( ၁၁၂၈)၊ ရာဇသူရကျော် (၁၁၂၉)၊ နေမျိုးဇေယျသူ (၁၁၃၀) နှင့် နေမျိုးလကျ်ာ ဇေယျ (၁၁၃၈) တို့သည် ကုန်းဘောင်ဆက်ဆင်ဖြူရှင်မင်း (၁၇၆၃–၁၇၇၆)လက်ထက်တွင် မြို့ဝန်များဖြစ်လာကြသည်။ မက္ခရာဗိုလ် (၁၁၄၄)သည် စဉ့်ကူးမင်း (၁၇၇၆–၁၇၈၂)လက်ထက် ဖြစ်ဟန်ရှိသည်။ ပုံချီသူရ (၁၁၄၇)၊ ဦးမြတ်ဖြူ (၁၁၄၈၊ ၁၁၅၁)၊ ဒလဝန် နေမျိုးဂန္ဓြရပ် (၁၁၄၉) သို့ ကုလားဝန် (၁၁၄၉)၊ ပုံချီသူရ (၁၁၅၀)၊ နတ်မီးလင်း (၁၁၅၄)၊ မြို့ဝန်ဦးဘဦး (၁၁၆၀၊၁၁၆၇)၊ စစ်ရဲကျော် (၁၁၆၆)၊ ဒိုင်းဝန်မင်း



*လန်ဒန်ရှိ British Libary မှ ရေဝန်မောင်ဒါ (နေမျိုးရဲလှရွှေတောင်နော်ရထာ )ဟု ယူဆရသူ၏ သဝဏ်လွှာမှတ်တမ်း (ဓာတ်ပုံ-သော်ဇင်လတ်)*

(၁၁၆၉)၊ နေမျိုးမင်းကျော် (၁၁၇၃)၊ နေမျိုးနော်ရထာ (၁၁၇၄)နှင့် ရွှေတောင်နန္ဒသူ (၁၁၇၅) တို့သည် ဘိုးတော်ဘုရား(ခ) ဗဒုံ ( ၁၇၈၂-၁၈၁၉) လက်ထက်တွင် အသီးသီး တာဝန် ထမ်းဆောင်ကြဟန်ရှိသည်။

မင်းကြီးမင်းကျော်စည်သူ ဦးရွှေတုပ် (၁၁၈၃) သည် စစ်ကိုင်းမင်း (ခ) ဘကြီးတော်ဘုရား (၁၈၁၉-၁၈၃၇) လက်ထက်တွင် နောက်ဆုံးမြို့ဝန်ဖြစ်လာခဲ့ပါသည်။ အထက်ပါစာရင်း ၂ခုမှ အမှတ်စဉ် ၁၁ပါ ဒလဝန် နေမျိုးဂန္ဓြရပ် (၁၁၄၉) နှင့် ကုလားဝန် (၁၁၄၉) တို့သည် တစ်ဦးတစ်ယောက်တည်းအဖြစ် ထားဝယ်မှတ်တမ်းများတွင် ဖော်ပြကြပါသည်။

အမိန့်တော်ပါ ပုံ့ချီသူရ ၊ ထားဝယ်မြို့ဝန် ၊ (ခရစ်နှစ် ၁၇၈၇ ခုနစ်)သည် အထက်ပါစာရင်းတွင် ထားဝယ်မြို့၌ ၂ကြိမ်မျှ မြို့ဝန်ဖြစ်ခဲ့ကြောင်း သိရှိရပါသည်။ မဟာသီရိသီဟသူ၊ ထားဝယ်မြို့၊ မြိတ်မြို့၊ တနင်္သာရီမြို့ သုံးမြို့ဝန်၊ (ခရစ်နှစ် ၁၇၈၇ခုနှစ်) ၊နေမျိုး ဂုန္ဓကျော်သူ ၊ ထားဝယ်၊ မြိတ် မြို့ဝန် ၊ (ခရစ်နှစ် ၁၇၈၈ခုနှစ်)တို့သည် မင်းပေးဘွဲ့အမည်ဖြင့် အမိန့်တော်ထဲတွင် တွေ့ရှိရပြီး မြို့ဝန်အဆက်ဆက်ပြဇယား (၂) ခုတွင် ထည့်သွင်းရေတွက်ထားခြင်း မတွေ့ရှိရပေ။ ထိုပြင်၎င်းတို့၏ သက်တမ်းအရ ခေတ္တမျှ မြို့ဝန်အဖြစ် လွှဲခန့်ထားဟန်ရှိပါသည်။

ဦးမြတ်ဖြူ (၁၁၄၈၊၁၁၅၁) ဟု ဇယား (၂)ဆက်တွင် ရေတွက်ထားရာ အမိန့်တော်ပါ ခုနှစ်အရ ဦးမြတ်ဖြူ အမည်တွင်သူသည် ဘွဲ့အမည်အရ နေမျိုးကျော်ထင်ဟု သိရှိရပါသည်။ အမိန့်တော်ပါ ရာဇသင်္ကြန် (၁၁၆၉)၊ ထားဝယ်မြို့ဝန် ( ခရစ်နှစ် ၁၈၀၇ခုနှစ်)သည် မြို့ဝန်ဦးဘဦး (၁၁၆၀၊၁၁၆၇)ဖြစ်ကြောင်း မှတ်တမ်းများမှ ပြောဆိုထားပါသည်။ ရာဇသင်္ကြန် (၁၁၆၉) အား အမိန့်တော်ပါ ခန့်အပ်သည့်ခုနှစ်နှင့် ဇယားမှာ အနည်းငယ် ကွာဟနေကြောင်း တွေ့ရပါသည်။ ယင်း ခန့်အပ်ခံရသည့် ၁၁၆၉ခုတွင် အထက်ပါဇယား ၂ခု အရ ဒိုင်းဝန်မင်း (၁၁၆၉)ဖြစ်နေပါသည်။ ရာဇသင်္ကြန် သည် ၁၁၆၅ခုနှစ်၌ ထားဝယ်တွင် မြို့ဝန်အဖြစ် ထမ်း

ဆောင်နေကြောင်းကို ထားဝယ် ရှင်ဥသြဘုရားရှိ ခေါင်းလောင်းစာ အရ "............ရာဇသင်္ကြံ တိနာမေန ရာဇသင်္ကြံ ဟူသော ဘွဲ့အမည်ဖြင့် သာရာဝတီ နာမိ ကေ သာရာဝတီ အမည်ရှိသော ကမသိမနာဂရေ ဤ ဒါးဝယ်မြို့၌ ...........”ဟု ထပ်မံသိရှိရာ ရာဇသင်္ကြံန် အား အမိန့်တော်ပါ ၁၁၆၉ခုတွင် ထပ်မံ ခန့်ထားတော် မူကြောင်း သိရှိရပါသည်။



***ရှင်ဥသြဘုရားရှိ ထားဝယ်မြို့ဝန် ရာဇသင်္ကြံန်၏ ခေါင်းလောင်းစာ (ဓာတ်ပုံ-နောန်အောန်မျိုး)***

မင်းကြီးမင်းကျော်စည်သူ (ခေါ်) ဦးရွှေတုပ်သည် ကုန်းဘောင်ခေတ် စစ်ကိုင်းမင်း (ခ) ဘကြီးတော်ဘုရား (၁၈၁၉-၁၈၃၇) လက်ထက်တွင် ထားဝယ်မြို့၏ နောက်ဆုံးမြို့ဝန်ဖြစ်လာခဲ့ပါသည်။ ၎င်းလက်ထက် တွင် ရေဝန်မှာ နေမျိုးရဲလှရွှေတောင်နော်ရထာဖြစ်ကြောင်း ခရစ်နှစ် ၁၈၂၈ရက်စွဲပါ ဒါဝယ်မြို့ နေမျိုးရဲလှရွှေတောင် နော်ရထာကို ပေးသည်စာလက်ခွံ တွင် အောက်ပါအတိုင်း

**“မင်းကြီးမင်းလှမဟာမင်းကြီးဥဇနာ မှာလိုက်သည် ဒါဝယ်မြို့ ရေဝန် နေမျိုးရဲလှရွှေတောင်နော်ရထာ မုတ္တမမြို့သို့ တပ်တော် ချီတက်မည် ဖြစ်၍ မင်းမှာလည်း အရှင်ကြေဇူ သစ္စာတော်မြတ် ရှိသည်အတိုင်း။ ကုလာ ရာန်သူကိုလည်း။ ဒါဝယ်မြို့မှာ အနည်ငယ်မျှသာ ရှိ ကြောင်းများနှင့် ကြားသိရသည်ဖြစ်၍ လုပ်ကုန်တိုက်လံ ရမည် သက္ကရာဇ် ၁၁၉၀ပြည့် တံခူလပြည့်ကျော် ၁၀ရက် နေ့မှာထာ ဆင့်ဆိုလိုက်သည်အတိုင် ကျိုပန်ထမ်ရွက် ကြရမည်”** ဖော်ပြထားပါသည်။ ၎င်းစာအရ ထားဝယ် ရေဝန် နေမျိုးရဲလှရွှေတောင်နော်ရထာသည် ရေဝန် မောင်ဒါကို ဆိုလိုဟန်ရှိသည်ဟု ယူဆမိပါသည်။

ဤလေ့လာမှုသည် မြန်မာမင်း အမိန့်တော် ပြန်တမ်းများမှ တွေ့ရှိရသော သာယာဝတီမြို့ (ထားဝယ်) အား လက်အောက်ခံနယ်မြေအဖြစ် သိမ်းပိုက်ပြီးနောက် မြန်မာမင်းအုပ်ချုပ်ပုံရေးရာ အဖွဲ့ပုံစံများဖြင့် ထားဝယ် မြို့ဝန်များ အုပ်ချုပ်ခဲ့သည်ကို ကောက်နှုတ် တင်ပြ ထားခြင်း ဖြစ်ပါသည်။ အထက်ပါ ဇယားများမှ မင်းနဲလှ၊ ရေဝန်ဒေဝဒိဗ္ဗ၊ ရွှေတောင်စား လက်ထက်တို့၌ လက်အောက်ခံ နယ်မြေအဖြစ် သိမ်းသွင်းရာ ရေဝန် ဒေဝဒိဗ္ဗ မျှသာ သိမ်းပိုက်သည့်ကာလအတွင်း သာယာ ဝတီမြို့အား ခေတ္တမျှ တာဝန်ပေးစောင့်ထိန်းဟန်ရှိ သည်။ ကုန်းဘောင်မင်းဆက်၏ လက်အောက်ခံ ထားဝယ် မြို့ဝန်များကို ခရစ်နှစ် ၁၁၇၆မှ စတင် ခန့်ထားနိုင်မည်ဟု ယူဆပါသည်။ ထို့ကြောင့် ခရစ်နှစ် ၁၇၆၆ခုနှစ် (၁၁၂၈) မဟာနော်ရထာ မြို့ဝန်မှ စတင် ပြီး ၁၈၂၄ခုနှစ်အထိ တာဝန်ထမ်းဆောင်သူများသည် ကုန်းဘောင်ခေတ် အဝေးရောက်ထားဝယ်မြို့ဝန်များ ဖြစ်ကြပါသည်။ အမိန့်တော်များထဲမှ ထားဝယ်မြို့ဝန် ပျံချီသူရ၊ မဟာသီဟသူရ နှင့် နေမျိုးဂုန္နကျော်သူ သုံး ဦးတို့၏ အုပ်ချုပ်မှု သက်တမ်းမှာ တစ်နှစ်မျှသာ တာဝန် ပေးအပ်ကြပြီး အချို့မှာ ထားဝယ်မြို့အပြင် မြိတ်မြို့၊ တနင်္သာရီမြို့တို့ကို ၃ မြို့ဝန်၊ ၂ မြို့ဝန် ပုံစံဖြင့် ပူးတွဲ အုပ်စိုးစေပါသည်။ မြို့ဝန်အများစုသည် ထားဝယ် စစ်ကြောင်း၊ မြိတ်စစ်ကြောင်း၊ ယိုးဒယားချီ တပ်များ မှ စစ်ကဲများဖြစ်ကြသည်ကို တွေ့ရှိရပါသည်။

## နောက်ဆက်တွဲ-၁-အမိန့်တော်ထဲမှ ထားဝယ်မြို့ဝန်အဆက်ဆက်ပြဇယား

| ထားဝယ် မြို့ဝန်များ | တာဝန်ထမ်းဆောင်သည့်ကာလ | မြန်မာမင်းလက်ထက် | မှတ်ချက် |
|---|---|---|---|
| ၁။ ပုံချီသူရ | ၁၁၄၉ ခု (၁၇၈၇ခုနှစ်) | ဘိုးတော်ဘုရား(ခ) ဗဒုံမင်း ( ၁၇၈၂-၁၈၁၉)) | မြန်မာမင်း အမိန့်တော် ၂ အောက်တိုဘာ ၁၇၈၇ မှ ကောက်နှုတ်ချက် |
| ၂။ မဟာသီရိသီဟသူ (ထားဝယ်မြို့၊ မြိတ်မြို့၊ တနင်္သာရီမြို့ သုံးမြို့ဝန်၊) | ၁၁၄၉ခု (၁၇၈၇ ခုနှစ်) | ဘိုးတော်ဘုရား(ခ) ဗဒုံမင်း ( ၁၇၈၂-၁၈၁၉) | မြန်မာမင်း အမိန့်တော် ၂အောက်တိုဘာ ၁၇၈၇ မှ ကောက်နှုတ် ချက် |
| ၃။ နေမျိုးဂုန္နကျော် သူ (ထားဝယ်မြို့၊ မြိတ်မြို့) | ၁၁၅၀ခု (၁၇၈၈ခုနှစ်) | ဘိုးတော်ဘုရား(ခ) ဗဒုံမင်း ( ၁၇၈၂-၁၈၁၉) | မြန်မာမင်း အမိန့်တော် ၂၁ မတ် ၁၇၈၈ မှ ကောက်နှုတ်ချက် |
| ၄။ ရာဇသင်္ကြန် | (၁၈၀၇ခုနှစ်) | ဘိုးတော်ဘုရား(ခ) ဗဒုံမင်း ( ၁၇၈၂-၁၈၁၉) | မြန်မာမင်း အမိန့်တော် ၁၅ မတ် ၁၈၀၇ မှ ကောက်နှုတ်ချက် |
| ၅။ ဒဂယ်မြို့ဝန် | (၁၈၁၉ ခုနှစ်) | ဘိုးတော်ဘုရား(ခ) ဗဒုံမင်း ( ၁၇၈၂-၁၈၁၉) | မြန်မာမင်း အမိန့်တော် ၁၅ စက်တင်ဘာ ၁၈၁၉ မှ ကောက်နှုတ်ချက် |
| ၆။ မင်းကြီးမင်းကျော်စည်သူ | (၁၈၂၄ခုနှစ်) | စစ်ကိုင်းမင်း ( ၁၈၁၉-၁၈၃၇) | မြန်မာမင်း အမိန့်တော် ၈ မတ် ၁၈၂၆ မှ ကောက်နှုတ်ချက် |


**အကိုးအကားများ**

၁။ ဒေါက်တာသန်းထွန်း (၂၀၁၄)၊ မြန်မာမင်းအမိန့်တော်ပြန်တမ်းများ၊ The Royal Orders of Burma, A.D. 1782–1787, Part Four(P–528) အတွဲ (၄)၊ စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်။

၂။ ဒေါက်တာသန်းထွန်း (၂၀၁၄)၊ မြန်မာမင်းအမိန့်တော်ပြန်တမ်းများ၊ The Royal Orders of Burma, A.D. 1788–1806, Part Five (P–410) အတွဲ (၅)၊ စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်။

၃။ ဒေါက်တာသန်းထွန်း (၂၀၁၄)၊ မြန်မာမင်းအမိန့်တော်ပြန်တမ်းများ၊The Royal Orders of Burma, A.D. 1807–1810), Part Six (P–346) အတွဲ (၆)၊ စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်။

၄။ ဒေါက်တာသန်းထွန်း (၂၀၁၄)၊ မြန်မာမင်းအမိန့်တော်ပြန်တမ်းများ၊ The Royal Orders of Burma, A.D.1819–1853, Part Eight အတွဲ (၈)၊ စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်။

၅။ ရွှေဝယ်ဇေ (၁၉၇၈) ။ ။ မြို့တော်ဟောင်း၏အောက်မေ့ဖွယ်ရာများ၊ထားဝယ်မဂ္ဂဇင်း၊အမှတ်-၁၊ ဩဂုတ်လ။

၆။ ဦးမောင်မောင်တင် (၂၀၂၀)၊ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ၊ ပဉ္စမအကြိမ်။။ ရာပြည့်စာအုပ်တိုက်၊ ရန်ကုန်။

၇။ မောင်သန်းဆွေ (ထားဝယ်) (၂၀၁၄)၊ ထားဝယ်ဥဒါန်း၊ကံ့ကော်ဝတ်ရည်စာပေ၊ရန်ကုန်။

၈။ ထားဝယ် ရှင်ဥ ဩဘုရားခေါင်းလောင်းစာ

## ထားဝယ်လူမျိုးတို့၏ ငြိမ်းချမ်းရေးမှတ်တိုင်

# ရှင်မော်စေတီတော်မြတ် နှင့်

## အနီးကပ်အတူနေလူမျိုးတို့ ပေါင်းစည်းညီညွတ်ရေး

မျိုးမြတ်သာရီ



ရှင်မော်အံတော်စေတီတည်၊ ထားဝယ်မင်း၊ တနင်္သာရီမင်း၊ နဂါးမင်း အထိမ်းအမှတ်ရုပ်တု (ဓာတ်ပုံ-မျိုးမြတ်သာရီ)

*ထားဝယ်လူမျိုးတို့၏ သမိုင်းအစကို သာသနာ (၁၇)ခုနှစ်တွင် ဘာနုမရာဇာမင်းနှင့် သုဝဏ္ဏရူပ မိဖုရားတို့၏သားတော် နရုတိမင်းသားက ကလိန်အောင်မြို့ကို တည်ထားခြင်းက စပါသည်။ ယင်းကလိန်အောင် မြို့တော်တည်ရန် တနင်္သာရီမြို့သား (၅) ဦးအား လမ်းပြစေလျက် နရုတိမင်းသားက တည်ထောင်စိုးစံပါသည်။*

တူးဖော်တွေ့ရှိမှုများနှင့် ခေတ်ပြိုင်သမိုင်းများအရ လေ့လာစရာ အများကြီး ရှိပါသည်။ သမိုင်းရာဇဝင်စာတန်းများသည် ယခု ပစ္စုပ္ပန်ကို အကျိုးပြုသော အနာဂတ်ကို အကျိုးရှိသည်များကိုသာ ရယူပြီး ပုဂ္ဂိုလ်ရေး၊ လူမှုရေး အမုန်းတရားများကို ဖြစ်ပွားစေမှုမရှိဘဲ ချစ်ကြည်ယုံကြည်မှုကို တည်ဆောက်ရန် အထောက်အကူပြုစေရမည်ဖြစ်ပေသည်။

တနင်္သာရီကမ်းရိုးတန်းတစ်နေရာမှ ရှင်မော်ဆံတော်ရှင် ဘုရားသမိုင်းကို လေ့လာပြီး ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် အကျိုးရှိသည်များကို လေ့လာသုံးသပ်ကာ ဆွဲထုတ်ကြရပါမည်။ ထားဝယ်ရာဇဝင်၊ သမိုင်းစာစောင်များအရ ရှင်မော်စေတီတော်ကို သာသနာသက္ကရာဇ် ၂၂၀ တွင် အရှင်မဟာမောဂ္ဂလိပုတ္တဿ ရဟန္တာမထေရ်မြတ်ကြီးမှ မဟာ ဇန္တဝ၊ စူဠ ဇန္တဝ ညီနောင် နှစ်ပါးကို တနင်္သာရီပြည်နှင့် ဒူရကပြည်သို့ သာသနာပြုစေလွှတ်တော်မူခြင်းနှင့် အစပြုခဲ့ပေသည်။

ယင်းအချိန်အတွက် သီရိဓမ္မာသောကမင်းကြီးသည် အိန္ဒိယနိုင်ငံ ပါဋလိပုတ်နေပြည်တော်တွင် စိုးစံနေချိန်ဖြစ်ပါသည်။ သီရိဓမ္မာသောကမင်းကြီး၏ဘုန်းတန်ခိုးကို ကြောက်ရွံ့၍နဂါးမင်းကြီး၏တူတော်ဖြစ်သော နဂါးစစ်သူကြီး ဝါသုဠဒေဝမှ မြတ်စွာဘုရား၏ အံတော်ဓာတ်ကို ပြောင်းရွှေ့၍ ထားဝယ်မြစ်ဝ သိန္ဓုသေလတောင် လင်းလွန်းပင်ကြီးတွင် ထည့်သွင်းကာ ကိုးကွယ်နေချိန် ဖြစ်ပါသည်။ ထိုအချိန်တွင် ထားဝယ်မျိုးနွယ်စုတို့ ဘုရင် ကလိန်အောင်ပြည့်ရှင် ဓမ္မသေနမင်းကြီးသည် ကလိန်အောင်မြို့တော်တွင် စိုးစံနေချိန် ဖြစ်ပါသည်။

သီရိဓမ္မာသောကမင်းကြီးနှင့် ခေတ်ပြိုင် တနင်္သာရီပြည်ကြီးတွင် မဟာသမ္မတမင်းမျိုးမှ ဘုရင်ဘာဟိကရာဇမှ ဆင်းသက်လာသော ၁၆ ဆက်မြောက် တနင်္သာရီမျိုးနွယ်စုတို့၏ ဘုရင် ကောရဗ္ဗမင်းကြီးသည် တနင်္သာရီမြို့တွင် ထီးနန်းစိုက်နေချိန်ဖြစ်သည်။ မဟာဇန္တဝ၊ စူဠဇန္တဝ၊ ရဟန္တာညီနောင်တို့သည် ပထမအနေဖြင့် တနင်္သာရီ မျိုးနွယ်စုတို့ဘုရင် တနင်္သာရီ မင်းနန်းစိုက်ရာ တနင်္သာရီမြို့သို့ ကြွချီတော်မူပြီး မင်းမိဖုရား၊ မှူးမတ်၊ ပြည်သူပြည်သားများကို (၇) ရက်တိုင်တိုင် တရားဓမ္မဟောပြောတော်မူခဲ့သည့် တနင်္သာရီဘုရင်မှအရှင်နှစ်ပါးကိုလှူတော်မူသည်။ ထို့နောက် ဒုတိယထားဝယ်မျိုးနွယ်စုတို့၏ အောင်သာဝတီပြည် ကလိန်အောင်မြို့သို့ ကြွရောက်တော်မူသည်။ ဓမ္မသေနမင်းကြီးမှလည်း ဝေမိဿကတောင်၌ ရွှေကျောင်းတော်ကြီးကို လှူတော်မူသည်။

သို့သော် ရဟန်းညီနောင်နှစ်ပါးက ထားဝယ်မင်းမြတ်လှူတော်မူသော ဝေမိဿကရွှေကျောင်းတွင် သီတင်းမသုံးဘဲ နဂါးမင်းကြီး၏ အံတော်မြတ်ရှိရာ သန္ဓုသေလတောင်သို့သာ ကြွသွားလေသည်။ ဓမ္မသေနမင်းက ရဟန္တာနှစ်ပါးကို လျှောက်ထားမေးမြန်းလေသည်။ ရဟန္တာအရှင်မြတ်နှစ်ပါးမှ သန္ဓုသေလ ရှင်မော်တောင်ရှိ နဂါးမင်းကြီးကိုးကွယ်သော ဘုရားရှင်၏ အံတော်ဓာတ်အကြောင်းကြောင့် ယင်းနေရာတွင် သီတင်းသုံးပါးကြောင့် ပထမအနေဖြင့် ပြောကြားလေသည်။ ထိုအခါ ထားဝယ်မင်းကြီးမှ အလွန်သဒ္ဓါတရားဖြစ်ပေါ်လာပြီး ဖူးမြော်ချင်ပါကြောင်း ရဟန္တာတို့ကို လျှောက်တင်ပါသည်။ အံတော်ဓာတ်အား ပူဇော်ရန် ရတနာမျိုးစုံကိုလည်း စီမံလေသည်။

မဟာဇန္တာ ရဟန္တာညီနောင်တို့သည် ဒုတိယအနေဖြင့် တနင်္သာရီမျိုးနွယ်စုတို့ဘုရင် ကောရဗ္ဗမင်းကြီးထံ ကြွရောက်သည်။ ဘုရားရှင် အံတော်ဓာတ်အကြောင်းရာကို မိန့်တော်မူလေသည်။ တနင်္သာရီဘုရင် ကောရဗ္ဗမင်းကြီးမှလည်း သဒ္ဓါတရား ကြီးမားစွာဖြင့် ပေါ်လာပြီး အံတော်ဓာတ်ကို ဖူးတွေ့ခွင့်ရရန် လျှောက်ထားပြီး ရတနာမျိုးစုံကို စီမံလေသည်။ သာသနာ (၂၃၈) ခုနှစ် တပို့တွဲလပြည့်နေ့ နံနက်တွင် နဂါးမင်းကြီးသည် ကြီးစွာသော ပရိသတ်တို့ဖြင့် အံတော်ကို ဖူးမြော်ရန်လာလေရာ ရဟန္တာနှစ်ပါးမှ တရားဓမ္မဟောပြောပြီး ထားဝယ်၊ တနင်္သာရီမင်းနှစ်ပါးက အံတော်မြတ်အား ဖူးမြော်လိုကြသည်။ အံတော်ကိုဌာပနနှ၍မင်းသုံးပါးစုပေါင်းကာ စေတီတစ်ဆူတည်ထားကိုးကွယ်လိုကြောင်းကို မိန့်တော်မူရာ နဂါးမင်းကြီးသည် ရဟန္တာရှင်မြတ်များသြဝါဒခံယူ၍ စေတီတော်တည်ရန်သဘောတူလေသည်။

နဂါးမင်းကြီးသည် ရဟန္တာရှင်မြတ်များ သြဝါဒခံယူ၍ စေတီတော်တည်ရန် မြေနေရာကို ရွေးချယ်ပြီး နဂါးပရိသတ်ဖြင့် မြေသန့်မင်္ဂလာကို ပြုတော်မူပါသည်။ ဉာဏ်တော်တစ်ထွာရှိ ပတ္တမြားစေတီတော်နှင့် အလျား ၁၈ တောင်၊ အနံ ၁၂ တောင်၊ အမြင့် အတောင် ၂၀ ရှိသော ဌာပနာတိုက်ကို ပြုတော်မူပါသည်။ ယင်းဌာပနာတိုက်ကို အလင်းရရန် ဘိုးတော်နဂါးမင်း၏ ကွမ်းသီးလုံးပမာဏရှိသော ပတ္တမြားကို မီးတိုင်ခုံပေါ်ပြီး ကျောက်ရုံမြေတို့ကိုလည်း ခမ်းနားစွာ စီရင်ပါသည်။ စေတီတော်တည်ရန် အချိန်ကာလကို

ယင်း တပေါင်းလပြည့်နေ့တွင် ထားဝယ်မင်းဆက်ဘုရင် ဓမ္မသေနမင်း၊ တနင်္သာရီမင်းဆက်ဘုရင် ကောရမ္မမင်း နဂါးမျိုးနွယ်စုမင်းကြီးတို့ သုံးပါး စုဆုံပြီး အံတော်စေတီတော် တည်ရန် ချိန်းဆို ကတိပေးပြီး နဂါးမင်းကြီး ပြန်လေသည်။

တနင်္သာရီဘုရင် ကောရမ္မမင်းကြီးသည် သာသနာ သက္ကရာဇ် (၂၃၈) တပေါင်းလဆန်း ၁၃ ရက်နေ့တွင် သိန္နုသေလတောင်သို့ ကြွရောက်တော်မူလေသည်။ ထိုနေ့တွင်ပင် ထားဝယ်ဘုရင် ဓမ္မသေနမင်းကြီးလည်း ကြွရောက်တော်မူလာခဲ့သည်။ မင်းနှစ်ပါး တွေ့ဆုံသော် အချင်းချင်း ညီအစ်ကိုနောင်အရင်းတွေ့သကဲ့သို့ နှုတ်ခွန်းဆက်ကြပြီး အံတော်ဓာတ်ကိန်းဝပ်ရာ လင်းလွန်းပင်အနီးတွင် ကြီးစွာသော ဖူးမြော်ခြင်းအမှုကို ပြုကာ အံတော်ဓာတ်သည် ထန်းနှစ်ဖျားမှ ပျံတက်ပြီး ရောင်ခြည်ကွန့်မြူးလျက်အထူးထူးသော တန်ခိုး အဖြာဖြာကို ပြတော်မူလျှင် မင်းနှစ်ပါးနှင့် ဗိုလ်ပရိသတ်များ ရှိသေစွာ ဦးတိုက်ကြလေ၏။ အံတော်သည် မင်းနှစ်ပါး၏ ဦးထိပ်သို့ တစ်လှည့်စီ ကြွရောက်တော်မူပြီးမှ မူလကိန်းဝပ်ရာသို့ ကြွတော်မူသည်။ ကောရမ္မမင်းကြီးသည်လည်း တစ်ဖက်ကမ်း၌ မြို့နန်းတည်ပြီး ကနက်သီရိဟု အမည်ပေးတော်မူ၏။

သာသနာ ၂၃၈ ခု၊ တပေါင်းလပြည့်နေ့၊ နံနက် နေဝန်းပေါ်ချိန်တွင် တုရိယာငါးပါးကို သာယာငြိမ့်ညောင်းစွာ တီးမှုတ်လျက် စစ်အင်္ဂါလေးပါးနှင့်တကွ နဂါးမင်းကြီး ရောက်လာ၏။ ထိုအခါနဂါးမင်း၊ ကောရမ္မမင်း၊ ဓမ္မသေန မင်းတို့သည် ညီအစ်ကို နောင်အရင်းအစစ်ကဲ့သို့ပင် လွန်စွာ ချစ်ခင်သဖြင့် နှုတ်ဆက်ပွေ့ဖက်ပြီး စေတီတော်တည်ရန် ရဟန္တာရှင်နှစ်ပါးနှင့် ဆွေးနွေးကြလေသည်။

ဦးစွာ ပထမ နဂါးမင်းကြီး၏ ကုသိုလ်ဖြစ်သည့် ပတ္တမြားစေတီအတွင်းတွင် အံတော်မြတ်ကို ကိန်းဝပ်တော်မူ၏။ ဓမ္မသေနမင်းကြီးမှ ပတ္တမြားစေတီကို အမြင့် ၇ တောင်၊ ရွှေသား ပစ္စယံထိပ်ဝ ၃ တောင် ၅ လက်မ၊ ရွှေသား နဝရတ်ကိုးပါး ထီးတော်ပါရှိသော ရွှေစေတီဖြင့် အုပ်တော်မူ၏။ ထို့နောက် ကောရမ္မမင်းကြီးမှ ရတနာမျိုးစုံ စီခြယ်ထားသော ရွှေသားပြသာဒ်ကြီးအတွင်းတွင် ၅ လက်မ ပတ်လည် ငွေသားတိုင်စိုက်၍ ပြသာဒ်တင်တော်မူ၏။ မင်းသုံးပါး၏ ကုသိုလ်စေတီတော်ကို ရတနာမျိုးစုံဖြင့် အထူထူအထွေထွေ အဆန်းဆန်း အပြားပြားစီရင်ကာ အထွဋ်ရွှေထီးတင်သည်။ ထို့နောက် နဝရတ်ကိုးပါး စီခြယ်ထားသော ရတနာထီးတော်၊ ရွှေသားသပိတ်တော် စသည်ဖြင့် အဆောင်အယောင်များစွာကို ပြုပြင်စီရင်လှူဒါန်းခဲ့သည်။ ယင်းရွှေပြသာဒ်ကြီးကို ရဟန္တာအရှင်မြတ်နှစ်ပါး၏ ရွှေကိုယ်လေး၊ ဓမ္မသေနမင်း၊ ကောရမ္မမင်း၊ နဂါးမင်းကြီးတို့၏ ရွှေကိုယ်လေးပုံတော်များ၊ ထိုမင်းတို့၏ ဘေးလောင်းတော်၊ ဘိုးလောင်းတော်၊ ခမည်းတော်၊ မယ်တော်၊ ရွှေကိုယ်လေး၊ ရုပ်ပုံများ၊ ကလိန်အောင် အိမ်ရှေ့မင်း၊ နဂါးဥပရာဇာတို့၏ ရွှေကိုလေးရုပ် ပုံများကို ရွှေတံခွန်၊ ကုက္ကား၊ မုလေးပွားကြီးများဖြင့် အံတော်ဓာတ်ကို ပူဇော်နေကြဟန် သွန်းလုပ်ဆင်ယင်ပြီး ယန္တရားများ စီရင်ကာ ဌာပနာတိုက်တော်ကြီးကို ပိတ်၍ ဓမ္မသေနမင်း၊ နဂါးမင်းကြီးတို့ ရေစင်သွန်းချ အမျှဝေလျှင် မဟာပထဝီ မြေကြီး သုံးကြိမ်လှုပ်၍ သာခုခေါ်ခဲ့သည်။

သာသနာနှစ် ၂၃၈ ခုနှစ်တွင် ဘိသိတ်ခံနန်းဆက်သော ပါဋ္ဌလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီးမှ သာသနာနှစ် ၂၃၅ ခုနှစ်တွင် တတိယ သင်္ဂါယနာတင်ပြီး ၃ နှစ်အကြာတွင် ရှင်မော်စေတီကို တည်ထားခဲ့ကြသည်။ ထိုခေတ်က ဤတနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်တွင် အင်အားကြီးမားသော ထားဝယ်ဘုရင်၊ တနင်္သာရီဘုရင်၊ နဂါးမင်းကြီးတို့ တည်ထားခဲ့ကြသည်။ ထားဝယ်ဘုရင် ဓမ္မသေနမင်း၊ တနင်္သာရီဘုရင် ကောရမ္မမင်းကြီးတို့သည် သီရိဓမ္မာသောက မင်းကြီးနှင့် ခေတ်ပြိုင်မင်းများ ဖြစ်ကြပါသည်။ သီရိဓမ္မာသောကမင်းကြီးသည် ဝဏ္ဏာသောက ရက်စက်သော မင်းဘဝမှ ကလိင်္ဂပွဲအနိဋ္ဌာရုံနှင့် တူတော် နိဂြောဓ သာမဏေတို့ကြောင့် သစ္စာလေးပါး တရားကို သိရှိခဲ့ရပါသည်။

ထိုမှ သီရိဓမ္မာသောကဟူသောတရားဓမ္မကို ရှိသေလေးစားသောမင်း ဖြစ်ခဲ့သည်။ ထားဝယ်မင်း၊ တနင်္သာရီမင်း၊ နဂါးမင်းကြီးတို့၏ နန်းစံနှစ်များ ဖြတ်သန်းလာရာနှင့် နန်းမစံမီ နန်းတက်ပြီး အနေအထားများတွင်လည်း အတွင်းရန်၊ အပြင်ရန်များကို လောကခံအတိုင်း တွေ့ရပေမည်။ သားတက်ရသော ကျီး ၄က်နောက်ကို ကျန်ကျီးငှက်များက လိုက်လံထိုးနှက်သကဲ့သို့ မင်းစည်းစိမ်၏ အန္တရာယ်များပုံကို တဖြည်းဖြည်း သဘော ပေါက်လာပေမည်။ ယင်းမေတ္တာတရားမှ တစ်တိုင်းတည်း အတူနေ တိုင်းရင်းသားမင်းများ အချင်းချင်း ချစ်ခင်မှုကို ဖြစ်တည်လာစေပါသည်။ ထိုမှ အနာဂတ်အတွက် အကျိုး ရှိသော် အမြော်မြင်တစ်ခု ဖြစ်ပေါ်လာစေသည်။

မိမိတို့ မင်းသုံးပါး ချစ်ကြည်ရင်းနှီးမှုကို နောင်မျိုးဆက်များ သိမြင်စေရန် အတုယူစေရန်နှင့် ကုသိုလ်တရား

ပွားများစေရန် ညီညွတ်မှု သင်္ကေတ၊ ငြိမ်းချမ်းခြင်း၊ သန္တိ သုခ၏ ပြယုဒ်အဖြစ် ရှင်မော်အံတော်စေတီကို တည်ထောင် တော်မူခဲ့သည်။ ဤစေတီတော်သမိုင်းမှ ထားဝယ်၊ တနင်္သာရီ နန်းတွင်းပညာရှိများ၏ သဘောတူညီမှု ပါဝင်မှု များနှင့်အတူ ထားဝယ်လူမျိုး၊ တနင်္သာရီလူမျိုး ပြည်သူအများ ၏ ပါဝင်မှု အမြော်အမြင်ကလည်း ကြီးစွာ ပါဝင်နေမည်ဖြစ်ပါ သည်။

ထိုစေတီတော် သမိုင်းကြောင်းတစ်ခုသည် ထားဝယ် လူမျိုးတို့၏ ရာဇဝင်၊ လူမှု၊ စီးပွားရေး၊ စိတ်သဘောထား ရေးရာများကိုလည်း သိတန်သလောက် သိရှိရပါသည်။ ယခုထက်တိုင် အမြော်အမြင်ကြီးမား၊ မေတ္တာတရားရှိသော ထားဝယ်လူမျိုးများသည် ထိုတနင်္သာရီအတွင်း၌ ဆလုံ (မော်ကင်း)၊ တနင်္သာရီ (မြိတ်) လူမျိုးများနှင့် ညီအစ်ကို သဖွယ် ချစ်ခင်ပွင့်လင်းစွာ အေးအတူ ပူအမျှ နေထိုင်ကြသည်။ ရှင်မော်စေတီတော်ကို သက်သေတည်၍ ငြိမ်းချမ်းသော သစ္စာတရား၏ ပြယုဒ်ပင် ဖြစ်ပါတော့သည်။

**မျိုးမြတ်သာရီ**

**ကျမ်းကိုးစာရင်း**


၁။ ရွှေဝယ်ဇ - ထားဝယ်ရာဇဝင်သမိုင်း (ဒုကြိမ်)၊ ၂၀၁၅။

၂။ ဆရာဇော်(စိတ်ပညာ) - ထားဝယ်ရှေးယဉ်ကျေးမှု အထောက်အထားများ၊ ပန်းဝေဝေစာပေ၊ ၂၀၁၃။

၃။ ဦးသန်းစိုးဝင်း(တနင်္သာရီမြို့)-တနင်္သာရီ ရာဇဝင် တော်ကြီးနှင့် ယဉ်ကျေးမှုအမွေအနှစ် ရိုးရာဓလေ့ များ၊ ဓမ္မသံတော်ဆင့်စာပေ၊ ၂၀၁၇။




*ဂဏာဝိမုတ် – ကူးတို့ဂိုဏ်းချုပ် (ဓာတ်ပုံ–နိုင်စိုး)*

# ထားဝယ်လူမျိုးတို့၏
# ကိုးကွယ်ယုံကြည်မှုဓလေ့

**နောင်အောင်မျိုး**
**(ထားဝယ်ရှေးဟောင်းသုတေသီ) ရေး/သု ပြည်**

## ထားဝယ်လူမျိုးတည်နေရာ

ထားဝယ်ခရိုင်သည် တနင်္သာရီတိုင်းအတွင်း တည်ရှိပြီး ထားဝယ်မြို့နယ်၊ လောင်းလုံးမြို့နယ်၊ သရက်ချောင်းမြို့နယ်၊ ရေဖြူမြို့နယ်ဟူ၍ မြို့နယ် (၄) မြို့နယ်နှင့် ကလိန်အောင်မြို့၊ မေတ္တာမြို့ ဟူ၍ မြို့ (၂) မြို့တို့ဖြင့် ဖွဲ့စည်းထားပါသည်။ ထားဝယ်ခရိုင်၏ မြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် ပုလောမြို့နယ် (မြိတ်ခရိုင်)၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်တို့က ဝိုင်းရံထားပါသည်။ ထားဝယ်မြို့သည် တနင်္သာရီတိုင်းဒေသကြီး၏ မြို့တော်ဖြစ်ပြီး မြောက်လတ္တီကျူ

၁၄ ဒီဂရီ ၄ မိနစ်၊ ၅၅.၃၂ စက္ကန့်နှင့် အရှေ့လောင်ဂျီကျူ ၉၈ ဒီဂရီ ၁၁ မိနစ် ၃၁.၀၈ စက္ကန့်အကြားတွင် တည်ရှိပါသည်။ ထားဝယ်ဒေသသည် ယဉ်ကျေးမှု အမွေအနှစ်ပေါကြွယ်ဝသော ဒေသတစ်ခုဖြစ်သည်။ ထားဝယ်ဒေသတွင် လက်ရှိတွေ့ရှိရသမျှ ရှေးဟောင်း သုတေသနဆိုင်ရာ အထောက်အထားများအရ ကျောက်ခေတ်သစ်မှသည် ရတနာပုံခေတ်အထိ ခေတ်အဆက်ဆက် ယဉ်ကျေးမှု အစဉ်မပျက် ထွန်းကားခဲ့သော ဒေသတစ်ခုဖြစ်ပါသည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် လက်ရှိ မွန်ပြည်နယ်သည် တနင်္သာရီတိုင်းဒေသကြီးအတွင်း တည်ရှိခဲ့ပြီး ၁၉၇၄ ခုနှစ်မှစတင်၍ မွန်ပြည်နယ်သည် တနင်္သာရီတိုင်းဒေသကြီး လက်အောက်မှခွဲထွက်၍ သီးခြားပြည်နယ်တစ်ခုအဖြစ် ရပ်တည်ခဲ့သည်။ ထားဝယ်မြို့မှာ တိုင်းဒေသကြီး မြို့တော်ဖြစ်လာသည်။ ၁၉၈၉ ခုနှစ်တွင် ထားဝယ်မြို့ကို အင်္ဂလိပ်လို Tavoy ဟု ရေးသားရာမှ Dawei သို့ ပြောင်းလဲရေးသားခဲ့ပြီး တနင်္သာရီကို အင်္ဂလိပ်လို Tenasserim ဟု ရေးသားရာမှာ Tanintharyi သို့ ပြောင်းလဲရေးသားခဲ့သည်။ လက်ရှိ ထားဝယ်တိုင်းရင်းသားအများစု နေထိုင်သော တည်နေရာဒေသသည် တနင်္သာရီတိုင်းဒေသကြီးဖြစ်ပြီး လောင်းလုံးမြို့နယ်သည် ထားဝယ်လူမျိုးများ သီးခြားနေထိုင်သော မြို့လေးတစ်မြို့အဖြစ်ယနေ့တိုင် တည်ရှိနေခြင်းသည် စိတ်ဝင်စားဖွယ်ရာတစ်ခုပင်ဖြစ်သည်။

## လူဦးရေ

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ တနင်္သာရီတိုင်းဒေသကြီးအတွင်း လူဦးရေ ၁,၄၀၈,၄၀၁ ဦး ရှိပါသည်။ ထားဝယ်ခရိုင်၏ လူဦးရေ စုစုပေါင်းမှာ ၄၇၁,၇၅၂ ဦး ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် ထားဝယ်တိုင်းရင်းသားအများစု အခြေချနေထိုင်သဖြင့် ထားဝယ်တိုင်းရင်းသားလူဦးရေ ခန့်မှန်း ၈၀၀,၀၀၀ ဦးခန့် ရှိပါသည်။ မြန်မာနိုင်ငံအတွင်း အခြားဒေသများတွင် ပျံ့နှံ့နေထိုင်သူနှင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် ထားဝယ်တိုင်းရင်းသားဦးရေမှာ ၁,၅၀၀,၀၀၀ ခန့် ရှိပါသည်။

## ထားဝယ်လူမျိုး

ထားဝယ်လူမျိုးဟူသော အခေါ်အဝေါ်နှင့် ပတ်သက်၍ မည်သည့်ခေတ်က စတင်ပြီး ခေါ်ဝေါ်သုံးစွဲသည်ကို အသေအချာ မသိရသော်လည်း ကျောက်စာအထောက်အထားများအရ ပုဂံခေတ်တွင် ထားဝယ်လူမျိုးဟူသော အသုံးအနှုန်းစတင်သုံးနှုန်းနေပြီဖြစ်ကြောင်းနှင့် ပုဂံခေတ် ကျန်စစ်သားမင်းကြီးလက်ထက် သွန်းလုပ်သော ရှင်မုတ္ထီးအုတ်ခွက်ဘုရားတွင်



*ထားဝယ်ဇေယျဝတီကျောင်းတိုက် - (ဓာတ်ပုံ-နိုင်စိုး)*

‘‘ဒါးဝယ်’’ဟု တွေ့ရှိရပြီး ယင်းပုဂံခေတ် ၁၁၉၆ ခုနှစ်ထိုး ဓမ္မရာဇိကဘုရားကျောက်စာ တွင် ‘‘ထဝယ်’’ရေးထုံးကို တွေ့ရပါသည်။ ထိုအချက်များအရ ထားဝယ်ဟူသော အသုံးအနှုန်းသည် ထားဝယ်လူမျိုးများ နေထိုင်ရာ အရပ်ဒေသကို အစွဲပြုပြီး ထားဝယ်ဒေသဟု ခေါ်ဆိုကြောင်း ညွှန်ပြနေပေသည်။ ထို့ကြောင့် ထားဝယ်လူ မျိုးဆိုသော အသုံးအနှုန်းသည် ပုဂံခေတ်မတိုင်မီကာလ ကတည်းက ခေါ်ဝေါ်သုံးစွဲခဲ့မည်မှာ မလွဲဧကန်ဖြစ်ပေသည်။

## ကိုးကွယ်ယုံကြည်မှုဓလေ့

ထားဝယ်တိုင်းရင်းသားများသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ဘုရားရှင်ကို အခြားလူမျိုးများနည်းတူ အိမ်အပြင်ဘက်ကို ထုတ်ပြီး ဘုရားကျောင်းဆောင်ဖြင့် ကိုးကွယ်ပူဇော်ခြင်းမျိုးမဟုတ်ဘဲ အိမ်အတွင်း အမြင့်ဆုံး နေရာကို ရွေးချယ်ပြီး ထားဝယ်အခေါ် (ဖျားဇင်) ဖြင့် ဘုရားကို စင်မြင့်ပေါ်မှာထား၍ ကိုးကွယ်ကြပါသည်။ ပထမအဆင့်တွင် (ညောန်ရေအိုး) ညောင်ရေအိုးဟုခေါ်သော ကလာသာအိုးပုံစံ ထားဝယ် အိုးအနက်ရောင် သုံးလုံးဖြင့် (ညောန်အိုးဝပ်) ညောင်ရေအိုးပင်၊ ပန်းမပါသော ရွက်လှ ပန်းတစ်မျိုးကို ထိုး၍ ကိုးကွယ်ပူဇော်ကြပါသည်။ ဒုတိယ အဆင့်တွင် ဗုဒ္ဓဘုရားရှင်၏ကိုယ်စားတော် ရုပ်တုများထား၍ ဘုရားပန်းအိုးနှစ်လုံး၊ သောက်တော်ရေနှင့် ရေလှူဖွယ် ဝတ္ထုများဖြင့် ဆည်းကပ်ကိုးကွယ်ကြပါသည်။ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများကိုလည်း တစ်ရွာတွင် တစ်ကျောင်း အနည်းဆုံးထား၍ ကိုးကွယ်ဆည်းကပ်ကြပါသည်။

## ရိုးရာနတ်ယုံကြည်မှု

ရိုးရာနတ်ကိုလည်း ယုံကြည်မှုဓလေ့ ရှိကြပါသည်။ ရွာရှင်နတ်နှင့် ပြယ်ရှင်နတ်ဟု ဒေသအလိုက် ယုံကြည်မှု ကွဲပြားသည်။ ရွာရှင်ကို ရပ်ရွာဒေသအလိုက် ဖိုးအဲရှင်ကြီး၊ ချောင်းဝရှင်ကြီး၊ ရှင်မောက်ထီး ရှင်ကြီး အစရှိသော ရွာရှင်များကို ရွာထိပ်သစ်ပင်ကြီး သို့မဟုတ် ညောင်ပင်ကြီး အောက်တွင်ဖြစ်စေ၊ သင့်တော်သော နေရာတွင်ဖြစ်စေ နတ်ကွန်းပြုလုပ်၍ ကိုးကွယ်ထားလေ့ရှိပါသည်။ ခရီးသွားလာသည့်အခါဖြစ်စေ၊ လယ်ယာလုပ်ငန်းခွင် စတင်ချိန်နှင့် ရိတ်သိမ်းပြီးချိန်ဖြစ်စေ၊ အမှုကိစ္စများ ဆောင်ရွက်သည့်အခါ



*ထားဝယ်ရိုးရာနတ်ကွန်းနှင့် နတ်ပူဇော်ပုံ - (ဓာတ်ပုံ-နောန်အောန်မျိုး)*

ဖြစ်စေ အုန်းသီး၊ ငှက်ပျောသီး၊ ကွမ်းသီး၊ ကွမ်းရွက်၊ ဆေးမဲ (ဆေးရွက်ကြီး)၊ ကြံ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ဖြင့် ကန်တော့ပွဲ ပြင်ကာ ပူဇော်ပသသော ဓလေ့ရှိပါသည်။

## ရိုးရာအိမ်နတ်ပူဇော်ခြင်း

ထားဝယ်ရိုးရာ နတ်ကို ပဲလေးရွေးနတ် (ခေါ်) ဖိုးနောန်ယူနတ် (ပြယ်ရှင်) ဟု ခေါ်ဆိုပါသည်။ ပဲလေးရွေးနတ်ကို နေအိမ်တွင် တစ်ဦးတစ်ယောက် မင်္ဂလာဆောင်လက်ထပ်ပွဲ ကျင်းပခြင်း၊ ကလေးမွေးဖွား၍ မီးနေခြင်း၊ သေဆုံးခြင်းများ ဖြစ်ပေါ်လျှင် အိမ်၏ ဥရူတိုင်ထောင့်တွင် ထားသော နတ်အိုးများနှင့် ဖိုးနောန်ယူတိုင်ဟုခေါ်သော ဝါးလုံးကို လေးစိပ်ခွဲ၍ ပြုလုပ်ထားသည့်တိုင်တို့ကို အိမ်၏ တံစက်မြိတ်မှ လွတ်သော နေရာသို့ ရွှေ့ပြောင်းထားရပါသည်။ အမှုကိစ္စပြီးမြောက်ပြီးမှ နတ်စာပြန်ကျွေးကာ နတ်အိုးများနှင့် ဝါးခြမ်းတိုင်တို့ကို ပြန်တင်ရသည်။ နတ်ပြန်တင်ရန် ကုန်ကျစရိတ် မတတ်နိုင်သေးပါက ပြယ်ရှင်တင်ကာ တောင်းပန်ထားရပါသည်။ အိမ်နတ် (ဖိုးနောန်ယူနတ်) စာ ကျွေးသောအခါ ရေးခေတ်ငွေ တစ်ပဲနှင့် လေးရွေး၊ ကုန်ကျသောကြောင့် ပဲလေးရွေးနတ်ဟုလည်း ခေါ်ဆိုကြပြီး ဆန်တစ်ပြည် (ပြယ်) ခန့်ချက်၍ အိမ်နီးနားပတ်ဝန်းကျင်က ကလေးသူငယ်များကို ခေါ်ယူကျွေးမွေးပြီး ဖော်ပြပါနည်းအတိုင်း ကိုး၍ (တောင်းပန်၍) ထားလည်း ရသောကြောင့် ပြယ်ရှင်ဟုလည်း ခေါ်ဆိုကြပါသည်။

အိမ်နတ်စာ ကျွေးနည်းမှာ -

ဝါးအစိမ်းကို လေးစိတ်ခွဲ၍ လေးချောင်းထောက်ပုံစံပြုကာ ထားဝယ်အခေါ် တန်နီတန်ဖွူ ဖောင်းနီဖောင်းဖြူ စည်းပြီး ဖိုးနောန်ယူတိုင်ဟု ပြုလုပ်ရသည်။ ထိုတိုင်ကို အိမ်၏ တံစက်မြိတ် လွတ်သောနေရာတွင် ဖိုးနောန်ယူအိမ်ငယ် ဆောက်လုပ်ပေးရ၍ နတ်စာကျွေးရပါသည်။ နတ်စာကျွေးရသော မြေအိုး ၁၃ လုံးမှာ-

| | | | |
|---|---|---|---|
| ၁။ | လည်တိုင်ရှည်သောအိုး ဥရူနတ်- | | ၁ လုံး |
| ၂။ | မိဘအဘိုးအဘွားအတွက် | - | ၂ လုံး |
| ၃။ | ခုနစ်ရက်သားသမီးများ အတွက် အရွယ်တူအိုး | - | ၇ လုံး |
| ၄။ | ရွာရှင်အတွက် | - | ၁ လုံး |
| ၅။ | အပျိုအိုး | - | ၁ လုံး |
| ၆။ | လူပျိုအိုး | - | ၁ လုံး |

တို့ ဖြစ်ပါသည်။

ယင်းအိုးများကို စင်ကြယ်အောင် ဆေးကြောပြီး အိုးလည်ပင်းတွင် ရွှေပြား၊ ငွေပြားတို့ကို ချည်ဖြူဖြင့် ဆွဲရပါသည်။ အိုးထဲသို့ နေမင်း၊ လမင်းကို ကိုယ်စားပြုသော အီနတ်ဝပ (အိမ်နတ်ရွက်)ဟု ခေါ်သော ရွက်ဖြူ ရွက်မည်း နှစ်မျိုးကို ထည့်ရပါသည်။ ထားဝယ်တိုင်းရင်းသားတို့၏ ကိုးကွယ်ယုံကြည်မှုတွင် နေမင်း၊ လမင်းက ပါစမြဲဖြစ်ပါသည်။ ထို့ကြောင့် နေမင်း၊ လမင်းကို ကိုယ်စားပြုသော မုန့်ဖြူ မုန့်နီလည်း ပါရပါသည်။

ယင်းအိုးများထဲသို့ -

- (၁) ထမင်း (မှန်း)
- (၂) ကောက်ညှင်းထုပ် (ဒွန်)
- (၃) မျှစ် သို့မဟုတ် ပိန္နဲကာ(ပိန္နဲသီးအကင်း) လက်သုပ်၊ (မျှစ်လတ်သောက် မူဝဲနေဟှာ နဲကာနပ်)
- (၄) မယ်ဇလီရွက်ဟင်းချို (မုဆီဝပ်ဟန်းရှို)
- (၅) ငှက်ပျောသီး (ဖျောသီး)
- (၆) ပုစွန် (သို့မဟုတ်) ငါးကင် (ဇွှန် မူဝဲနေဟှာ ငါးဂန်)
- (၇) အုန်းသီး (အောင်းသီး)
- (၈) ကြံ (ကြံ)
- (၉) ငရုတ်သီး (ဂျူသီး)
- (၁၀) ဆား (ဆား)
- (၁၁) ကွမ်းယာ (ကွန်းလပ်)
- (၁၂) မုန့်ဖြူ မုန့်နီ (မုဖွူ၊ မုနီ)
- (၁၃) ဓနိရွက်နှဆေးလိပ် (နီဝပ်ဆေးလိ)
- (၁၄) ပျားဖယောင်းတိုင် (ဖျားဖျောဒိုင်)

တို့ကိုထည့်ပြီး ပွဲနှစ်ဆယ် ပြင်ရပါသည်။ ၁၃ ပွဲကို ဖော်ပြပါအိုးများထဲသို့ ထည့်၍ ပြယ်ရှင်ပူဇော်ရန် ၄ ပွဲ၊ အိမ်အောက်ဥရူတိုင်ခြေရင်းတွင် ဘိုးဘွားအတွက် ၂ ပွဲတို့ကို ပုဆိုးစလွယ်သိုင်း၊ ဝါးပပ်ဖြင့် ပြုလုပ်ထားသော ခမောက် (ဝါးဘတ်မှောက်) ဆောင်းထားသည့် ကျား၊ မ စုံတွဲက မနက်ပိုင်းအချိန်တွင် နေအိမ်၏ တံစက်မြိတ် အပြင်ဘက် အသင့်ဆောက်လုပ်ထားသော နတ်အိမ်ငယ်



ပြယ်ရှင်ကျွေးပုံ - (ဓာတ်ပုံ-နောန်အောန်မျိုး)

လေးအရှေ့၌ ဖိုးနောန်ယူနတ်ကို ခေါ်ယူကျွေးမွေးရပါသည်။ ကျန်နေသည့် ၁ ပွဲကိုမူ မိုးချုပ်စမှ ကြီးမနိုးခင်အချိန်အတွင်း ဖိုးနောန်ယူတိုင်ရှိသောနေရာတွင် ကျွေးရပါသည်။ ညဘက် ဖိုးနောန်ယူ နတ်ကျွေးသည့်အခါ ပုစွန် (သို့မဟုတ်) ငါး ကင်နှင့် ဟင်းမပါတော့ဘဲ ကြက်ဥ၊ ဘဲဥ တစ်မျိုးမျိုး ထည့်၍ ကျွေးရပါသည်။ ဤသို့ နတ်ကျွေးသည့်အခါ ထားဝယ်စကားဖြင့် ဘဲ့ခံမားဒေဟုခေါ်သော တပည့်ခံမည့်သူများအဖြစ် (ကွီး) ကြီးအော်သူက အား၊ အားဟု အော်ရပါသည်။ (တူယူး) ဥသြ အော်သူက တူးယူ၊ တူးယူးဟု အော်ရပါသည်။ ကျီး၊ ငှက်မောင်းသူက တုတ်ကလေးတစ်ချောင်းကိုင်ပြီး ရှူ့ ရှူ့ဟု မောင်းပေးရပါသည်။ ခွေးလုပ်သူက ဂူး၊ ဂူးဟု လှမ်းအော်၍ စားစရာသောက်စရာများကို ပြန်စွန့်ကြဲရပါသည်။

နတ်ပြန်တင်ရန် ကုန်ကျစရိတ် မတတ်နိုင်သေးပါက ဆန်တစ်ပြည်ခန့် ချက်၍ ငွေကြေးတတ်နိုင်သည့်အချိန်တွင်မှ နတ်တင်ပါမည်ဟု တောင်းပန်ထားခြင်း ကိုးထားခြင်းကို ပြယ်ရှင်တင်သည်ဟု ခေါ်ဆိုပါသည်။

## ပြယ်ရှင်ပြုလုပ်ပုံမှာ

ထမင်း၊ ငါး (သို့မဟုတ်) ပုစွန်ကင်၊ ငှက်ပျောသီး၊ ဆား၊ ငရုတ်သီး၊ ကွမ်းယာ၊ အုန်းသီး၊ ပျားဖယောင်းကို လက်ဖြင့် ကျစ်ထားသည့် ထားဝယ်အခေါ် (လတ်စစ်ဖျော ဒိုင်) တို့ကို ငှက်ပျောရွက်ခင်း၍ လေးပုံပုံပြီး အုန်းရည်ဖြင့် သွန်းလောင်းကာ အသက်အရွယ်ကြီးသူ အဘိုး၊ အဘွား တစ်ဦးဦးက ''ဖိုး --- ဖိုး ---- ဖိုး ခွန်းခေါ်ဟိုခေါ် ကြား နေ့ခွန်းခေါ် ဟိုခေါ် ကြား၊ သောင်းခွန်းခေါ် မှခေါ် ကြားဟျူ ဖိုးရှင်ဂီးဝေး --- ငယ်သား ငယ်မွေးဒေမှား ဟိုလုယ်း မှန်လောက်ဘာန၊ မှန်ဟိုလုယ်း မှားလောက် ဘာနဂါး၊ အယ်မာငယ်သား ငယ်မွေးဒေဟု နို့ဖိုးဟို ပေး ဇာပေးသောက် ဘာဟုယ်ဝါး၊ သားငယ်မွေးဂန်း စောင့် ရှောက်ပေးဘာဝါးဖိုးဝေး၊ အယ်မာ ဖိုးဖိုး၊ ဘဲ့ခံဇားဟို့ သားဒေ၊ မွေးဒေလယ်း စယ်ဇဝါး၊ သူးနို့လယ်း စောန့်နေ ဂဲ့ဘီ ဘဲ့ခံခိုင်းဟို့ စွန့်လိုက်ဘေဟုမယ်လာ့ နို့ဖို့ဝေး''ဟု ပြောဆို တိုင်တည်၍ ပြယ်ရှင်နတ်ကို ကျွေးမွေးပါသည်။ ကျွေးမွေးပြီးသောအခါ ပြန်စွန့်ပြီးလျှင် ထမင်း၊ ငါး (သို့မဟုတ်) ပုစွန်ကင်၊ ငှက်ပျောသီး၊ ဆား၊ ငရုတ်သီးတို့ကို ရောနယ်ထားသော ထမင်းသုတ်တစ်မျိုးကို ကလေးသူငယ်များ အား ပြန်ကျွေးရပါသည်။ နေရာဒေသအလိုက် ၄ ပုံ၊ ၆ ပုံ ကွဲပြားပါသည်။ ကျွေးပုံကျွေးနည်းမှာ အတူတူပင်ဖြစ်ပါသည်။ ပြယ်ရှင်ထမင်းသုပ်လေးသည် မိမိဒေသနှင့် ဝေးကွာနေသော ထားဝယ်တိုင်းရင်းသားများကို အိမ်ပြန်ချင်စိတ်တစ်ခု ဖြစ်ပေါ်အောင်ထိ ဆွဲဆောင်နိုင်ပါသည်။

## ရွာနတ်ပွဲ (ဖိုးဖိုးရှင်ဂီးနတ်ပွဲ)

ထားဝယ်တိုင်းရင်းသားတို့ နေထိုင်သော ရပ်ကွက်၊ ကျေးရွာတိုင်းတွင် ရွာရှင် ဖိုးဖိုးအိမ်ဟု ရှိပါသည်။ ရွာထိပ်ရှိ ဖိုးဖိုးအိမ် (ဖိုးဖိုး ရှင်ဂီးအီ) တွင် တစ်နှစ်မှာ တစ်ကြိမ် တစ်အိမ်ထောင်လျှင် ဆန်တစ်ပြည်စု၍ နတ်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပါသည်။

ရွာနတ်ပွဲကို နတ်တော်လတွင် ကျင်းပရပါသည်။ ကျင်းပပုံမှာ ထားဝယ်အခေါ် (တန်နီတန့်ဖွူ) ဖောင်းနီဖောင်းဖြူကို ဖိုးနောန်ယူတိုင်တွင် ချည်၍ ရွှေပြားငွေပြားများ ချိတ်ဆွဲကာ ရိုးရာနတ်စာကျွေးသည့်အတိုင်း စီမံချက်ပြုတ်၍ နေ့လယ် ၁၂ နာရီမှ ၁ နာရီအတွင်း ကျွေးမွေးရပါသည်။ ရိုးရာဖိုးနောန်ယူနတ်ကို အဓိကထားပြီး ကျင်းပကြပါသည်။ နတ်အိုး ၃၂ လုံးထဲမှ ၁၃ လုံးကို ဖိုးနောန်ယူနတ်အတွက် ပြင်ဆင်ကျွေးမွေးပြီး ကျန်သော ၁၉ လုံးမှာ ရွာပိုင်၊

တောပိုင်၊ တောင်ပိုင်၊ မြစ်၊ ချောင်း၊ အင်းအိုင်ပိုင်တို့နှင့် ရွာနီးချုပ်စပ် ကိုးကွယ်ကြသော ဖိုးအဲနတ်ကိုပါခေါ်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပကြပါသည်။ နတ်ပွဲကျင်းပသည့်နေ့တွင် အိမ်တိုင်းနီးပါး ရွာရှင်ဖိုးဖိုးအိမ်သို့ သွားကြကာ ယောကျာ်းများက ဝါးခွဲခြင်း၊ နီးဖြာခြင်းများ ပြုလုပ်၍ ထားဝယ်အခေါ် (ခေါ်) စားတော်ခွက်ရက်လုပ်ခြင်း၊ ဆင်ချည်တိုင်၊ မြင်းချည်တိုင်များ ပြုလုပ်ပေးခြင်း၊ ယာယီနတ်ကွန်းများ ဆောက်လုပ်ပေးခြင်း၊ ရွာရှင်အိမ်နှင့် မလှမ်းမကမ်းတွင် ချည်ဖြူဖြင့် စည်းလေးတန်ချထား၍ ဝါးစိမ်းတစ်လုံးကို မြေတွင်စိုက်ပြီး လေးစိပ်ခွဲကာ လှန်ချထားရသည်။ လှန်ချလိုက်သော ဝါးများကို အငုတ်လေးဘက်ဖြင့် ချည်ပြီး အလယ်တွင် ဝါးကျည်တောက်တစ်လုံး ချိတ်ဆွဲထားရသော ထားဝယ်အခေါ် (ဖူးနတ်) ဖူးစာနတ်ကွန်းပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရသည်။ အမျိုးသမီးများကမူ ထားဝယ်အခေါ် (ဟန်းရောဟမ်း) သီးစုံဟင်းကို စုပေါင်းချက်ပြုတ်ကြပြီး ထမင်းလက်ဆုံစားကြသည်။ ယင်းသို့ မိတ်ဆုံစားကြသည်မှာ ထားဝယ်တိုင်းရင်းသားတို့၏ ချစ်စဖွယ်ဓလေ့ တစ်ခုပင်ဖြစ်ပါသည်။



*ရွာရှင်နတ်ကွန်းတွင် ကန်တော့ပွဲများဖြင့် ပူဇော်ထားကြပုံ - (ဓာတ်ပုံ - နောန်အောန်မျိုး)*

## စွဲလမ်းယုံကြည်မှု

ထားဝယ်တိုင်းရင်းသားတို့သည် သေဆုံးသူကို ရည်စူး၍ ရက်လည်ဆွမ်းကျွေး ကောင်းမှုကုသိုလ်ပြုပေးသော ဓလေ့ရှိပါသည်။ ရက်လည်ဆွမ်းကျွေးအလှူ မပြုလုပ်ခင်ညနေပိုင်းတွင် သုသာန်သို့သွား၍ သစ်ခက်တစ်ခုကို ချိုးကာ **မင့်အတွက်အလှူလုပ်ပေးဖို့တရားနာသာစုခေါ် နိုင်ရန်လိုက်ခဲ့ပါ**ဟု သွားရောက်ခေါ်ယူလေ့ရှိပါသည်။ ယင်းသွားရောက်ခေါ်ယူသော သူသည် အနောက်ကို လှည့်ကြည့်၍ မရပါ။ အိမ်ရောက်သောအခါ အိမ်ခြံအပြင်ဘက် သစ်ပင်သို့မဟုတ်နေရာတစ်ခုသတ်မှတ်၍ထားပြီး မနက်ပိုင်းအလှူတွင် ကျွေးမွေးသော စားသောက်ဖွယ်ရာများ ကျွေးမွေးလျက် အမျှပေးဝေသော အယူအစွဲအလမ်း ရှိပါသည်။ ငှက်ဆိုးထိုးနိမိတ်၊ အိမ်မြှောင်စုတ်ထိုးနိမိတ်၊ ပျားစွဲနိမိတ် ယုံကြည်မှုများလည်း ရှိသည်။ မြတ်ဗုဒ္ဓ၏ သုတ္တန်အလာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်လေးဘုံနှင့် ဗြဟ္မာဘုံနှစ်ဆယ်၊ နတ်ပြည်ခြောက်ထပ်၊ လူဘုံတစ်ထပ်ဟု ၃၁ ဘုံအယူအဆရှိကြပြီး ကောင်း မှုပြုလုပ်ခြင်းကို ကုသိုလ်ရ၏။ မကောင်းသောအမှုကို ပြုလုပ်ခြင်းဖြင့် အကုသိုလ်ဖြစ်၏ ဟုအယူရှိပါသည်။ ကံကြီးကံငယ် ပြစ်မှားမိပါက မိုးကြိုးပစ်ခံရတတ်သည်။ မြေမြိုခံရတတ်သည်ဟုလည်း လက်ခံယုံကြည်ကြပါသည်။ ရွာထဲသို့ ကျားဝင်သည်ကို မြင်တွေ့ရလျှင်သော်လည်းကောင်း၊ တောကြီးမြွေဝင်သည်ကို မြင်တွေ့ရလျှင်သော်လည်းကောင်း၊ တောစောင့်နတ်၊ တောင်စောင့်နတ်များကို ရွာသူရွာသား တစ်ဦးဦးမှအလွဲအမှားလုပ်ခဲ့မိ၍ဟု အယူအဆရှိပြီး ရွာထိပ်က နတ်ကွန်း(ဖိုးဖိုးရှင်ဂီးအီ)တွင် ကန်တော့ပွဲပေး၍ တောင်းပန်သောဓလေ့ရှိပါသည်။

**ကျမ်းကိုးစာရင်း**

**ဘဒ္ဒန္တဣန္ဒောဘာသ** - ထားဝယ်ရေးရာမှတ်တမ်း ပဒေသာ၊ ရတနာ(ထားဝယ်)၊ အပိုင်း (၁)မှ (၄)၊ ရန်ကုန်၊ ၂၀၁၇ ခုနှစ်။

**ရွှေဝယ်ဇ** - ထားဝယ်ရာဇဝင်သမိုင်း (ဒု-ကြိမ်)၊ ၂၀၁၅ခုနှစ်။

**ဦးကျော်ခိုင်** - ထားဝယ်လူမျိုးနှင့် ထားဝယ်ဒေသယဉ်ကျေးမှုအထောက်အထားများ လေ့လာချက်။ (ထားဝယ်အမျိုးသားညီလာခံစာတမ်း-၂၀၁၇)

**ဒေါ်ယဉ်ယဉ်အေး** - ထားဝယ်ဝေါဟာရရေးထုံးအမျိုးမျိုးနှင့် ထားဝယ်လူမျိုးပေါ်ပေါက်လာပုံကို ပဏာမ လေ့လာတင်ပြခြင်း၊ (ထားဝယ်အမျိုးသားညီလာခံစာတမ်း-၂၀၁၇)

**ဦးအောင်မျိုး(ထားဝယ်ရှေးဟောင်းသုတေသီ**
-ထားဝယ်လူမျိုးဓလေ့ထုံးတမ်းအကျဉ်း (ထားဝယ်အမျိုးသားညီလာခံစာတမ်း-၂၀၁၇)

# ဒုမင်္ဂလ

## အသုဘအခမ်းအနား

ရွှေဝယ်ဇ

*လူတို့ ဘဝပြောင်း အနိစ္စရောက်ကြသည့်အခါ ကျန်ရစ်သော ရုပ်အလောင်း မသာများကို ပြုပြင်ကြသူများကို မသာဆရာ ထားဝယ်အခေါ် (မသာရေပေးချိုးသမား) ဟူ၍ ခေါ်ကြသည်။*

မသာဆရာများ ပြုပြင်စီမံလုပ်ကိုင်ကြပုံမှာ 'တစ်ကျောင်း တဂါထာ တရွာတပိုဒ်ဆန်း' ဆိုဘိအလား၊ တမြို့နှင့်တမြို့ ကွဲပြားကြသည်ကို မဆိုထားဘိ။ ကျွန်ုပ်တို့ ထားဝယ်ဒေသ၌ပင် ဆရာ တစ်ဦးနှင့်တစ်ဦး မတူကြချေ။ အနည်းငယ်စီ ကွဲပြားကြပြီး အချို့မှာ ပို၍ အချို့မှာ လျော့လေသည်။

ကျွန်ုပ်ကိုယ်တိုင် ရောက်ဘူးသော မြို့၊ ရွာဒေသများနှင့် နှိုင်းစာက ထားဝယ်မှာ စုံလင်လှပါသည်။ စုံလင်ကြောင်းကိုလည်း ထားဝယ်ရောက် အခြား မြို့သူ၊ မြို့သားတိုင်းက ပြောဆိုကြပါသည်။

ယင်းသို့ စုံလင်လှသော ထားဝယ် ဒု-မင်္ဂလအရာ အသုဘအခမ်းအနားများကို သေချာစွာ ဖော်ပြပါအံ့။

### လူသေကြောင်း အချက်ပေးပုံ

မြို့ပေါ်ရှိ အရပ်ရပ်တိုင်းတို့မှာ ကလေးသူငယ်များမှတပါး အရွယ်ရောက်သူတိုင်း သေဆုံးက သိသာရန် ရွာလယ်ဇရပ်မှ ကုလားတက် ၃ ချက်ခေါက်၍ သော်လည်းကောင်း၊ အချက်ပေး ကြေညာကြလေသည်။

ကျေးရွာများမှာမူ အချက်ပေး ကြေညာခြင်းမရှိချေ။ တယောက်စကား တယောက် ကြားခြင်းဖြင့် တခဏချင်းပင် တရွာလုံး ပျံ့နှံ့သိရှိကြလေသည်။

## အလောင်းသိပ်ရန် သစ်စင်

အစိမ်းသေမဟုတ်ဘဲ ရိုးရိုးရောဂါဖြင့် သေဆုံးသည့် အလောင်းကို ပြုပြင်ရန် မသာဆရာ ထားဝယ်အခေါ်'မသာရေချိုးပေးသမား'တယောက်ကို အခေါ်ခိုင်းရသည်။ အကာလ ညအခါသေမှု နံနက်မိုးလင်းမှ ပြုပြင်ရသည်။ မသာဆရာလာလျှင် မသာဆရာက ညွှန်ကြားသည့် ပစ္စည်းများကို ဝယ်ယူထားရှိကြလေသည်။

အိမ်နီးချင်းနှင့် ဆက်သွယ်လုပ်ကိုင် ငှားရမ်းက အိမ်ရှင်၌ ဥပါဒါန်ကင်းအောင် မသာအိမ်နှင့် အိမ်နီးချင်းအိမ်များသို့ ချည်မျှင်ကြိုး သွယ်တန်းထားကြလေသည်။ ချည်မျှင်ကြိုး မသွယ်တန်းနိုင်သည့် အဝေးအိမ်များ၌ ငှားရမ်းလျှင် ဝယ်ယူသည့် သဘောဖြစ်အောင် မသာအိမ်မှ ကွမ်းသီးတစိတ်ကို ယူဆောင်၍ ပေးခဲ့ရလေသည်။

မသာဆရာက မသာရှင်အား အလောင်းသိပ်ရန် ၁။ တလိုင်း သစ်စင်၊ ၂။ သစ်စင် ပိုင်းပြတ် သစ်စင်၊ ၃။ သစ်စင်ကြီး။ ၄င်း ၃ မျိုးတွင် အလိုရှိရာ အမျိုးကို မေးမြန်းပြီး မသာရှင်အလိုရှိရာ သစ်စင်မျိုးကို ဆရာက ညွှန်ကြားပြသသည့်အတိုင်း ဝိုင်းဝန်းကာ ပြုလုပ်ပြင်ဆင်ကြလေတော့သည်။ အလောင်းလုပ်ရန် သစ်စင်ကို အချို့မြို့ရွာဒေသများက "ကပ်ခုတင်" ခေါ်ကြသည်။ "သူကောင်းတင်"ဟူ၍လည်း ခေါ်ကြသေးသည်။

၁။ တလိုင်းသစ်စင်မှာ ခုတင်မပါဘဲ ကြမ်းပေါ်တွင် အလွတ်ဝါးကြမ်း ၇ ချောင်းစီ ခင်းထားပြီး အပေါ်က ဖျာခင်းထားရသည်ကို ဆိုလိုသည်။

၂။ သစ်စင် ပိုင်းဖြတ်မှာ ခုတင်အောက်မှ ဝါးထောက်တိုကလေး ၃ လုံးကို ချည်ထားရသည်ကို ဆိုလိုသည်။

၃။ သစ်စင်ကြီးမှာ သစ်ပင်ပိုင်းပြတ်ကဲ့သို့ပင်ဖြစ်၍ အမိုးအကာပါရှိသည်ကို ဆိုလိုသည်။ အမိုးတင်ရန် ဝါးခြမ်းတိုင် ၆ ချောင်း စိုက်ရာတွင် အဖျားကို အောက်ဘက် အရင်းကို အပေါ်ဘက် ပြောင်းပြန်စိုက်ရသည်။ (သစ်စင်များကို ရှေးခေတ်အခါက ခုတင်ကို မယူဘဲ ဝါးဖြင့် ယာယီပြုလုပ်ကြလေသည်။)

## အလောင်းကို ရေပေးချိုးခြင်း

အကြင်သူတို့သည် ၉၆ ပါးသော ရောဂါတို့အနက် တပါးပါးသော ရောဂါဖြင့် သေဆုံးသည်ရှိသော်၊ မကျန်းမာစဉ်အခါက ရေမိုးမချိုးရသဖြင့် ချေးညှော်စသည်တို့ သည် ကိုယ်ကာယ၌ ကပ်ငြိမ်နေသည်များကို သေသည်အခါ ပသာဒ ရှိစေခြင်းငှာ ရေချိုးခြင်း၊ နံ့သာလိမ်းကျံခြင်း စသည်တို့ကို ပြုလုပ်ပေးကြရလေသည်။

သေသူ၏ အရွယ်ရောက်သော သားမြေးတယောက်ယောက်ကိုဖြစ်စေ၊ ညီအစ်ကို မောင်နှမတစ်ယောက်ယောက်ကို ဖြစ်စေ၊ ဆွေမျိုးတော်စပ်သူ တယောက်ယောက်ကိုဖြစ်စေ ရေချိုးပေးရန်အတွက် ခေါင်းဆောင်ပြုလုပ်စေလေသည်။ ၎င်းသူကို "ရေလှုံ့ခံသမား"ဟူ၍ ခေါ်ကြသည်။

ရေလှုံ့မည့်သူ ကျား သို့မဟုတ် မ သည် ပိတ်ဖြူကို ဝတ်ပြီး၊ အနံ လက် ၄ သစ်ခန့် ပိတ်ဖြူကို ခေါင်းမှာ စည်းပတ်ထားရသည်။ ၎င်းနောက် ခါးနောက်တွင် ကွမ်းညှပ်ကို ညှပ်၍ ထားရလေသည်။ အိမ်ရှေ့ လှေကားအနီး မြေကြီးပေါ်တွင် ဖိုခနောက် ၃ လုံးပေါ်၌ မီးအိုးကင်းကိုတည်၊ သစ်သား ထင်းချောင်းကလေး ၇ ချောင်းထည့်ပြီး ရေလှုံ့ခံသူက မီးတဲပေါင်း (မီးတိုင်) ကို မီးရှို့၍ ထင်းချောင်းကလေးများ၌ ရှို့ရသည်။

တခဏမျှကြာ၍ မီးအိုးကင်း ပူလာလျှင် အိုးနီကလေး၌ ရေနှင့် ကင်ပွန်း၊ နန္ဒင်းမှုန့်၊ ဆပ်ပြာ ရောထည့်၍ မီးအိုးကင်းပေါ်၌ တင်၍ လှုံ့ရသည်။ ထို့နောက် ၄င်းအိုးနီကလေးကိုချပြီး တဖန် အိုးနက်တွင် ရေထည့်၍ မီးအိုးကင်းပေါ်၌ပင်တင်၍ လှုံ့ရပြန်သည်။ တည်ပြီးသည့် မီးအိုးကင်းကို ရေလှုံ့ခံသူက အိမ်ရှေ့ လမ်းနံဘေးတွင် ယူသွားပြီး မှောက်သားပစ်ရလေသည်။ ယင်းနောက် အိုးနီမှ ရေဖြင့် လူသေ၏ ခေါင်းကို ရေလှုံ့ခံသူက လျှော်ပေးပြီး ခေါင်းဖြီးနှင့် အောက်ဘက်သို့ ၇ ကြိမ် သပ်ချပေးရသည်။ ထို့နောက် အလွတ်ရေအိုးသစ်ဖြင့် ရေရိုးရိုးကို ဆရာက ၆ အိုး လောင်းပေးပြီး ရင်းနှီးသူများက ချေးညှော်များကို တွန်းကြရလေသည်။

ထို့နောက် အိုးနက်မှ ရေပူကို ဆရာပင် လောင်းရပြန်လေသည်။ ရေချိုးပြီးလျှင် သေသူ၏ အဝတ်များကို ဝတ်ဆင် ပေးပြီး ခြေမကြိုး၊ လက်မကြိုးများကို ချည်နှောင်လျက် ပိတ်ဖြူဖြင့် အလောင်းကို ထုတ်ပတ်လေသည်။ ရှေးအခါကမူ ပိတ်ဖြူဘောင်းဘီနှင့် ပိတ်ဖြူအင်္ကျီ လက်တိုကို ဝတ်ဆင်ပေးလေသည်။ ခေါင်းအုံးတွင်လည်း ပိတ်ဖြူ ပတ်ထားရလေသည်။

ထို့နောက် အလောင်းကို သစ်စင်ပေါ်သို့ တင်ကြလေသည်။ သစ်စင်ပေါ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် လူတစ်ယောက်က မောင်း (သို့မဟုတ်) ကြေးဖလားကို ၃ ချက်တီးပေးရလေသည်။ ယင်းသို့ တီးပေးရခြင်းမှာ လူသေသည် မိမိ၏ ယာယီအိမ်ပေါ်သို့ ရောက်ကြောင်း အများသိသာကြစေရန် အချက်ပေးခြင်းဖြစ်လေသည်။

ရေလုံ့အိုးကလေး ၂ လုံးကိုမူ အိုးလည်ပင်းတွင် ပိတ်ဖြူကြိုးဖြင့် ပူးတွဲချည်နှောင်ပြီး အလောင်းနှင့်အတူ သစ်စင်ပေါ်တွင် ထားလေသည်။ ထို့နောက် "မလာကြိုး" ခေါ် အပ်ချည်ကြိုးဖြင့် ကွမ်းရွက် စာချပ်၊ ကွမ်းယာ ၄၊ လက်ချည်ပြီး သေသူ၏ ကိုယ်ပေါ်တွင် တင်ထားရလေသည်။

## ခြေမကြိုး၊ လက်မကြိုးချည်နှောင်ခြင်း

လူသေအလောင်း၌ ခြေမကြိုး၊ လက်မကြိုး ချည်နှောင်ခြင်းအစ ဖြစ်လာရခြင်း အကြောင်းကို တကယ့်အဖြစ်အပျက်လိုလို၊ ပုံပြင်လိုလို ကျွန်ုပ်တို့ ငယ်စဉ်အခါကမှစ၍ ယခုတိုင် လူကြီးသူမများ ပြောဆိုနေကြသည်ကို ကြားရသည်မှာ -

ရှေးသရောအခါ ရွာတစ်ရွာ၌ ဥစ္စာကြွယ်ဝသူ မိန်းမကြီးတစ်ဦး အနိစ္စရောက်လတ်သော် အလောင်းကို ပြင်ဆင်ပြီးသောအခါ ၎င်းသေသူ ဝတ်ဆင်သည့် လက်ဝတ်တန်ဆာရတနာများကို အလောင်း၌ ဆင်ယင်ထားကြလေ၏။ ယင်းသို့ ဆင်ယင်ထားကြောင်း သိရှိသူ သူခိုး ၂ ယောက်တို့ကတဥာဏ်ဆင်ကာ တိုင်ပင်ကြပြီး မသာအိမ်သို့ သွားရောက်ကြလေ၏။ အချိန်ကား သန်းခေါင်ကျော်လောက်ရှိလေပြီ။ မသာအိမ်ပေါ်၌ အချို့ အိပ်သူအိပ်၊ အချို့မှာ စကားစမြည်များ ပြောဆိုနေကြလေ၏။

ယင်းအခါ သူခိုးတယောက်က အသင့်ဖမ်းယူလာခဲ့သော ကြောင်တကောင်ကို ဖွင့်ထားသည့် ပြတင်းပေါက်မှ သစ်စင်ပေါ်ရှိ လူသေအလောင်းပေါ်သို့ ကျော်၍ ပစ်လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် သစ်စင်အောက်မှ သူခိုးတစ်ယောက်ကလည်း လူသေ၏ ကျောကို တုတ်ချောင်းဖြင့် ထိုးတင်လိုက်ရာ လူသေမှာ ရုတ်တရက် မတ်တပ်ရပ်လာဘိသကဲ့သို့ ဖြစ်သည်ကို မြင်ကြရသဖြင့် ထိတ်လန့်ကြောက်ရွံ့ကာ "ကြောင်ကျော်၍ လူသေထသဟေ့" "ထားဝယ်လိုက သေကလုပ်ထသဟေ့"ဟုဆိုပြီး တစ်ယောက်မကျန် မသာအိမ်ပေါ်မှ ဆင်းပြေးကြလေ၏။

သူခိုး ၂ ယောက်တို့လည်း အားရွှင်လန်းစွာ လူသေအလောင်းမှ ဆင်ထားသည့် ရွှေငွေရတနာတို့ကို အကုန်ချွတ်ယူပြီးပြန်သွားကြလေ၏။ လူသေအား ထောက်တင်ထားသည့် တုတ်ကိုလည်း ဖြုတ်ယူကာ နေသားတကျ ပြန်၍ ထားခဲ့လေ၏။ ယင်းအကြောင်းကို မသာဆရာ သိလတ်သော်။ ၎င်းလူသေနောက်တဖန် မထရအောင် ခြေမ ၂ ခုနှင့် လက်မ ၂ ခုတို့ကို ကြိုးနှင့်ချည်နှောင်ပေးပြီး နောက်ထပ် ကြောင်များလည်း မကျော်ရအောင် ကြောင်များကို တောင်းနှင့် ဖုံးအုပ်ကာ ထားကြလေသည်။

ယင်းအခါမှစ၍ ယခုတိုင် လူသေအလောင်း၌ ခြေမကြိုး၊ လက်မကြိုး ချည်နှောင်ကြသည် ဟူ၍ ထုံးစဉ်လာတစ်ခုဖြစ်နေကြောင်း ပြောပြကြလေသည်။ ယခုတိုင် အယူသည်းသူ ကြောက်ရွံ့သူတို့မှာ အလောင်းကို ကြောင်မကျော်ရအောင် အထူးစောင့်ရှောက်ကြလေသည်။ (ဥတုဇရုပ် ကလာပ၏ သဘာဝနည်းအားဖြင့် ယူဆရသော် သေသူ၏ အလောင်းများသည် ရက်ကြာလျှင် ဖောင်းပွယောင်ရမ်းပြီး ခြေ ၂ ဘက် လက် ၂ ဖက်ကွဲကွာ၍ ဖြစ်လာတတ်ကြလေသည်။ ယင်းသို့ မဖြစ်စေရန် သူသေ၏ ခြေမကြိုး၊ လက်မကြိုးများကို ချည်နှောင် ပေးရသည်ဟူ၍ ဤစာရေးသူက တွေးထင်ယူဆပါသည်။)

## သစ်စင်၌ ဆင်ကြပုံ

သစ်စင်ကြီးများ၌ တိုင် ၆ ချောင်း စိုက်ထူပြီး ထုပ်လျှောက် အစုံ ထည့်ရလေသည်။ အမိုးမှာ ဝါးခြမ်းကို မကာန်းကွက် ယက်၍တင်ပြီး ပိတ်ဖြူအုပ် ပေးရလေသည်။ ၎င်းသစ်စင်၌ ပိတ်ဖြူနှင့်ဖြစ်စေ၊ အခြားအထည်များနှင့် ဖြစ်စေ အလိုရှိသလို ဆင်ပြီး အမိုး၏ ထောင့် ၄ ထောင့်၌ ခါချဉ်ထုပ်ခေါ် စက္ကူပန်းရှည်တစ်မျိုးကို ဆွဲထားလေသည်။

သင်နံ့ ၃ ခု၊ ညောင်ရွက်တချပ်၊ သရက်ရွက်တချပ်၊ ကွမ်းယာ ၃ လိပ်တို့ကို သစ်စင်အမိုး မျက်နှာကြက်တွင် အပ်ချည်ကြိုးဖြင့် ဆွဲထားရလေသည်။ သစ်စင်အနီး လူသေ၏ ခေါင်းရင်း၌ ခုံကလေးတစ်ခုပေါ်တွင် ဖယောင်းတိုင်မီးဖြစ်စေ၊ ရေနံဆီမီးခွက်ဖြစ်စေ အမြဲထွန်းညှိထားရလေသည်။ ရေလုံ့ခံသူမှာ ပိတ်ဖြူကို ချွတ်ပြီး ရိုးရိုးအဝတ်ဖြင့် ပင်မသားစောင့်ဟူ၍ ခြေရင်း၌ အမြဲနေရလေသည်။ ထမင်းကျွေးလျှင်လည်း ၎င်းတစ်ဦးတည်းကိုပင် အလွတ်သက်သက်ကျွေးရလေသည်။

(ခြေမကြိုး လက်မကြိုး ချည်နှောင်ပြီးမှလည်း

ကောင်း၊ အလောင်းကို ပြင်ပြီးမှလည်းကောင်း၊ အလောင်းကို မလှုပ်ရှားစေအပ်၊ မပြောင်းရွှေ့စေအပ်၊ ကျန်ရစ်သော အမျိုးတို့ ပျက်စီးတတ်ကုန်၏။) အလောင်းကို တင်းတိမ် ကာရာတွင် တင်းတိပ်ခေါင်းကို အတွင်းပြုရာ၏၊ အဖြူ သက်သက်ကိုသာ ကာရာ၏။ အပြောက်အနီ အမည်းတို့ကို ကာရာ၏။

(သုတသန္တိစ္စယမှုကျယ်ကျမ်းမှ)

အလောင်းအိမ်ပေါ်တွင် ရှိနေခိုက် အိမ်၌ ဆွဲကပ် ဆင်ထားသည့် သာသနာတော်နှင့် စပ်လျဉ်းသော ရုပ်ပုံများ မှတပါး အခြားသော ရုပ်ပုံနှင့် ကြည့်မှန်များကို အတွင်း ဘက်သို့ လှည့်၍ ထားကြလေသည်။

## အကူအပံ့ ချီးမြှင့်ကြခြင်း

"ဉာတကာနဥ္စ သင်္ဂဟော" ဟူသော မင်္ဂလာ တရားတော်အရ ဆွေမျိုးမိတ်သဟာယတို့က ဆင်းရဲနွမ်းပါးသူ သေဆုံးမှုအတွက်ကြေးငွေများဖြင့်လည်းကောင်း၊ ကိုလို ကြွယ်ဝ သူများအတွက် မူတော်သင့်သော ဝတ္ထု၊ ပစ္စည်းများ ဖြင့် လည်းကောင်း၊ အကူအပံ့ချီးမြှင့်ခြင်း ပြုကြလေသည်။ အချို့ သူတို့မှာ ပင့်သံဃာပါးရေကို မေးမြန်းပြီး သံဃာတော် များအား လှူဒါန်းရန် ဝတ္ထုပစ္စည်းများဖြင့် ကူပံ့ချီးမြှင့်ကြ လေသည်။

အချို့ရပ်ရွာများ၌ကား "ဒုမင်္ဂလာအဖွဲ့" ဟူ၍ ဖွဲ့စည်းကာ ရံပုံငွေ စုထားကြပြီးလျှင် အဖွဲ့ဝင်သူတို့နှင့်တကွ အဖွဲ့ဝင်သူတိုင်း၏ အနည်းဆုံးတော်စပ်သူ အသက် (၁၀) နှစ်အရွယ်နှင့် ၄င်းအထက်ကျော်လွန်သူများ အနိစ္စရောက် ရှိက အကူအပံ့ချီးမြှင့်ကြလေသည်။

## အလောင်းအိမ်ပေါ်၌ ထားရှိခြင်း

သင်္ကြန်ကျသောနေ့၊ အကြပ်နေ့၊ အတက်နေ့၊ လ ကွယ်နေ့ သေသူတို့ကို ညဥ့်မသိပ်ကောင်း။ ဆွေခုနစ်ဆက် ပြုန်းတီးတတ်၏။ ထိုနေ့၌ပင် သင်္ဂြိုဟ်ရာ၏။ မီးကိုလည်း သတ်ရာ၏။ နေ့ဘက်၌ အကူမခံကောင်း၊ ဆွမ်းမကျွေးကောင်း၊ ထိုနေ့ ဆွမ်းစိမ်း လှူရာ၏။ ပြုမိချေသော် အသက်တိုရာ၏။ ဥစ္စာပျက်ရာ၏။ ဆွေခုနစ်ဆက်ပျက်ရာ၏။ အလောင်းမချမီ ကူမှုကား အပြစ်မရှိ။

တစ်ရွာတည်း၌ တစ်နေ့တည်း နှစ်ယောက်သေမူ နောက်သေသူကို ရှေးဦး ချရာ၏။ အတူယှဉ်၍သော်လည်း သင်္ဂြိုဟ်အပ်၏။ တစ်ပြိုင်တည်း သေမူ နာတာရှည်နှင့် သေသူကို ရှေးဦးချစေရာ၏။ ညဦးမိုးသောက်သေမူ မိုးသောက်မှ သေသူကို ရှေးဦးချရာ၏။ (သုတသန္တိစ္စယမှု ကျယ်ကျမ်းမှ)

လကွယ်နေ့ သေသူကို ညဥ့်အိပ်ထားရန် မသာဆရာ တို့ ယတြာချေ၍ ပြုလုပ်ကြသည်မှာ -

အလောင်းကို ခေါင်းသွင်းပြီး အိမ်တံစက်မြိတ် အပြင်ဘက် မြေပြင်သို့ ချ၍သော်လည်းကောင်း၊ အိမ်အောက် က မြေကိုယူ၍ ခွက် ၄ ခု ထည့်ပြီး သစ်စင်ထောင့် ၄ ထောင့်တို့တွင် တစ်ခုစီထား၍သော်လည်းကောင်း စီမံပြုလုပ် ထားရှိကြလေသည်။ အလောင်းကို တစ်ညဥ့်အိပ်၊ နှစ်ညဥ့် အိပ် စသည်ဖြင့် ဆင်းရဲချမ်းသာအလိုက် ရက်တိုရက်ရှည် ထားကြလေသည်။ အချို့ မသာများမှာ ရပ်ဝေး၊ မြို့ဝေးကိုမှ မိဘ၊ သား၊ သမီး မောင်နှမ၊ ညီအစ်ကို ညီအစ်မ စသည့် ရင်းချာသူများအား အကြောင်းကြားလိုက်ပြီး ၄င်းအလာကို စောင့်မျှော် ကာ ရက်ရှည်ခေါင်းသွင်းထားကြလေသည်။

ယင်းသို့ ညဥ့်သိပ်။ ခေါင်းသွင်းထားပြီးနောက် ကိုလိုသူ မသာရှင်တို့မှာ နေ့စဉ် နံနက်တိုင်း အနည်းဆုံး သံဃာတော် တစ်ပါးကိုပင့်ပြီး သက်ပျောက်ဆွမ်း ထည့်ကြ လေသည်။ မကိုလိုသူတို့မှာ မသာချမည့်နေ့တွင်မှ သက် ပျောက်ဆွမ်း ထည့်ကြလေသည်။ သူသာန်၌ အသုဘရှု လှူဒါန်းရန် ပင့်သံဃာတော် အရှင်မြတ်များအား ၇ ပါး၊ ၉ ပါး၊ ၁၁ ပါး စသည်ဖြင့် (မ) အရေအတွက် အားဖြင့် ပင့်ကြလေသည်။ ဥပမာ သေဆုံးသူ၏ အသက် (၆၀) ရှိသည်ဖြစ်အံ့။ (မ) အရေ အတွက်အားဖြင့်ပင် ပင့်ကြလေ သည်။

## ဧည့်ခံဗလာဆိုင်း

(၁)

ရှင်သေမင်း။ လူချင်းရယ်တဲ့ မဟုတ်ပါ။ ဗိုလ်ပါ ဆင်မြင်းနှင့် စစ်ခင်းလို့ မတိုက်ရလေပါ။ အယူတော် မလွဲပါနှင့်။ သေမြဲငယ် ဓမ္မတာ။ အလိုကွယ်သည် တရား၊ ရွှေသားနှင့် ရှိလျက်ပါ။ အလောင်းစင် ကြာကလာပ် ကယ်နှင့် ပြဿဒ်ကလေးရယ်တဲ့ သုံးဆောင်ပေါ်၊ မြန်းရှာ တော့နော်။

(၂)

အို--- အလားမှာတဲ့၊ ရွှေပြောင်ပြောင်၊ ပျို့မောင်ကြီးငယ် ယဉ်ယဉ်စီးစေဖို့ ခုံကြီးရယ်- ရွှေမြင်းပေါင်။ တူမောင်မယ် နှစ်ပါး၊ သံဃာတော်များရယ်နှင့်၊ တရားတော်နာရအောင်။ ရေစက်ကယ်တဲ့ ခုချိန်တော်။ ပျို့မောင်ကြီး--ကုသိုလ်ရအောင်လို့။ အမျှဝေပမနော်။

(၃)

ပျို့မောင်ကြီးရယ် ရှင်မယ်ဆို --- တရွာကို တဆရာပြောင်းပါလို့၊ ပျို့ငယ်ပေါင်းကိုတဲ့၊ မကုလိုက်ရလေ။ ဖိတ္တော့ာကျမ်းနှင့် ဓာတ်ကျမ်းတွေ။ မန်ကျည်းဖျော်ရည် ဆီထမင်းငယ်နှင့် ရင်အပူ ကင်းအောင်လို့၊ လှဲ့လှဲ့ဝင်း မကုလိုက်ရလေ။

(၄)

မောင်သေရင် မြေမဖို့ပါနဲ့၊ မီးရှို့လို့ သင်္ဂြိုဟ်ပါ။ ထုံးစံရှိရာ၊ ပြာပုံမှာ -လိပ်ပြာတော် ကိုယ်စား---- ဘုရားစေတီတည်လို့ ကိုးကွယ်တော့လား။

(၅)

အို---ဘယ်ဘုရားမှာတဲ့ ဆွမ်းတော်တင်၊ ဘယ်ပလ္လင်မှာ ညောင်ရေလောင်းပါလို့ ပျိုတို့ မောင်ငယ်က ပေါင်းကို အောင်းမေ့လှသရှင်။

(မျောက်မင်းအူသံ သီချင်းများ)

အချိန်ကား နေဝင်ရီတရောအချိန် ဖြစ်ပေသည်။ အပလီ အခရာ အချွဲ၊ အညွှတွေနှင့် ခပ်ဆွဲဆွဲမှုတ်လိုက်သည့် နဲကြီးဆရာ ဆရာညွှန့်၏ နဲသံသည်လည်းကောင်း၊ ဝိုင်းတော်အတွင်းမှ လက်သံပြောင်ပြောင်နှင့် တီးလိုက်သည့် နာမည်ကျော် ဝိုင်းတော်တီးဆရာ ဦးကံ၏ ပတ်လုံးသံများသည်လည်းကောင်း၊ ဒိုးတီးဆရာ ဆရာပုတ်ထုလိုက်သည့် တထိထိမည်သော ပတ်မကြီး အသံသည်လည်းကောင်း၊ ယင်းအသံများသည်ကား မသာအိမ်တစ်အိမ်၏ အိမ်ရှေ့မျက်နှာစာ ယာယီအမိုးအောက် မြေပြင်တွင် တီးကြ၊ မှုတ်ကြ၊ ထုကြသော လွမ်းစရာများ၊ ဆွေးစရာ၊ ကြေကွဲစရာ ဖြစ်သည့် မသာအိမ် ထုံးစံ ရေးအစဉ်အလာအရ တီးကြမှုတ်ကြမြဲဖြစ်သော မျောက်မင်းအူသံ သီချင်းများပေတည်း။

ယင်းမျောက်မင်းအူသံ သီချင်းနှင့်တကွ မသာအိမ်ပေါ်ရှိ သစ်စင်ပေါ်တွင် သိပ်ထားသည့် အလောင်းအနီး ရပ်ကာ (မသာဆရာအလောင်းပေါ်သို့ မျက်ရည်မကျစကောင်းဟူ၍ သတိထားသဖြင့်) မျက်ရည်ကလေးများကို ပဝါဖြင့် သုတ်လျက် သုတ်လျက် ငိုကြွေး မြည်တမ်းကြသည့် အရွယ်လတ် အရွယ်အို မိန်းမများတို့၏ အသံသည်လည်း ရောနှောလျက် ကြားရပြန်လေသည်။ ယင်းအခါဝယ် ကျွန်ုပ်တို့ လူမမယ်မှာ ဆိုင်းအတီးအမှုတ်များကို နားထောင်ချင်သော်လည်း လူသေကို မြင်လျှင် ကြောက်ရွံ့တတ်သော စိတ်ရှိသည်နှင့်အိမ်ပေါ်ရှိသစ်စင်ကို မမြင်ရသော ထောင့်တထောင့်မှနားထောင်ရလေသည်။ မျောက်မင်း အူသံ တီးပြီးလျှင် ယိုးဒယား၊ ပတ်ပျိုး၊ ကာလတီးလုံးများကို ဆက်လက်တီးမှုတ်ကြလေသည်။

ယင်းနောက် ညဦးယံအချိန်တွင် ဝါသနာပါသူ ခေတ်မောင်လူငယ်များတို့က ကာလတီးလုံး သီချင်းများဖြင့်လည်းကောင်း၊ လူလတ်များကမူ ယိုးဒယားပတ်ပျိုး အမျိုးမျိုးသော သီချင်းကြီး သီချင်းခံများဖြင့်လည်းကောင်း၊ ဆိုင်းဝိုင်းနှင့် ကြေးဝိုင်းအကြား၌ ကျနစွာ ထိုင်လျက် သူတမျိုး ငါတဖုံ အသီးသီးဆိုကြရာ အချို့မသာအိမ်များ သန်းခေါင်ကျော်အချိန်ထိပင်ဖြစ်လေသည်။

ယင်းသို့ ဧည့်ခံဆိုင်း တီးမှုတ်ကြသည်မှာ မသာချခါနီး ညမှစ၍ ချမည့် နံနက်ပိုင်း နေ့လည်ပိုင်းနှင့် သုသာန်ရောက်သည်အထိ တီးမှုတ်ကြရလေသည်။ အချို့ ကုံလုံကြွယ်ဝသူ မသာရှင်တို့မှာ အလောင်းသိပ်ထားသည့် ညတိုင်း တီးမှုတ်၍ ဧည့်ခံကြလေသည်။

ယင်းသို့ ၂ ဆိုင်းအမြိုင် တီးမှုတ်ကြသည့်အခါ ဖယောင်းတိုင် အငယ်တစ်ချောင်းကို ညီမျှစွာ ၂ ပိုင်းဖြတ်ပြီး ဆိုင်းပေါ်တွင် မီးညှိလျက် တီးမှုတ်စေရာ မီးငြိမ်းမှ ရပ်နားရလေသည်။ ၄င်းနောက် တဖက်ဆိုင်းကိုလည်း ဤနည်းပင် ဖယောင်းတိုင် မီးဖြင့် ထွန်းညှိ အချက်ပေးပြီး တီးမှုတ်ရလေသည်။

ယင်းသို့ အပြိုင်တီးမှုတ်ကြရာဝယ် ဝိုင်းတော်သားများမှာ သူ့ထက် ငါသာ အစွမ်းကုန် ကြိုးစားတီးမှုတ်ကြရသည့်အတွက် များစွာပင် ပင်ပန်းကြလေသည်။ ထို့နောက် သန်းခေါင်ကျော်အချိန်လောက်တွင် ရပ်နားစားသောက်ပြီး အိပ်စက်ကြလေသည်။ အရဏ်တက် အချိန်ကျပြန်လျှင်

မျောက်မင်းအူသံကပင်စ၍ တီးမှုတ်ကြပြန်လေရာ ညနေ အချိန်က တီးမှုတ်သကဲ့သို့ပင် အရင်းအချာများ ဝိုင်းဝန်းငိုယို မြည်တမ်းကြပြန်လေသည်။

## သုံးခေတ်ပြောင်းပြီး လုံးဝပျောက်

မသာအိမ်တွင် ဆိုင်းတီးရာ၌ -

(၁) ပထမခေတ်တွင် ဗလာဆိုင်း၌ အရပ်သားများ အဆို။

(၂) ဒုတိယခေတ်တွင် ဆိုင်း နောက်ထများက ဟာသဖြင့် အသုံးတော်ခံကြသည်။

(၃) တတိယခေတ်တွင် မင်းသား၊ မင်းသမီး ၂ ပါး သွားနှင့်လူရွှင်တော်များပါ အသုံးတော်ခံကြသည်။

ယင်းနောက် ညဘက် ဆိုင်းတီးခြင်း တစ်စ တစ်စ နည်းပါးသွားလေတော့ရာ ယခုအခါ အချို့သော ကျေးရွာ များတို့တွင်သာ အနည်းအကျဉ်း ရှိလေတော့သဖြင့် မြို့ပေါ် တွင်မူ လုံးဝပျောက်ကွယ်ခဲ့သည်မှာ နှစ်ပေါင်း (၃၀) ခန့်ရှိပြီး ယခုအခါ ချဆိုင်းသာလျှင် တီးကြလေတော့သည်။

## မသာချ အစီအစဉ် အခမ်းအနားများ

မသာချတိုင်း လူငယ်ဖြစ်က အငြိမ့် တီး၍ ချကြ သည်။ လူကြီးဖြစ်မူ ဆိုင်းဝိုင်းကြီးများဖြင့် လှည်းပေါ်တွင် တီး၍ချကြသည်။

လူကြီးများအတွက် မသာချမည့်နေ့ (၁၁) နာရီ ကျော် အချိန်လောက်ကစ၍ လှည်းပေါ်တွင် ဆိုင်းဝိုင်းကြီး တင်ပြီး မသာရှေ့၌ တီးမှုတ်ကြလေသည်။ သို့သော် မသာအိမ်တွင် တီးသကဲ့သို့ အဦးအစတီးရာတွင် မျောက်မင်း အူသံကို မတီးတော့ဘဲ ကာလတီးလုံးကစ တီးမှုတ်ကြလေသည်။

မသာချမည့်နေ့တွင် မသာချမည့် တံခါးပေါက်အပေါ် ၌ မသာဆရာက ပိတ်ဖြူဖြင့် ချည်တန်းထားပြီး လှေကား အဆင့်တိုင်းတွင်မူ ဝါးခြမ်းစိတ်ကလေးများဖြင့် ယာယီ လှေကားသဘော တပ်ချည်ထားလေသည်။

၎င်းနောက် ပင့်သံဃာတော်များအား လှူဒါန်းရန် ပစ္စည်း ဝတ္ထုများကိုလည်း အသင့်စီစဉ်ထားကြလေတော့သည်။

ပစ္စည်းများမှာ ချမ်းသာ ဆင်းရဲအလိုက် ဝတ္ထုငွေ၊ သင်္ကန်း၊ ဆန်အိတ်၊ ဆီပုံး၊ ရေနံဆီပုံး၊ ပန်းကန်ခွက် စသည်တို့နှင့်တကွ ဆွမ်းခြောက်ပစ္စည်း စသည်တို့ကို သံဃာတော် ပါးရေအလိုက် စီစဉ်ထားကြလေသည်။

ယင်းအလှူပစ္စည်းများ စီစဉ်ထားရှိပုံကို ခေတ် ၃ ခေတ်အရ ခွဲခြား၍ ဖော်ပြရပါမူ -

(၁) ပထမရှေးခေတ်တွင် လှည်းယာဉ်များပေါ်၌ တင်၍လည်းကောင်း၊

(၂) ဒုတိယခေတ်တွင် ရထားယာဉ်များပေါ်၌ တင်၍လည်းကောင်း၊

(၃) ယခု နောက်ဆုံးခေတ်တွင် မော်တော်ယာဉ်များ ပေါ်၌လည်းကောင်း ထားရှိကြလေသည်။

ကျေးရွာများတွင်မူ ယောကျ်ားများ ထမ်း၍လည်း ကောင်း၊ မိန်းမများက ရွက်၍လည်းကောင်း စီစဉ်ပြုလုပ်ကြ လေသည်။

အလောင်းချဖို့ တင်ရန်မှာ -

ရှေးခေတ်အခါက တလားပြသာဒ်များကို ဝယ်ယူပြီး ဝါးလုံး (၇) လုံးဖြင့် ချည်ထားသည့် မြင်းပေါင်ပေါ်တွင်လည်း ကောင်း၊ လှည်းခင်တိတ်ပေါ်တွင်လည်းကောင်း တင်ကြလေ သည်။

ဒုတိယခေတ်တွင် လှည်းခင်တိတ်ပေါ်၌ တလား ပြသာဒ်ပါ အမြဲပြုလုပ်ပြီး မည်သူမဆို ယူနိုင်ရန် လှူဒါန်း ထားသည့် ခင်တိတ်ပြသာဒ်ကို အသုံးပြုကြလေသည်။ နောက်ဆုံး ယခုခေတ်တွင်မူ (လွန်ခဲ့သော ၃ နှစ် ခန့်ကစ၍) ရန်ကုန်မြို့တော်ကြီး၌ ပြုလုပ်ကြသည့်နည်းတူ ခြင်ထောင် ပုံသဏ္ဍာန် ပြုလုပ်ထားသည့် အလောင်းတင် မော်တော် ယာဉ်ကို ငှားယူအသုံးပြုကြလေသည်။ ကျေးရွာ များ၌မူ လှည်းယာဉ်ပေါ်တွင် တလားပြသာဒ်၊ သို့မဟုတ် ခြင်ထောင် ပုံဆင်ပြီး အသုံးပြုကြလေသည်။

မသာချခါနီးလျှင် သစ်စင်၌ ဆွဲထားသည့် ခါချဉ် ထုပ် ၄ ထုပ်ကို ယူပြီး အလောင်းတင်မည့် ပြသာဒ် (သို့ ဟုတ်) ခြင်ထောင်ပုံ ၄ ထောင့်တွင် တစ်ထုပ်စီ ဆွဲထားရ လေသည်။

သစ်စင်အနီး၌ အသင့်ပြင်ဆင်ထားရှိသည့် ပစ္စည်းများ မှာ -

အလောင်း သွင်းထည့်ရန်ခေါင်း၊ ဆန်နှင့်တကွ ဆွမ်းခြောက်မျိုးစုံပါသည့် တရားဦးပွဲ၊ (၎င်းကို တောင်း သို့မဟုတ် ဇလုံနှင့် ထည့်ရသည်) သင်းကျွန်းအုပ်ခေါ်ပွဲ တော်အုပ်၊ ၎င်းအတွင်း၌ ကွမ်းသီး ၅ လုံး၊ ကွမ်းရွက် တစည်း၊ ဆေးလိပ် ၁၀ လိပ်၊ ဆေးရွက်ကြီးနှင့် မီးခြစ်တစ် လုံး၊ လင်ပန်းအတွင်း၌ ပေါက်ပေါက်အနည်းငယ်။

“ဖူးစာပွဲ” ခေါ် ဖလားအတွင်း၌ သေသူ၏ အဝတ်တစ်စုံ၊ ပဝါတစ်ပိုင်နှင့် ဖယောင်းတစ်တိုင်၊ ပန်းတစ်ပွင့်၊ ကွမ်းရွက်တစ်ချပ်၊ ၄င်း ၃ မျိုးကို လိပ်၍ ချည်မျှင်ကြိုးနှင့် ချည်ပြီး ထည့်ရသည်။ ထို့နောက် အရင်းအချာနှင့် ဆွေမျိုးများ အဝတ်ဖြူ လဲရန် စုရုံးပြင်ဆင်ကြရလေသည်။ ပိတ်ဖြူပိုင်းကို လူကြီး တစ်ယောက်လျှင် ၄ ထောင့် ၁ ထွာ။ လူငယ်တစ်ယောက်လျှင် ၃ တောင် ၁ ထွာဖြတ်ပေးပြီး အရှည် ၃တောင် အနံလက် ၄ သစ်ခန့် ခေါင်းပတ် ဖြတ်ပေးရပေသည်။

အဝတ်ဖြူလဲမည့်သူ အရေအတွက်မှာ ကျား၊ မ နှစ်ဦးစလုံးပေါင်း (မ) အရေအတွက်ပင် ဖြစ်စေရသည်။ ထို့နောက် ရှေးဦးစွာရေလုံ့ခံသူက ခေါင်းပတ်ကို အရင်ပတ်ပြီး အဝတ်ဖြူ ဝတ်ရသည်။ ၄င်းနောက်ကျန်လူများအားလုံး ဝတ်ကြရသည်။ အဝတ်ဖြူလဲ၍ ဝတ်ပြီးလျှင် အလောင်းကို ခေါင်း တွင်းသို့ သွင်းထည့်လေတော့သည်။ သစ်စင်ပေါ်၌ တင် ထားသည့် ရေလုံ့အိုး ၂ လုံးကိုလည်း အလောင်းနှင့်အတူ ခေါင်းတွင်းသို့ ထည့်ရလေသည်။

၄င်းနောက် သေသူထက် ငယ်ရွယ်သူ အဝတ်ဖြူ လဲသမားများက အလောင်းကို ကန်တော့ကြလေသည်။

ယင်းနောက် အိမ်ပေါ်မှချသည့် အစဉ်လိုက်မှာ-

(၁) တရားဦးပွဲ
(၂) သင်းကျွန်းအုပ်
(၃) ပေါက်ပေါက် ကြဲရသည့် (လှေကားမှစ၍ ကြဲရာ ကုန်သည့်နေရာမှ လင်ပန်းကို မှောက်၍ ထားခဲ့ရသည်။
(၄) အလှူပွဲအစုံအလင်
(၅) မသာအလောင်း
(၆) အဝတ်ဖြူ လဲသူများ

အစီအစဉ်လိုက် အိမ်ပေါ်မှာ ဆင်းကြလေသည်။

ယင်းနောက် သစ်စင်ပေါ်မှ ကြိမ်း (၇) ချောင်းနှင့် တကွ ထုပ်၊ လျှောက်၊ အမိုး၊ အခြင်များကိုဖျက်ပြီး ကြိမ်နှင့် စည်းလျက် စင်တိတ်ပေါ်တွင် တင်လိုက်လေသည်။

ရဟန်း၊ ပဥ္စင်းများနှင့်သော်လည်းကောင်း၊ မင်းမျိုး မင်းနွယ်များနှင့်သော်လည်းကောင်း၊ အဆက်အစပ်ရှိသူ များမှာ ရွှေထီးအုပ်မိုးကြလေသည်။ ရဟန်း၊ ပဥ္စင်းအမိ မသာကို မယ်တော်ပျံဟူ၍လည်း ကောင်း၊ အဖ၏ မသာကို ခမည်းတော်ပျံ ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြလေသည်။ ယင်းကဲ့သို့သော မသာများချသည့်အခါ သံဃာ တော်အရှင်မြတ်များပါ မသာရှေ့က ကြွရောက်လိုက်ပါတော်မူ ကြလေသည်။

မသာချရာ၌ အတီး၊ အမှုတ်များမှာ ဆိုင်းဝိုင်း၊ အငြိမ့်၊ ဗျိုင်းတောင်၊ ဘင်ခရာ စသည်များ ပါရှိလေသည်။ သာမန် မသာတိုင်း အနည်းဆုံး ဆိုင်းဝိုင်းကြီး တစ်ခု ပါရှိလေသည်။ ထားဝယ်မြို့ပေါ်၌ မြှုပ်နှံသင်္ဂြိုဟ်ကြသည့် သုသာန် များမှာ ကြက်သံဒိုင်း သုသာန်ကြီး။ ကျက်စားပြင် သုသာန်၊ ကျောက်မော်ကြီး သုသာန်နှင့် ဝဲကျွန်းသုသာန်များ ဖြစ်သည်။

ယင်းသုသာန်များသို့ မသာချကြရာ အဝေးဆုံးခရီးမှာ ၂ မိုင်ခန့်မျှ ရှိလေသည်။ မသာပို့လိုက်သူများသည် ရထား၊ မော်တော်ကားများနှင့် လိုက်ပို့သူ နည်းပါးကြ၍ ခြေကျင်လိုက်သူများကြသည်။ သုသာန်သို့ ရောက်လျှင် တလားပေါ်မှာ အလောင်း ကို ဇရပ်ပေါ်သို့ချပြီး အဖုံးကို ဖွင့်၍ ရေလုံ့အိုး ၂လုံးကို ယူထုတ်ပြီး ခွဲပစ်လိုက်လေသည်။ ခင်တိတ်ပေါ်၌ ပါလာ သော သစ်စင်မှ ဝါးကြမ်းများကိုလည်း မီးရှို့ပစ်လိုက်လေသည်။

**အရိုးအိုး**

ရှေးခေတ်အခါက အရိုးအိုးကို မြေကြီးနှင့် ပြုလုပ်၍ ယခုခေတ်အခါမှာမူ ဖန်ဗူးနှင့် ပြုလုပ်ကြသည်။ ဗူးအလယ်တည့်တည့်မှာ ဝါးခြမ်းတိုင်ကလေး၌ ပန်းနှင့် ဖယောင်းတိုင်များကို အပ်ချည်ကြိုးဖြင့်ပတ်၍ ချည်ထားရလေသည်။

ချည်ပုံမှာ အောက်ဆုံး၌ (၇) တိုင်၊ ထို့နောက် အဆင့်ဆင့် (၆) တိုင်၊ (၅) တိုင်၊ (၄) တိုင်၊ (၂) တိုင် အပေါ်ဆုံးမှ (၁) တိုင် ချည်ရသည်။

**လိပ်ပြာခေါ်ပုံ**

ထို့နောက် “လိပ်ပြာခေါ်”ဟူ၍ လူ ၂ ယောက်က ပိတ်ဖြူ ၄ တောင့်ပိုင်းကို တစ်ဖက်စီကိုင်ပြီး “ဖစ်ဖစ်” နှင့် (၇) ကြိမ်မည်ကာ (၇) ကြိမ် ချချည်၊ တင်ချည် အရိုးပေါ်၌ ပြုလုပ်ပေးရလေသည်။

ယင်းသို့ဖြင့် (၇) ကြိမ် စေ့ပြီးလတ်သော် အရိုး အိုးအတွင်း ထည့်ရသည်။

**တွင်းကလေးအပေါ်မှာ**

ထို့နောက် တွင်းကလေးတစ်တွင်း တူးပြီး ၎င်းတွင်းပေါ်မှာ ရေလုံ့ခံ့သူက ပိတ်ဖြူကို ခေါင်းမြီးခြုံကာ ခြေဆင်းပြီး ထိုင်နေရလေသည်။ ၎င်းသူ၏ ပေါင်ပေါ်မှာ အရိုးအိုးကိုတင်ထား။ ရေရိုးရိုးဖြင့် အိုး၌ အရိုးကို ထည့်၍ ဆေးရသည်။ ထို့နောက် မသာဆရာက ဖူးထဲမှ ညောင်ရွက်တစ်ချပ်စီ (၃) ကြိမ်၊ (၃) ချပ် ယူပစ်ရလေသည်။

ထို့နောက် ငွေဒင်္ဂါး ၂ ကျပ်ဖြင့် စိမ်ထားသည့် ငွေရည်ဖြင့် (၂) ကြိမ်ဆေးပြီး ညောင်ရွက် (၂) ချပ်ကို တစ်ချပ်စီ ယူပစ်လိုက်လေသည်။ ထို့နောက် အုန်းသီးစိမ်းရည်နှင့် ဆေးပြီး ကျန်ညောင် ရွက်တစ်ချပ်ကို ယူပစ်ရပြန်သည်။ နောက်ဆုံးတွင် ရေမွှေးရည်နှင့် ဆေးပြီး ကျန်ညောင်ရွက်တစ်ချပ်ကို ထုတ်ယူပစ်လိုက်လေသည်။

**အရိုးကို အစာကျွေးခြင်း**

မသာဆရာက သေသူ၏ အမည်ကို ခေါ်ပြီး ထမင်း (၇) ဆုပ်ကို ရေလုံ့ခံသူ၏ ပေါင်ကို ကျော်၍ ပစ်လေသည်။ "အချိုစာ" ဟူ၍ ငှက်ပျောသီးကို ကျော်၍ ပစ် လေသည်။ ထို့နောက် "ဆေးလိပ်သောက်ပါ" ဟူ၍ဆိုကာ ဆေးလိပ်ကို မီးတို့၍ ကျော်ပစ်လေသည်။

**အရိုးအိုးကို သရဏဂုံတင်ခြင်း**

ထို့နောက် (၃) တောင့် ပိတ်ဖြူပိုင်းဖြင့် အရိုးအိုးကို ပတ်ထုပ်ပြီး ရေလုံ့ခံသူကပင် ပိုက်ယူသွား။ နောက်မှ လူတစ်ယောက်က ကြေးဖလားတီး၍ လိုက်ရလေသည်။

ဘုန်းတော်ကြီး တစ်ပါးကို ပင့်ပြီး ဇရပ်ပေါ်၌ သရဏဂုံတင်၊ ရေစက်သွန်းချ အမျှပေးဝေလေသည်။

**မြှုပ်မည့်နေရာသို့ အတီးအမှုတ်ဖြင့် ယူသွားခြင်း**

(ရေလုံ့ခံသူကပင် အရိုးအိုးကို ပိုက်ကာ ရှေ့က သွားပြီး ကျန်လူများ နောက်က လိုက်ကြသည်။ အရိုးကောက်ဆိုင်းငှားရမ်း၍ တီးက၊) နဲ့ပတ်သာ ဗုံမောင်းများဖြင့် နောက်တီးမှုတ်၍ လိုက်ကာ မြှုပ်မည့်နေရာသို့ ဆောင်ယူသွားကြလေသည်။ ယင်းနောက် အရိုးအိုးကို တွင်းထဲသို့ ချပြီး အားလုံး မြေ (၃) ဆုပ်စီချ၍ မြှုပ်လိုက်လေသည်။

အရိုးအိုးပုံကို မသာရှင်က ပန်းရံဆရာများအား ငှားရမ်းပြီး ခေတ်အလိုက် ပသာဒဖြစ်အောင် လုပ်ကိုင်ကြစေလေသည်။

သင်္ချိုင်းပုံမှာ ကဲ့သို့ပင် စာများကိုလည်း ရေးတပ်ထားကြစေလေသတည်း။

× × ×

အလျဉ်းသင့်သဖြင့် ရှင်မုတ္ထီးဘုရားသမိုင်းမှ ထုတ်နုတ်ဖော်ပြလိုက်သော -

**အရိုးဆေးကန်**

အင်းဝတိုင်းပြည်ကို အုပ်ချုပ်စိုးစံသည့် အင်းဝဘုရင် "မင်းခေါင်"သည် ထားဝယ်သူ "ဆံရှည်မ" နှင့် သင့်မြတ်၍ မျက်နှာမြင်သော သားတော်အား ယခု ရှင်မုတ္ထီးဘုရားကြီး ကိန်းဝပ်တော်မူသည့် နေရာ၌ မြို့စားပေးအပ်သည်ကို အင်းဝသူ အနောက်မိဖုရားက မနာလိုသဖြင့် တဉာဏ်ဆင်တာပုဏ္ဏားတော်များအား ဆုလာဘ်ပေးကာ သွားရောက်စေပြီး သောက်တော်ရေတွင်း၌ "မှတ်ဆေး" ခတ်စေလေသည်။

မုတ္ထီးမင်းတရားမှာ နံနက်စောစော ၎င်းရေကို သောက်မိ၍ သွက်သွက်ခါမျှ ရူးသွပ်လေ၏။ ပညာရှိမှူးမတ်တို့အား အကြောင်းစုံကို ဉာဏ်ဖြင့် ဆင်ခြင်ရာ ပုဏ္ဏားတော်များ ဆေးခတ်သွားကြောင်းကို သိရှိလတ်သော်၊ ခြေလျင်တော်များအား နောက်ပါးမှ ထပ်ကြပ်မကွာ လိုက်၍ သတ်စေရာ၊ မုတ္ထီးမြို့နှင့် (၇)မိုင်ခန့် အကွာ ဝဲကျွန်းရပ် အနောက်ဘက်ကွင်း၌ တွေ့သဖြင့် အဆုံးစီရင်လိုက်လေ၏။

ခြေလျင်တော်များမှာ ပုဏ္ဏားတော်များကို သတ်ပြီး အပြန် ဝဲကျွန်းရပ်နှင့် မနီးမဝေး ယခု သုသာန်ကြီးအနီး ကန်တစ်ခု၌ သွေးပေသော ဓားများကို ဆေးကြသဖြင့် ထိုစဉ်က "သွေးဆေးကန်"ခေါ်တွင်၏။

နှောင်းခေတ်တွင် အလောင်းကို မီးသင်္ဂြိုဟ်ပြီး ၎င်းကန်မှ ရေကို ခပ်ယူကာ အရိုးများကို ဆေးကြသဖြင့် ယခုအခါ "အရိုးဆေးကန်" တွင်ရှိလေသည်။ ၎င်းအနီး ဘုန်းတော်ကြီးကျောင်းကိုလည်း "အရိုးဆေးကန်ကျောင်း" ဟုပင် သမုတ်လျက် တရားအားထုတ်ရာ နာမည်ကျော် ရိပ်သာကြီးတစ်ခု ဖြစ်လေသည်။

**ညစာနှာ နံနက်တရားနာ**

ရှေးခေတ်အခါက အရွယ်ရောက်သူ လူကြီးများ သေဆုံးတိုင်း (၇) ရက်စေ့မှ သပိတ်သွတ် (ဆွမ်းထည့်ခြင်း) အလှူပြုလုပ်ကြလေသည်။

ပရိသတ်များအား ဖိတ်ကြားလျှင်လည်း ''မည်သူ သေဆုံးသည့်အတွက် မည်သည့်နေ့ကို မသာအိမ်ညစာ နာ၊ နံနက်တရားနာကြွပါ''ဟူ၍ ဖိတ်ကြားလေသည်။

၆ ရက်နေ့မြောက် ညဘက်တွင် လောကုတ္တရာ စာပေအကြောင်းဟောပြောတတ်သူ စာဟောပြော ဆရာကြီး တစ်ဦးအား ဟောရန် ဖိတ်ခေါ်ထားချက်အရ လာရောက် ဟောပြော၍ ပရိသတ်များကစာနာကြလေသည်။ စာဟောဆရာ အား မသာရှင်က စေတနာရှိသရွေ့ ချီးမြှင့်လေသည်။

အချို့မသာအိမ်များမှာမူ ''ဆရာကြီး ဦးကံဒိုက်'' အား ဖိတ်ခေါ်ပြီး ဟောပြောစေလေသည်။ ယင်းအခါက ကျွန်ုပ်သိသရွေ့၊ မှတ်မိသရွေ့၊ စာဟောဆရာများမှာ ဇရစ်ရပ်မှ ဆရာကြီးဦးရွှေမောင်၊ ခုံဝင်းတပ်ရပ်မှ ဆရာကြီး ဦးရွှေသီ၊ တံငါရပ်မှ ဆရာကြီး ဦးဘိုးရွှေတို့ဖြစ်ကြလေသည်။ (ယခုအခါ ၎င်းဆရာကြီးများ ကွယ်လွန်ကြလေပြီ။)

ညစာနာလည်း ပျောက်ကွယ်ခဲ့သည်မှာ နှစ်ပေါင်း အတော်ကြာခဲ့ပေပြီ။ အပျော်ကစားပွဲများဖြင့်သာ ခေတ်မောင် တို့ ကစားကြလေသည်။ ကျွန်ုပ်မှာ ပဆစ်ပစ် ဝါသနာပါ သည်။ ၇ ရက်နေ့မြောက် နံနက်အချိန် သံဃာတော်များအား ပင့်ပြီးနောက် ဆွမ်းသွတ် (ဆွမ်းထည့်) အမျှပေးဝေကြလေ သည်။ ဆွမ်းသွတ်တိုင်း ရှေးအစဉ်အလာကို စွဲ၍ မဲဇလီ ရွက်ဟင်း၊ ပုံးရည်နှင့်ရော၍ ချက်သော ငါးဟင်း၊ သနပ်၊ ငါးပိစိမ်း၊ မုန့်ဆီကြော်၊ ကတိုးခွာမုန့်များ အမြဲပါရှိလေသည်။

အမျှပေးဝေပြီးနောက် ''တံခွန်'' ခေါ် ရင်ကန်းခက် အဖျား၌ ရင်ကန်းရွက် အနည်းငယ်နှင့် ကွေးညွတ်ပြီး အပ်ချည်ဖြင့် ချည်ဆွဲထားသည့် စက္ကူရုပ်နတ်သားကို သင်္ချိုင်းမြေပုံ ခေါင်းရင်း၌ သွားရောက်စိုက်ထား၏။ ၎င်း ကို တံခွန်ထောင်သည်ဟု ခေါ်သည်။

ယခုခေတ် မသာများမှာ (၃) ရက် ဆွမ်း (၅) ရက် ဆွမ်းကို အများအားဖြင့် သွတ်ကြပြီး ၇ ရက်စေ့လျှင် ''တံခွန်ထောင်''ဟူ၍လည်းကောင်း၊ ''(၇) ရက်ပို့'' ဟူ၍လည်းကောင်း ပရိသတ် အနည်းအကျဉ်းနှင့် သုသာန် ဇရပ်တစ်ဆောင်ဆောင်၌ဖြစ်စေ၊ သုသာန်အနီး ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်း ကျောင်း၌ဖြစ်စေ၊ မုန့်တီဟင်းခါး ဖြင့် ကျွေးပြီး ပြုလုပ်ကြလေသတည်း။

''အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒါဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ - နိရုဇ္ဈန္တိ တေသံ ဝူပ သမော သုခေါ။

(ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် ကူညီကြ သော မသာဆရာများအား အထူးကျေးဇူးတင်ပါကြောင်း)

**ရွှေဝယ်ဇ**

**ပြည်ထောင်စုယဉ်ကျေးမှုစာစောင်၊ အတွဲ(၃)၊**
**အမှတ်(၁၁)၊ ၁၉၆၂ ခု၊ မတ်လထုတ်မှ**
**ကောက်နုတ်တင်ပြထားပါသည်။**



# ထားဝယ်
## ကျွဲမင်းပုံပြင်မှရရှိသော
# ထားဝယ်ယဉ်ကျေးမှုများ

မွန်မွန်အောင်

*ကျွန်မသည် ထားဝယ်တက္ကသိုလ်တွင် ၂၀၀၈ခုနှစ် မှ ၂၀၁၀ ခုနှစ်အထိတစ်ကြိမ်၊ ၂၀၁၈ ခုနှစ်မှ မှ ၂၀၂၀ ခုနှစ်အထိတစ်ကြိမ် နှစ်ကြိမ်တိတိတာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထားဝယ်တွင်နေရချိန်အတွင်း ထားဝယ်ယဉ်ကျေးမှုများကို လေ့လာခဲ့ပါသည်။*

ဤဆောင်းပါးသည် ထားဝယ် ဒေသရှိ ကျွဲမင်းပုံပြင်မှ ရရှိလာသော ယဉ်ကျေးမှုများကို ဖော်ထုတ်ထားပါသည်။ ဒဏ္ဍာရီပုံပြင်များနှင့် ရိုးရာ ပုံပြင်များသည် လူတို့၏ယဉ်ကျေးမှု ကျင့်ဝတ်နှင့် စိတ်ကောင်း နှလုံးကောင်းများဖြစ်တည်စေရန် အထောက်အကူပြုပါသည်။ ကျွဲမင်းပုံပြင်မှရရှိသော ထားဝယ်ယဉ်ကျေးမှုများကို ဤဆောင်းပါးတွင် ဖော်ထုတ်တင်ပြသွားပါမည်။



*ရှင်မုတ္ထီးကျေးရွာပြမြေပုံ (ဓာတ်ပုံ-မွန်မွန်အောင်)*

၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ထားဝယ်ကို ပထမဆုံးရောက်သည့်အချိန်တွင် ရှင်မုတ္ထီး ဘုရားကို သွားဖူးစဉ် ကျွဲသားအဖ ခတ်ကြသည့် ရိုးရာပွဲတော်ကျင်းပချိန်လည်း ဖြစ်ပါသည်။ ရှင်မုတ္ထီး ဘုရားသည် ထားဝယ်မြို့နှင့် ၆ မိုင်ကွာဝေးသော ရှင်မုတ္ထီးကျေးရွာတွင် တည်ရှိသည်။ ထို့ကြောင့် ကျွန်မက ဤပွဲတော်၏နောက်ခံကို စိတ်ဝင်စားပြီး ကျွဲမင်းပုံပြင်ဒဏ္ဍာရီကို ရှာဖွေခဲ့ပါသည်။ ကျွဲမင်းပုံပြင်ကို ထားဝယ်ရာဇဝင်စာအုပ် (၂၀၀၅) ထဲတွင်တွေ့ရပြီး ဆရာရွှေဝယ်ဇ ရေးသားခဲ့သည်။ ထို့နောက် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ် ထားဝယ်ကို ဒုတိယအကြိမ်ပြန်ရောက်ချိန်တွင်လည်း ရှင်မုတ္ထီးရွာနှင့် နဘုလည်ရွာ များသို့ ထပ်မံသွားရောက်လေ့လာခဲ့ပါသည်။ ယခုဆောင်းပါးသည် ဆရာရွှေဝယ်ဇ ထားဝယ်ရာဇဝင် စာအုပ်တွင်ပါသော ကျွဲမင်းပုံပြင် ဒဏ္ဍာရီကို အခြေခံလျက် ထားဝယ်ယဉ်ကျေးမှုကို လေ့လာဆန်းစစ် တင်ပြပါမည်။

မြန်မာနိုင်ငံအောက်ပိုင်း တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၏ ၂၀၁၄ ခုနှစ် လူဦးရေ ခန့်မှန်းချက်မှာ ၁၄၆,၉၆၄ ဖြစ်သည်။ လက်ရှိမြို့၏မြောက်ဘက် ၆ မိုင်ခန့်အကွာရှိ ထားဝယ် မြို့ဟောင်းတွင် ပျူယဉ်ကျေးမှုအထောက်အထားများ များစွာရှိသည်။ ၁၁ ရာစုမှ ၁၃ ရာစုအတွင်း ထားဝယ်သည် ပုဂံအင်ပါယာ၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ၁၂၈၇ ခုနှစ်မှ ၁၅၆၄ ခုနှစ်အတွင်း ထားဝယ်သည် ဆူခိုထိုင်းနိုင်ငံနှင့် ၎င်း၏ဆက်ခံသော အယုဒ္ဓယနိုင်ငံ (Siam) ၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာခဲ့သည်။ ၁၅၆၄ ခုနှစ်မှ ၁၅၉၄ ခုနှစ်အထိ ထားဝယ်သည် တောင်ငူခေတ် မြန်မာနိုင်ငံတော် အပိုင်နယ်မြေဖြစ်သည်။ ၁၅၉၄ ခုနှစ် နှင့် ၁၆၁၄ ခုနှစ် အကြားတွင် ထိုင်းနိုင်ငံသည် ထားဝယ်မြို့ကို ပြန်လည်သိမ်းယူခဲ့သည်။ ၁၆၁၄ ခုနှစ် မှ ၁၇၄၀ ခုနှစ်များတွင် ထားဝယ်သည် မြန်မာမင်းလက်ထက် တောင်ဘက်အကျဆုံးမြို့ဖြစ်ခဲ့သည်။

၁၇၄၀ ခုနှစ်နှောင်းပိုင်းတွင် ၁၇၅၇ ခုနှစ် ဗမာပြည်တွင်းစစ်အတွင်း ထားဝယ် နှင့် မြောက်ဘက် တနင်္သာရီကမ်းရိုးတန်းတို့ကို ထိုင်းနိုင်ငံ မှ သိမ်းပိုက်ခဲ့သည်။ မြန်မာနိုင်ငံသည် ၁၇၆၀ တွင် ထားဝယ်မြို့တော်ကို ပြန်လည်သိမ်းပိုက်ခဲ့ပြီး ၁၇၆၅ တွင် တနင်္သာရီကမ်းရိုးတန်းတစ်ခုလုံးကို တိုးချဲ့ ထိန်းချုပ်ခဲ့သည်။ တနင်္သာရီကမ်းရိုးတန်းကို ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၂၄-၁၈၂၆) အပြီး အင်္ဂလိပ်လက်သို့ လွှဲပြောင်းပေးခဲ့သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးသည့်နောက် တနင်္သာရီတိုင်း၏ အစိတ်အပိုင်းအဖြစ်ဆက်လက်တည်ရှိခဲ့ပြီး ထားဝယ်၊ မြိတ်နှင့် မွန်ပြည်နယ်လည်း ပါဝင်သည်။ ၁၉၇၄ ခုနှစ်တွင် မွန်ပြည်နယ်ကို တနင်္သာရီတိုင်းမှ ခွဲထွက်ပြီး ထားဝယ်မြို့သည် တနင်္သာရီတိုင်း၏ မြို့တော်ဖြစ်လာခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ထားဝယ်မြို့ကို အင်္ဂလိပ်

အမည် Tavoy မှ Dawei သို့ ပြောင်းလဲခဲ့သည်။

သာဂရသည် ထားဝယ်မြို့၏ ရှေးဟောင်းမြို့တော် ဖြစ်ပြီး ၎င်း၏ ရှင်ဘုရင်မှာ ဂေါတမ မြတ်စွာဘုရား လက်ထက်တော်က စက္ခပါလကျွဲမင်းဖြစ်ခဲ့သည့် သမန္တရာဇာ ဖြစ်သည်။ ကျွဲမင်းနှင့် သူ၏မိဖုရားများ ကျွဲများသည် တောင်ပိုင်းပင်လယ်ကမ်းစပ်ရှိ မြက်များကို စားချင်ကြသည်။ ထို့နောက် ထားဝယ်မြစ်အရှေ့ဘက်ကမ်းသို့ ပြောင်းရွှေ့ခဲ့ကြသည်။ ထိုနေရာကို ကျွဲမင်းကုန်း ဟု ခေါ်သည်။ ကျွဲမင်းကုန်းတွင် ငတ်မွတ်လာသောအခါ စက္ကပါလတောအုပ်သို့ ပြောင်းရွှေ့ ကြ၏။ ယခု ထိုနေရာသည် ထားဝယ်တွင် မထင်ရှားပေ။



*ရှင်မုတ္တီးဘုရားနှင့်မျက်နှာချင်းဆိုင်ကွဲခြမ်းတောင်ပေါ်ရှိ စက္ကပါလရုပ်တု (ဓာတ်ပုံ-မွန်မွန်အောင်)*

စက္ကပါလကျွဲမင်းက "ငါ၏ကြင်ဖော်များဖြစ်သည့် ကျွဲမများက ကျွဲမကလေးများမွေးလျှင် ငါမွေးမြူထားမည်။ ကျွဲထီးကလေးများမွေးလျှင် သင်းတို့ကြီးပြင်းလာလျှင် ငါ့အားရန်မူကြလိမ့်မည်။" ဟု ကျွဲမင်းကတွေးပြီး စိုးရိမ်ကြောင့်ကြစိတ်ဖြင့် ကျွဲထီးကလေးများမွေးတိုင်း ဝှေ့ခတ်သတ်လေ၏။

အခါတစ်ပါး ကိုယ်ဝန်ရှိသောကျွဲမတစ်ကောင် အကြံရသည်မှာ 'ငါ့၌ သမီးမွေးလျှင်တော်ပေစွ။ သားထီးမွေး၍ ကျွဲမင်းဝှေ့သတ်လျှင် ငါ၌ သောကရောက်စရာ အကြောင်းရှိပေသည်။ သို့ကြောင့် ငါလျှို့ဝှက်ပြီးမှ မွေးမှ တော်မည်ဟု အကြံရကာ တစ်ခုသော တောခေါင်း၌ ပြောင်းရွှေ့နေထိုင်လျက် ကျွဲထီးကလေးမွေးပြီးဝှက်ထားလေ၏။ ထိုလျှို့ဝှက်ဂူကို သားဝှက်ကုန်းဟု ယနေ့တိုင် ခေါ်သည်။

ယင်းကျွဲထီးလေးသည် တစ်နေ့တစ်ခြားကြီးပြင်းလာပြီး လေကဲ့သို့ လျင်မြန်စွာ ပြေးနိုင် သောကြောင့် ကျွဲလေသား(ကျွဲလေကလေး) ဟူ၍ အမည်တွင်လေသည်။ ယင်းနောက် မိခင်ကျွဲမကြီးက အကျိုးအကြောင်း ပြောပြရာ ဖခင်ကျွဲမင်းအား စိတ်နာသဖြင့် 'ခြေရာချင်းတူမှုက အဖအားခုခံမည်ဟု လျှို့ဝှက်စွာဖြင့် အဖ၏ခြေရာကို အစဉ်မပြတ် တိုင်းထွာလေ့ရှိ၏။ သူနှင့် သူ့အဖေ ကျွဲခြေရာများ ညီသောအခါတွင် သူသည် ဂူထဲမှထွက်ကာ ဖခင်၏ နယ်မြေအပြင်ဘက်ရှိ တောင်ကုန်း ဆီသို့ သွားခဲ့သည်။ ထိုတောင်ကို ကျွဲရိုင်းတောင် (ကျွဲရိုင်းကုန်း) ဟု ခေါ်သည်။ မကြာမီ ကျွဲမင်းသည် ၎င်း၏နယ်မြေအနီးတွင် ရောက်လာသော ကျွဲအထီးဖြစ်ကြောင်း သိလိုက်ရသည်။ ဒေါသအလွန်ထွက်ပြီး သူ့မိန်းမနှင့် သမီးများကို ခွဲခြားနေလိုက်သည်။ ဤနေရာကို ခွဲခြားတောင် ဟုခေါ်ပြီး ယခုအခါ ကွဲခြမ်းတောင် ဟုခေါ်သည်။ ယင်းကွဲခြမ်းတောင်ကား ထားဝယ်မြို့ အရှေ့တောင်ဘက် တန်ခိုးကြီးသော ရှင်မုတ္တီးဘုရားကြီးနှင့် မနီးမဝေးဖြစ်လေသည်။ ယခုအခါ ကဆုန်လတွင် ရှင်မုတ္တီးဘုရား၌ ကျွဲတိုက်ပွဲတော်ကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ ကျွဲကို ထားဝယ်လို 'ကွဲ' ဟုခေါ်ပြီး ကွဲခတ်ပွဲတော်မှာ အလွန်ထင်ရှားပါသည်။

တစ်နေ့သ၌ သားအဖတွေ့ဆုံကြ၍ အချိန်တော်တော်ကြာကြာဝှေ့ခတ်နေကြရာ အဖကျွဲမင်းမှာ အိုမင်းမစွမ်းရှိသဖြင့် မောပန်းအု(မြောမေ့) လျက် လဲလေသည်။ ယင်းနေရာကို 'ကျွဲမင်းအု' ခေါ်ရာမှ 'ကျွဲမင်းအူ'ဟု ခေါ်ကြသည်။ ယင်းနေရာမှာ ရှင်မုတ္တီး ဘုရားကြီးသို့မရောက်မီ ကနိုင်းတာရွာအနီး လယ်ကွင်း၌ရှိ၍ 'ကျွဲမင်းအူကွင်းဟု ခေါ်ကြသည်။

ကျွဲလေသားက သူ့အဖေသေပြီထင်၍ မိမိနေရာသို့ပြန်သွားစဉ် ဖခင်ဖြစ်သူကျွဲမင်းက သတိရလာပြီး သားဖြစ်သူနောက်ကို ဒေါသတကြီး ပြေးလာခဲ့ပါသည်။ ကျွဲလေသားက သူ့အဖေလိုက်လာမှန်း သိပြီး ထားဝယ်မြစ်



*ကွဲခြမ်းတောင်ပေါ်ရှိ စက္ကာပါလကျွဲမင်းအကြောင်း ရှင်းပြပေးသည့်ရွာခံများနှင့်စာရေးသူ (ဓာတ်ပုံ-မွန်မွန်အောင်)*

အနောက်ဘက်ကမ်းကို ဖြတ်ကူးသည်။ အဖကျွဲမင်းလည်း မြစ်ကို ကူးကာ အနောက်ဘက်ကမ်းသို့ တက်လိုက်လေရာ သားအဖတွေ့ဆုံကြပြီး ထွေးလုံးဖွေ့ခတ်ကြရာ ယင်းနေရာကို 'ထွေးလုံးခေါ်ရာမှ ယခုအခါ လောင်းလုံးမြို့ဟု ခေါ်သည်။ ကျွဲသားအဖ ထွေးလုံးဖွေ့ခတ်ရာမှ အဖကျွဲမင်း မစွမ်းနိုင်တော့သဖြင့် မောပန်း၍ ပြန်လာသောနေရာကို 'ပြန်ထိန်ဟုခေါ်ရာမှ ယခု ပြင်းထိန်ရွာဖြစ်ပေသည်။ ယင်းမှတစ်ဖန် ကျွဲမင်းသည် တရွေ့ရွေ့ပြောင်းရွေ့ကာ ပြေးရှောင်လာသောနေရာကို 'ပြေးရှောင်(ထွက်ပြေးသူ)' ဟု ခေါ်ရာမှ ယခုအခါ 'ပိန်းရှောင်ရွာ'ဟု ခေါ်ကြလေသည်။

စက္ကာပါလကျွဲမင်းက 'ငါသည် ဤသို့ ဘေးဒုက္ခဖြစ်ရခြင်းမှာ ငါ့ကြင်ဖော် ကျွဲမယုတ် တစ်ကောင်ကြောင့် ငါ့သားသည် ငါ့အားရန်မူခြင်းဖြစ်ပေသည်။ သင်းတို့ ကျွဲမအပေါင်းကို စွန့်ခွာကာ တစ်ကိုယ်တည်းသင့်တော်ရာမှာ နေမှတော်မည်။ ဟု အကြံရလျက် မြောက်စူးစူးသို့ ရှေးရှုသွားပြီး ရပ်တန့်နားနေသည်။ ယင်းနေရာကို မင်းရပ်ရွာဟု ယနေ့တိုင် ခေါ်ကြ၏။

ယင်း မင်းရပ်ရွာမှ တစ်ဖန် ကျွဲမင်းသည် မြောက်စူးစူးသို့ ရှေးရှုသွားပြန်ရာ ပင်လယ် ကမ်းပါးအနီးရောက်သော် ပင်ပန်းသဖြင့် အင်းတစ်ခု၌ နားနေအပန်းဖြေသည်။ ယင်းနေရာကို 'ပန်းတက်အင်းရွာ' ဟူ၍ ယနေ့တိုင်ခေါ်ကြသည်။ယင်းရွာသည်မောင်းမကန်ပင်လယ်ကမ်းခြေအနီး၌ စည်ကားထင်ရှားသော ရွာကြီးတစ်ရွာဖြစ်သည်။ ကျွဲမင်းသည် ပန်းတက်အင်းရွာမှတစ်ဖန်မြောက်ဘက်သို့ ရှေ့ရှုသွားပြီး ကုန်းမြင့်တစ်ခုပေါ်၌ စခန်းချနားနေလေသည်။ ယင်းနေရာကို ကုန်းမြင့်ချောင်ဟု ခေါ်ကြသည်။ ယခုအခါ မထင်ရှားတော့ပေ။

ထိုအခါ ဂေါတမမြတ်စွာဘုရားသခင်သည် ဝေမိဿကတောင်(ကနန်းတောင်)တွင် ဗျာဒိတ် ချွေပြီးနောက် သုဝဏ္ဏသီရိ(သုဝဏ္ဏတောင်ကုန်း)၌ ရပ်တော်မူပြန်သည်။ ထို့နောက် မြတ်စွာဘုရားသည် အနာဂတ်ရွှေ ဉာဏ်တော်ဖြင့် သိတော်မူ၍ ပြုံးတော်မူ၏။ ညီတော်အာနန္ဒာက လျှောက်တင်လျှင် ချစ်သားအာနန္ဒာ ဤစက္ကာပါလကျွဲမင်းသည် ငါဘုရား၏အထောက်အပံ့ကိုရ၍

ငါ့ဘုရားအား မြေစာမြက်ဖြင့် ပူဇော်ရသော အကျိုးကြောင့် နတ်ပြည်ရောက်မည်။ ထိုမှတစ်ဖန် စုတေ၍ လူ့ပြည်တွင် ဖြစ်ပြီးလျှင် သင်္ကရာဇ် ၁၁၃ ခုနှစ်တွင် မင်းအဖြစ်ကို ရ လတ္တံ့။

ယခု ငါ့ဘုရားကြွသွားလျှင် ဤကျွဲမင်းသည် နှလုံး မသက်သာ၍ မကြာမီ လူ့ပြည်၌ စုတေလတ္တံ့။ ငါ့ဘုရား အား အာရုံမပြတ် အမှတ်ရစေခြင်းငှာ ဤသန့်ရှင်းသော တောင်ကုန်း၌ ခြေတော်ရာတစ်ဆူကို ချထားတော်မူအံ့’ ဟု မိန့်ကြားတော်မူပြီး လက်ဝဲခြေတော်ရာတစ်ဆူကို ချထားတော်မူခဲ့ပြီး ဘုရားရှင် ကြွသွားတော်မူလေသည်။ စက္ကပါလကျွဲမင်းလည်း ဘုရားရှင်အား အကြိမ်ကြိမ် မြေစာမြက်ဖြင့် လှည့်လည် ဖူးမြော်ခြင်းကြောင့် ထိုနေရာ ကို ‘ဖူးလည်’ဟု ခေါ်ရာမှ ‘နဘုလည်ရွာ’ဟု အမည်တွင် လေသည်။



*နဘုလည်ရွာရှိ မြတ်စွာဘုရားခြေတော်ရာ*

*(ဓာတ်ပုံ-မွန်မွန်အောင်)*

ဘုရားရှင်ကြွပြီးနောက် ဘုရားရှင်၏ခြေတော်ရာ ကို နေ့စဉ်ဦးတိုက်ပူဇော်ကန်တော့လေသည်။ ဘုရားရှင်၏ တရားဓမ္မအဆုံးအမကို နာယူကာ အစာရေစာ မစားမ သောက်ဘဲ ကျင့်နေရာမှ ယင်းနေရာတွင် ကျောက်ထက် တွင် နောင်ကာလကြာရှည်စွာ အမှတ်ရစေခြင်းငှာ အဓိဋ္ဌာန်လျက် ကျွဲမင်းခြေရာချထားခဲ့ပြီးလျှင် ကွယ်လွန် သော် နိမ္မာနရတိနတ်ပြည်၌ ဖြစ်လေသည်။ နဘုလည် ခြေတော်ရာနှင့် မနီးမဝေးတောင်ကုန်းပေါ်၌ စက္ကပါလ ကျွဲမင်း၏ ခြေရာလည်း ယနေ့တိုင်ထင်ရှားပါသည်။ နှစ်စဉ် နဘုလည်ရွာ၌ တပေါင်းလပြည့် ဘုရားပွဲတော်မှာ အလွန် ကြီးကျယ် စည်ကားသည်။



*နဘုလည်ရွာအနီးရှိ စက္ကပါလကျွဲမင်းခြေရာ*

*(ဓာတ်ပုံ-မွန်မွန်အောင်)*

အဆိုပါ ကျွဲမင်းပုံပြင်ဒဏ္ဍာရီအရ ထားဝယ်ဒေသ အတွင်းရှိ ဒေသအမည် (၁၆) ခုကို တွေ့ရပါသည်။

အထက်ပါ ပုံပြင်အရ ထားဝယ်ဒေသအတွင်းရှိ အမည်(၁၆) ခုကိုတွေ့ရပြီး၊ ယင်းတို့အနက် စက္ကပါလ တောအုပ်၊ ကုန်းမြင့်ချောင်နှင့် သုဝဏ္ဏတောင်ကုန်းမှာ အမည်ထင်ရှားမတွေ့ရတော့သော်လည်း၊ ကျန်အမည် များ ဖြစ်သော ကျွဲမင်းကုန်း၊ သားဗုက်ကုန်း၊ ကျွဲရိုင်း တောင်၊ မင်းရပ် အမည်(၄) ခုမှာ ယနေ့တိုင် မပြောင်းလဲ ဘဲ တွေ့ရပါသည်။ ကျန်အမည် (၉)ခုမှာ ပုံပြင်မှ အမည် နှင့် ယနေ့ခေတ်အမည် အနည်းငယ်ကွဲပြားလျက်ရှိပါသည်။

| စဉ် | ပုံပြင်တွင်ပါသောနေရာ | ပုံပြင်တွင်ပါသောအမည် | ယနေ့ခေတ်အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မြတ်စွာဘုရားဗျာဒိတ်စကားပြောသောနေရာ | သာဂရ | မြို့ဟောင်း | ပြောင်းလဲ |
| ၂။ | ကျွဲမင်းနေထိုင်သည့်နေရာ | ကျွဲမင်းကုန်း | ကျွဲမင်းကုန်း | - |
| ၃။ | ကျွဲမင်းပြောင်းရွှေ့နေသည့်တောအုပ် | စက္ကပါလ | - | မတွေ့ရ |
| ၄။ | ကျွဲလေသားကို မွေးသည့်နေရာ | သားဗုက်ကုန်း | သားဗုက်ကုန်း | - |
| ၅။ | ကျွဲလေသားကျက်စားသည့်နေရာ | ကျွဲရိုင်းတောင် | ကျွဲရိုင်းတောင် | |
| ၆။ | ကျွဲမင်းက ဇနီးနှင့်သမီးများကို ခွဲခြားနေသောနေရာ | ခွဲခြားတောင် | ကွဲခြမ်းတောင် | ပြောင်းလဲ |
| ၇။ | ကျွဲမင်းမောပန်းသည့်နေရာ | ကျွဲမင်းအု | ကျွဲမင်းအူ | ပြောင်းလဲ |
| ၈။ | ကျွဲသားအဖ တိုက်ခိုက်သည့်နေရာ | ထွေးလုံး | လောင်းလုံး | ပြောင်းလဲ |
| ၉။ | ကျွဲမင်းမောပန်း၍ ပြန်လာသည့်နေရာ | ပြန်ထိန် | ပြင်းထိန် | ပြောင်းလဲ |
| ၁၀။ | ကျွဲမင်းက သားကျွဲကို ပြေးရှောင်သည့်နေရာ | ပြေးရှောင် | ပိန်းရှောင် | ပြောင်းလဲ |
| ၁၁။ | ကျွဲမင်းမြောက်စူးစူးသွား၍ရပ်တန့်သည့်နေရာ | မင်းရပ် | မင်းရပ် | - |
| ၁၂။ | ကျွဲမင်းအနားယူသည့်အင်း | ပန်းတက်အင်း | ပန်းတင်အင်း | ပြောင်းလဲ |
| ၁၃။. | ကျွဲမင်းအနားယူပြီးဆက်သွားသည့်နေရာ | ကုန်းမြင့်ချောင် | - | မတွေ့ရ |
| ၁၄။ | မြတ်စွာဘုရားဗျာဒိတ်ချွေသည့်တောင် | ဝေမိဿကတောင် | ကနန်းတောင် | ပြောင်းလဲ |
| ၁၅။ | မြတ်စွာဘုရားရပ်တော်မူသည့်တောင် | သုဝဏ္ဏတောင်ကုန်း | - | မတွေ့ရ |
| ၁၆။ | ကျွဲမင်းက မြတ်စွာဘုရားကို ဖူးမြော်သည့်နေရာ | ဖူးလည် | နဘုလည် | ပြောင်းလဲ |



*ကျွဲတိုက်ပွဲ(ကျွဲခတ်ပွဲ) ကျင်းပနေပုံ (ဓာတ်ပုံ-နောန်အောန်မျိုး)*

ထို့အပြင် ဤပုံပြင်အရ ထားဝယ်ဒေသတွင် နှစ်စဉ် တပေါင်းလပြည့်နေ့တွင် နဘုလည်ရွာ၌ နဘုလည် ဘုရားပွဲတော်နှင့် ကဆုန်လပြည့်နေ့တွင် ရှင်မုတ္ထီးရွာ၌ ကျွဲတိုက်ပွဲ(ကွဲခတ်ပွဲ)ကျင်းပလေ့ကြောင်း သိရပါသည်။ ယနေ့ခေတ် လူငယ်အများစုမှာ ကျွဲမင်းပုံပြင်ကို သိသူ နည်းပါးနေပါပြီ။

သို့ဖြစ်၍ ကျွဲမင်းပုံပြင်ကို လူငယ်များသိရှိပြီး ပုံပြင်မှရသော အတွေးအမြင်များ၊ ယဉ်ကျေးမှုများကို သိရှိစေလိုပါသည်။ထားဝယ်သည် နယ်စပ်မြို့ဖြစ်သည့်အတွက် မိမိယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ခြင်းဖြင့် မပျောက်ပျက် စေရန် ထားဝယ်ယဉ်ကျေးမှုအဖွဲ့ကလည်း ဆောင်ရွက် လျက်ရှိပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ထားဝယ်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ မပျောက်ပျက်စေရန် ဝိုင်းဝန်း ထိန်းသိမ်း စောင့်ရှောက်ရမည့်တာဝန်မှာ ကျွန်မတို့နှင့်အတူ အနာဂတ် လူငယ်များတွင် တာဝန်ရှိသည်ဟု ဆိုရပါမည်။

**မွန်မွန်အောင်**



# ထားဝယ်မြို့နယ်ရှိ မုတ္တီးမြို့ဟောင်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ

သော်ဇင်လတ်

*ထားဝယ်ဒေသသည် မြန်မာနိုင်ငံ၏ တောင်ဘက် အပိုင်းတွင် ကပ္ပလီပင်လယ်ပြင်နှင့် ထိစပ်လျက်တည်ရှိသည်။ ထားဝယ်ဒေသဆိုသည်မှာ ထားဝယ်၊ ရေဖြူ၊ သရက်ချောင်း နှင့် လောင်းလုံးမြို့နယ်တို့ပါဝင်သော ထားဝယ်ခရိုင်ကို ဆိုလိုခြင်းဖြစ်သည်။*

သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း၏ ခန့်မှန်းချက်အရ တနင်္သာရီတိုင်းဒေသကြီးအတွင်း လူများ စတင်နေထိုင်မှုသည် နှစ်ပေါင်း (၄၀၀၀) ကျော်ခဲ့ပြီဆိုသည်ကို ဒေသတွင်း တွေ့ရှိရသော ကျောက်လက်နက်များ၊ လူ့အသုံး အဆောင်များက သက်သေပြလျက်ရှိသည်။ ၁၉၈၂ ခုနှစ်၊ ထားဝယ်မြို့နယ်၊ တိုင်းတိုးချဲ့ဆေးရုံကြီး တည်ဆောက်ရန် မြေတူးရာ၌ ကျောက်ခေတ်နှောင်းလက်နက်များ လှည်းတစ်စီး တိုက်ခန့် ရရှိခဲ့ပြီး ၎င်းတို့ထဲမှ တချို့ကို ထားဝယ်မြို့၊ ဘုရားကြီးပြတိုက်တွင် ပြသထားပါသည်။

ထားဝယ်ခရိုင်၏ မြောက်ဘက် တောင်တန်းများဆီမှ မြစ်ဖျားခံလာသော ထားဝယ်မြစ်သည် ထားဝယ်ဒေသ၏ အဓိကရေအရင်းအမြစ်ဖြစ်သည်။ ရေအရင်းအမြစ်ကောင်းမွန်သော ထားဝယ်မြစ်ကို အမှီပြု၍ ထားဝယ်မြစ်ဝှမ်းလွင်ပြင် တစ်လျှောက် ရှေးမြို့ဟောင်းများစွာ ပေါ်ပေါက်ခဲ့ကြပြီး ထားဝယ်ရာဇဝင်သမိုင်းမှတ်တမ်း အစောင်စောင်တို့အရ ထားဝယ်ဒေသအတွင်းရှိ မြို့ဟောင်းများမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

| စဉ် | မြို့အမည် | မြို့တည်မင်း | ခုနှစ် | ယခုလက်ရှိတည်နေရာ |
|---|---|---|---|---|
| ၁ | အောင်သာဝရ | ရန္တပိုမင်း | ကောဇာသက္ကရာဇ်အစ | ထားဝယ်မြို့ အရှေ့ဘက် ၄၂ မိုင်၊ တနင်္သာရီမြစ်ကမ်းဘေး |
| ၂ | ကနက်သီရိ (13.660856N, 98.301913E) | (-) | သာသနာသက္ကရာဇ် ၂၃၈ | သရက်ချောင်းမြို့နယ် ကနက်သီရိရွာ |
| ၃ | မှိုင်းကာရီ (14.105861N, 98.304211E) | ယိုးဒယား(ရှမ်း) မင်းများ | - | ထားဝယ်မြို့ အရှေ့ဘက် ၁၀ မိုင်၊ ပကာရီကျေးရွာ |
| ၄ | အောင်သာဝတီ (14.623887N, 98.137698E) | နရုတိမင်း | ကောဇာ ၆၇ (အေဒီ ၇၀၅) | ထားဝယ်မြို့ မြောက်ဘက် ၄၇ မိုင်၊ ကလိန်အောင်မြို့ |
| ၅ | ဘုမ္မိဒေဝနဂရ (14.160700N, 98.200049E) | ရန္တပိုမင်း | ကောဇာ ၉၄ (အေဒီ ၇၃၂) | ထားဝယ်မြို့ မြောက်ဘက် ၆ မိုင်၊ မောင်မယ်ရှောင်ရွာ |
| ၆ | ပထမသာဂရ (14.173867N, 98.167153E) | သမန္တရာဇာ | ကောဇာ ၁၂၃ (အေဒီ ၇၆၁) | ထားဝယ်မြို့ အနောက်မြောက်ဘက် ၇ မိုင်၊ မြို့ဟောင်းရွာ |
| ၇ | တကူ (14.102707N, 98.198917E) | တကူမင်းကြီး | မှိုင်းကာရီနှင့် ခေတ်ပြိုင် | ထားဝယ်မြို့၊ ဝဲကျွန်းရပ်ကွက် အနီးတစ်ဝိုက် |
| ၈ | ညောင်ခရား (14.108956N, 98.196358E) | သြရာဂဋ္ဌန် အမတ် | ကောဇာ ၂၇၆ (အေဒီ ၉၁၄) | ထားဝယ်မြို့၊ ဆင်ဆိပ်ရပ်ကွက် |
| ၉ | ဒုတိယသာဂရ (ဇလွန်) | ဗညားဦး | ကောဇာ ၃၅၇ (အေဒီ ၉၉၅) | ထားဝယ်မြို့၊ အနောက်မြောက်ဘက် ၇ မိုင်၊ မြို့ဟောင်းရွာ |
| ၁၀ | ဒုတိယညောင်ခရား | သြရာစက္ကတံ အမတ် | ကောဇာ ၄၃၈ (အေဒီ ၁၀၇၆) | ထားဝယ်မြို့ ဆင်ဆိပ်ရပ်ကွက် |

| | | | | |
|---|---|---|---|---|
| ၁၁ | မဟာသုခနဂရံ (14.105710·N, 98.201631·E) | အလောင်း စည်သူမင်း | ကောဇာ ၅၁၇ (အေဒီ ၁၁၅၅) | ထားဝယ်လေဆိပ် အနီးတစ်ဝိုက် |
| ၁၂ | ထောင့်ကွယ် | နရပတိ | ကောဇာ ၅၆၆ | ထားဝယ်မြို့ |
| | (13.703638·N, 98.114128·E) | စည်သူမင်း | (အေဒီ ၁၂၀၄) | အနောက်တောင်ဘက် ကမ်းရိုးတန်း၊ ဆင်ထောင့်အော် |
| ၁၃ | ဝေဒီ (13.984630·N, 98.174588·E) | မင်းဆု | ကောဇာ ၅၉၀ (အေဒီ ၁၂၂၈) | လောင်းလုံးမြို့နယ်၊ ဒေဝီရွာ |
| ၁၄ | မုတ္တသုခနဂရ (14.009768·N, 98.226931·E) | မင်းတရား | ကောဇာ ၇၇၉ (အေဒီ ၁၄၁၇) | ထားဝယ်မြို့ တောင်ဘက် ၆ မိုင်၊ ရှင်မုတ္ထီးရွာ |
| ၁၅ | ကနိုင်းငယ် ကမြော | (-) | (-) | ထားဝယ်မြစ် အနောက်ဘက်၊ ကမြောရွာ၊ ရပ်ခံတောင်နှင့် မြို့ဟောင်းရွာ တစ်ဝိုက် |
| ၁၆ | ကြက်စား (14.064420·N, 98.192065·E) | မင်းနဲလှ | ကောဇာ ၁၁၁၃ (အေဒီ ၁၇၅၁) | ထားဝယ်မြို့၊ ကြက်စားပြင်ရပ်ကွက် အနီးတစ်ဝိုက် |
| ၁၇ | သာယာဝတီ (14.073011·N, 98.193706·E) | မင်းနဲလှ | ကောဇာ ၁၁၁၆ (အေဒီ ၁၇၅၄) | လက်ရှိထားဝယ်မြို့ |

တို့ဖြစ်ကြပါသည်။[၁] ''ထဝယ်'' ဟူသော ဝေါဟာရကို သက္ကရာဇ် ၅၅၈-၅၆၀ ခုနှစ် (အေဒီ ၁၁၉၆-၉၈) ပုဂံခေတ်၊ နရပတိစည်သူမင်း လက်ထက်တွင် ရေးထိုးသော ဓမ္မရာဇိကဘုရား ကျောက်စာ၊ ကြောင်းရေ ၇ တွင် **မွှစ် အရှေ့ဘက်အတိုင် တောင်ကာထဝယ်၊ ဝပ (ညွှတ်)၊ သင်တနသ်ာရီ တဂံရွှာသလင်** ဟူ၍ အထောက်အထားနှင့်တကွ တွေ့ရှိရပါသည်။[၂] ထားဝယ်ဒေသတွင် လက်ရှိနေထိုင်လျက်ရှိသော ထားဝယ်လူမျိုးများသည်လည်း ပုဂံခေတ် ကျောက်စာများထဲမှ ဝေါဟာရများနှင့် ဆင်တူသော စကားအသုံးအနှုန်းများကို ယနေ့တိုင် ပြောဆိုလျက်ရှိကြသည်။

ထား ဝယ် ရာဇဝင်နှင့် တွေ့ရှိရသော အထောက်အထားများအရ ထားဝယ်ဒေသကို ထားဝယ်မင်းများ၊ မြန်မာမင်းများ၊ မွန်မင်းများနှင့် ရှမ်း (ယိုးဒယား) မင်းများက ၎င်းတို့အင်အား ကြီးချိန်အလိုက် အုပ်စိုးကြသည်ကို တွေ့ရသည်။[၃] အထက်ဖော်ပြပါ မြို့ဟောင်းများထဲမှ အောင်သာဝတီ၊ သာဂရ၊ ညောင်ခရား၊ ထောင့်ကွယ်၊ ဝေဒီနှင့် မုတ္တသုခနဂရ မြို့ ဟောင်းများ၏ မြို့ရိုးမြို့တာများကို ကောင်းကင်ဓာတ်ပုံများ၊ ဂြိုဟ်တု မြေပုံများနှင့် မြေပြင်ပေါ်တွင် အထင်အရှား တွေ့ရှိရပါသည်။ ထိုမြို့ဟောင်းများမှ တွေ့ရှိရသော မြေပေါ်မြေအောက် အထောက်အထားများက ထားဝယ်ဒေသ၏ သမိုင်းကြောင်းကို သက်သေပြလျက်ရှိကြပါသည်။

[၁] ကျော်မင်း၊ ထားဝယ်၊ ၁၉၆၈၊ ၇-၁၃၊ သန်းဆွေ၊ မောင်၊ ထားဝယ်၊ ၂၀၁၁၊ ၁၈၂-၁၈၄။
[၂] သန်းဆွေ၊ မောင်၊ ထားဝယ်၊ ၂၀၁၁၊ ၁၇၉။
[၃] **Moore, E.H.,2011, 32-34.**

**မုတ္တီးမြို့ဟောင်း**

မုတ္တီးမြို့ဟောင်းသည် ထားဝယ်မြို့၏ အရှေ့တောင်ဘက် ခြောက်မိုင်ခန့်အကွာ၊ ထားဝယ် - မြိတ် ကားလမ်းပေါ်ရှိ ထားဝယ်မြို့နယ်၊ ရှင်မုတ္တီးကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ Google Map မှ GPSညွှန်းမှတ်အရ မြောက်လတ္တီ ကျူ ၁၄ ဒီဂရီ ဝဝ မိနစ် ၃၅.၅ စက္ကန့်နှင့် အရှေ့လောင်ဂျီကျူ ၉၈ ဒီဂရီ ၁၃ မိနစ် ၃၂.၄ စက္ကန့်တွင် တည်ရှိပါသည်။ မြို့ဟောင်း၏ အတွင်းဘက်တွင် ကျေးရွာ သုံးရွာတည်ရှိပါသည်။ ၄င်းတို့မှာ ရှင်မုတ္တီးကျေးရွာ၊ စော်ဝကျေးရွာနှင့် ရွှေဂူတောင်ကျေးရွာတို့ ဖြစ်ကြပါသည်။

ရှင်မုတ္တီးကျေးရွာသည် ရှင်မုတ္တီးဘုရားအပေါ် အမှီပြု၍ ထားဝယ်ဒေသအတွင်း ထင်ရှားသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ "ရှင်မောက်ထီး ရေခွမ်းဂီးမာ ရေဆင်းချိုးမယ် လိုက်မလေမီး[၄]" ဟူသော ထားဝယ်ဒိန်းသံအတိုင်းပင် အချင်း ပျမ်းမျှ (၁၀) ပေကျော်ခန့်ရှိသည့် ကြီးမားသော ရေတွင်းကြီးများ တည်ရှိရာနေရာလည်းဖြစ်သည်။ ရှင်မုတ္တီးကျေးရွာသည် မုတ္တီး (၁) မြို့ဟောင်း၏ အတွင်းတွင် တည်ရှိပါသည်။ အလယ်ကန့်လန့်ဖြတ်မြို့ရိုး၏ အနောက်ဘက်တွင် လူနေပို၍ ထူထပ်ပြီး ရှင်မုတ္တီးဘုရားအနီးတစ်ဝိုက်၌ လူနေထိုင်မှု အများဆုံးဖြစ်ပါသည်။ အလယ်မြို့ရိုးများကြားရှိ ကျုံးနေရာများကို မြေဖို့၍သော်လည်းကောင်း၊ မြို့ရိုးဟောင်းများပေါ်တွင်လည်းကောင်း အိမ်များဆောက်လုပ်၍ နေထိုင်မှုများကို တွေ့ရပါသည်။

စော်ဝကျေးရွာနှင့် ရွှေဂူတောင်ကျေးရွာတို့သည် မုတ္တီး (၂)၊ မြို့ဟောင်း၏ အတွင်း၌ တည်ရှိပါသည်။ စော်ဝကျေးရွာသည် ရွှေဂူတောင် တောင်ကုန်းယံကို ပတ်လျက် မြို့ရိုးနှင့်အပြိုင် တည်ရှိပြီး ရွှေဂူတောင်ကျေးရွာသည် ရွှေဂူတောင်တောင်စောင်းပေါ်၌ တည်ရှိပါသည်။

## (က) မုတ္တီး(၁) မြို့ဟောင်း

မုတ္တီး (၁) မြို့ဟောင်းသည် မုတ္တီး(၂) မြို့ဟောင်း၏ မြောက်ဘက်တွင် တည်ရှိပါသည်။ Google Map မှ GPS ညွှန်းမှတ်အရ မြောက်လတ္တီကျူ ၁၄ ဒီဂရီ ဝဝ မိနစ် ၃၀.၆ စက္ကန့်နှင့် ၁၄ ဒီဂရီ ၀၁ မိနစ် ၀၉.၂ စက္ကန့်အကြား၊ အရှေ့လောင်ဂျီကျူ ၉၈ ဒီဂရီ ၁၃ မိနစ်၊ ၂၆.၁ စက္ကန့်နှင့် ၉၈ ဒီဂရီ ၁၄ မိနစ် ၁၂.၇ စက္ကန့်အကြားတွင် တည်ရှိသည်။ မုတ္တီး (၁) မြို့ဟောင်း၏ ပုံသဏ္ဍာန်မှာ စတုဂံပုံဖြစ်ပြီး မြောက်ဘက်၊ အရှေ့ဘက်နှင့် တောင်ဘက်တို့တွင် မြို့ရိုးလေးထပ် ရှိသည်။[၅] အနောက်ဘက်မြို့ရိုးမှာ မထင်ရှားဘဲ ပေါက်တိုင်းချောင်း၏ ချောင်းသွယ်တစ်ခုကို ကျုံးအဖြစ် ထားဟန်ရှိသည်။ မြောက်ဘက်မြို့ရိုး၏ အရှည်မှာ မီတာ ၈၀၀ ခန့်၊ အရှေ့ဘက်မြို့ရိုး၏ အရှည်မှာ မီတာ (၉၅၀) ခန့်နှင့် တောင်ဘက်မြို့ရိုး၏ အရှည်မှာ မီတာ (၁၁၀၀) ခန့် အသီးသီးရှိကြသည်။ မြို့ရိုး၏ ဧရိယာမှာ (၉၇.၃) ဟက်တာ (၂၄၀ ဧက) ခန့်ရှိသည်။ မြို့ရိုးထောင့်များမှာ ထောင့်မှန်မကျချေ။ မုတ္တီး (၁) မြို့ဟောင်း၏ ထူးခြားချက်မှာ မြို့၏အရှေ့ဘက် တောင်တန်းယံများပေါ်ရှိ နပ်စာရီတောင်စေတီ (ခေါ်) ရာဇဝင်လာနန်းဦး ရတနာစာတီတောင်စေတီ (ပင်လယ်ရေမျက်နှာပြင်အထက် (၂၂၆ ပေ)နှင့် ၄င်းတောင်ဘက်ရှိ ကွဲထရံတောင်စေတီ (ပင်လယ်ရေမျက်နှာပြင်အထက် (၁၈၀ ပေ)တို့ကို အပြင်ဘက်မှ မဟာရံတံတိုင်းသဖွယ် သုံးထပ်ခန့် ပတ်ကာ၍ အရှေ့ဘက်မြို့ရိုးနှင့် ချိတ်ဆက်ထားခြင်းဖြစ်သည်။ နောက်ထပ် ထူးခြားချက်တစ်ရပ်မှာ မြို့ဟောင်း၏ အလယ်ဗဟိုခန့်တွင် မြောက်မှတောင်သို့ သွယ်တန်းနေသော မြေမြို့ရိုးနှစ်ထပ်နှင့် ၄င်းတို့ကြားရှိ ကျုံးကို တွေ့ရှိရခြင်းဖြစ်ပါသည်။ ဤသို့ တည်ဆောက်ထားပုံကို ကြည့်ခြင်းအားဖြင့် အတွင်းမြို့နှင့် အပြင်မြို့ ခွဲခြားထားရှိခြင်းဟု ယူဆနိုင်ဖွယ်ရာဖြစ်ပါသည်။ မြေမြို့ရိုးများထဲတွင် အချို့နေရာများ၌ အုတ်နှင့် ဂဝံကျောက် အပိုင်းအစများ ထည့်သွင်းတည်ဆောက်ထားသည်ကိုလည်း တွေ့ရှိရပါသည်။

မြေမြို့ရိုးဟောင်းများမှာ ဒေသတွင်း နှစ်စဉ်ပြင်းထန်စွာ ရွာသောမိုးကြောင့် များစွာ ပွန်းတီးပျက်စီးလျက်ရှိပြီး လက်ရှိအခြေအနေတွင် မြို့ရိုးအမြင့် ပျမ်းမျှ (၅) ပေမှ

[၄] ရှင်မုတ္တီးက ရေတွင်းကြီးမှာ ရေဆင်းချိုးကြမယ် လိုက်ကြမလား (ထားဝယ်ဘာသာစကား)

[၅] ရွှေဝယ်၈၊ ၂၀၀၅၊ ၁၅၁-၁၈၃။

[၆] ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ထားဝယ်ဌာနခွဲ၊ ၂၀၁၆၊ ၉၃။




*သမိုင်းဝင်မုတ်ရေတွင်း (ဓာတ်ပုံ-သော်ဇင်လတ်)*

(၁၀) ပေခန့်နှင့် ကျုံးအကျယ် ပျမ်းမျှ ပေ ၂၀ ခန့် ကျန်ရှိနေပါသည်။ မုတ္ထီး (၁) မြို့ဟောင်း၏ မြောက်ဘက်မြို့ရိုးကို ရှင်မုတ္ထီးရွာမြောက်ဘက် ကားလမ်းနံဘေး၌လည်းကောင်း၊ တောင်ဘက်မြို့ရိုးကို ရှင်မုတ္ထီးသုသာန် အနီးတစ်ဝိုက်၊ ပဒိုင်းပင်ထောင့်နတ်ကွန်း အနီးတစ်ဝိုက်နှင့် ရောင်းမော်ကျေးရွာသွား ကားလမ်းတစ်လျှောက်၌လည်းကောင်း၊ အလယ်ကန့်လန့် ဖြတ်မြို့ရိုးကို ရှင်မုတ္ထီးရွာ အရှေ့ပိုင်း လူနေအိမ်များအနီး၌လည်းကောင်း ထင်ရှားစွာ တွေ့မြင်နိုင်ပါသေးသည်။ ထို့အပြင် မြို့ဟောင်း၏ အရှေ့တောင်ဘက် အတွင်းပိုင်းနှင့် မြို့ဟောင်းမြောက်ဘက် ကဒင်ဝရွာအတွင်း၌ မတူးဖော်ရသေးသော အုတ်ကုန်းအကြွင်းအကျန်များကို တွေ့ရပါသည်။ မုတ္ထီး (၁) မြို့ဟောင်း၏ မြို့ရိုးလေးထပ် တည်ဆောက်ထားမှုကို ကာကွယ်ရေးအရ အရေးကြီးသောနေရာဖြစ်၍ ဤသို့ တည်ဆောက်ထားသည်ဟု ယူဆနိုင်ပါသည်။ မုတ္ထီးမြို့ဟောင်းကို တူးဖော်သုတေသန လုံးဝမပြုလုပ်ရသေးပါ။ အထက်ဖော်ပြပါ အကြောင်းအရာများမှာ မြေပေါ်တွေ့ရှိရသော အထောက်အထားများအရ တင်ပြထားခြင်းဖြစ်ပါသည်။

## (ခ) မုတ္ထီး (၂) မြို့ဟောင်း

မုတ္ထီး (၂) မြို့ဟောင်းသည် မုတ္ထီး(၁) မြို့ဟောင်း၏ တောင်ဘက်၌ တည်ရှိပါသည်။ တစ်ထပ်တည်းရှိသော မြေမြို့ရိုးဖြင့် ကာရံထားခြင်း ဖြစ်ပြီး မြို့ရိုး၏ ပုံသဏ္ဌာန်မှာ လေးထောင့် မကျတကျပုံစံဖြစ်ပါသည်။ မုတ္ထီး(၁) မြို့ဟောင်းကဲ့သို့ အနောက်ဘက်တွင် ဖွင့်မထားဘဲ အနောက်ဘက်တွင်ပါ မြို့ရိုးတည်ဆောက်ထားသည်။ Google Map မှ GPS ညွှန်းမှတ်အရ မြောက်လတ္တီကျူ ၁၃ ဒီဂရီ

၅၉ မိနစ် ၅၂.၇ စက္ကန့်နှင့် ၁၄ ဒီဂရီ ၀၀ မိနစ် ၃၅.၀ စက္ကန့်အကြား၊ အရှေ့လောင်ဂျီကျူ ၉၈ ဒီဂရီ ၁၃ မိနစ် ၁၇.၆ စက္ကန့်နှင့် ၉၈ ဒီဂရီ ၁၄ မိနစ် ၄၅.၁ စက္ကန့် အကြားတွင် တည်ရှိသည်။ မုတ္တီး (၂) မြို့ဟောင်းကို ပင်လယ်ရေမျက်နှာအထက် ၁၂၀ ပေ အမြင့်ရှိသော ရွှေဂူတောင်အား ဝိုင်းပတ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။ ကာကွယ်ရေးနှင့် လုံခြုံရေးအရ အမြင့်ရှိသော တောင်ကုန်းယံကို ငုံ၍ မြို့တည်ခဲ့လေသလောဟု ယူဆဖွယ်ရာ ဖြစ်ပါသည်။ အရှေ့ဘက်မြို့ရိုးမှာ ၁၁၀၀ မီတာခန့်၊ တောင်ဘက်မြို့ရိုးမှာ ၅၀၀ မီတာခန့်၊ အနောက်ဘက်မြို့ရိုးမှာ ၉၅၀ မီတာခန့်ရှိပြီး မြို့ဟောင်း၏ ဧရိယာ ၅၈.၇ ဟက်တာ (၁၄၅ ဧက)ခန့် ရှိပါသည်။ မုတ္တီး(၂) မြို့ဟောင်း အတွင်းမှလည်း ရှေးဟောင်းဝတ္ထုပစ္စည်းများ ရရှိလေ့ရှိပါသည်။

မုတ္တီးမြို့ဟောင်း၏ မြို့ရိုးနှင့် ကျုံးတည်ဆောက်မှု အနေအထားများကို လန်ဒန်တက္ကသိုလ်၊ အရှေ့တိုင်းနှင့် အာဖရိကပညာကျောင်း (SOAS, University of London) မှ William-Hunts Collections ၏ ကောင်းကင်ဓာတ်ပုံများထဲတွင် အထင်အရှား တွေ့ရှိရပါသည်။ ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် ရိုက်ကူးထားသော ထိုကောင်းကင်ဓာတ်ပုံတွင် ယခုလက်ရှိ ရှင်မုတ္တီးကျေးရွာနေရာ၌ လူနေထိုင်မှုများစွာ မရှိသေးဘဲ ရှင်မုတ္တီးဘုရား၊ ပဒ္ဓျူးကြောက်ဘုရားနှင့် နပ်စာရီတောင်စေတီတို့ကိုမူ တွေ့မြင်ရပါသည်။ ထို့အပြင် မြို့ရိုးများ၊ ကျုံးများ တည်ဆောက်ထားမှုကိုသာမက နပ်စာရီတောင်စေတီကို ပတ်၍ တည်ဆောက်ထားသော မြို့ရိုးများကိုလည်း ထင်ရှားစွာ တွေ့မြင်ရပါသေးသည်။

ယခုလက်ရှိ အခြေအနေတွင် လူနေထူထပ်လာခြင်း၊ သစ်ပင်နှင့် ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်လာခြင်းတို့ကြောင့် မြို့ရိုးမြို့တာများကို ထင်ရှားစွာ မတွေ့မြင်ရတော့ပေ။ William-Hunts Collections ထဲမှ ကောင်းကင်ဓာတ်ပုံ၊ ၂၀၀၅ ခုနှစ်၊ Google ဂြိုဟ်တုဓာတ်ပုံနှင့် ၂၀၁၉ ခုနှစ်၊ Google ဂြိုဟ်တုဓာတ်ပုံတို့ကို နှိုင်းယှဉ်လေ့လာခြင်းဖြင့် နှစ်ပေါင်း ၇၅ နှစ်အတွင်း မြို့ရိုးမြို့တာများ မည်မျှဆုံးရှုံးပျောက်ကွယ်လာသည်ကို သိရှိနိုင်ပါသည်။

မုတ္တီးမြို့ဟောင်းသည် ထိုင်းနိုင်ငံနှင့် နယ်ခြားစည်းဖြစ်သော တနင်္သာရီရိုးမ၏ အနောက်ဘက်တောင်ခြေတွင် တည်ရှိပါသည်။ ထို့အပြင် ထိုင်းနိုင်ငံ နယ်စပ်အနီးမှ စီးဆင်းလာသော ပေါက်တိုင်းချောင်း၏ အရှေ့ဘက်ကမ်းတွင် တည်ရှိပါသည်။ ပေါက်တိုင်းချောင်းသည် မုတ္တီးမြို့ဟောင်း၏ အနီးတွင် ထားဝယ်မြစ်အတွင်းသို့ စီးဝင်သည်။ ထားဝယ်မြစ်သည် မုတ္တီးမြို့ဟောင်း၏ တောင်ဘက် မိုင် ၃၀ ခန့် အကွာတွင် ကပ္ပလီပင်လယ်အတွင်းသို့ စီးဝင်ပြီး ၎င်းမှတစ်ဆင့် နိုင်ငံရပ်ခြားဒေသများနှင့် ကူးလူးဆက်သွယ်မှု၊ ကုန်သွယ်မှုများ ရှိခဲ့မည်ဟု ယူဆရပါသည်။

## မုတ္တီးမြို့ဟောင်း၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ

မုတ္တီးမြို့ဟောင်းတွင် မြို့ရိုးတာများ၊ ကျုံးများနှင့် ရှေးဟောင်းစေတီပုထိုးများ အစရှိသော ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များသာမက လူတို့၏ ထုံးတမ်းအစဉ်အလာများ၊ ရိုးရာဓလေ့များ ပေါင်းစပ်ပါဝင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း တွေ့ရှိရသည်။ မုတ္တီးမြို့ဟောင်း၏ ထင်ရှားသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

## ၁။ ကဆုန်ညောင်ရေသွန်းပွဲနှင့် ထားဝယ်ရိုးရာကျွဲတိုက်ပွဲ

ရှင်မုတ္တီးဘုရားရပ်ပွားတော်နှင့်အတူ သီဟိုဠ်ကျွန်းမှ ပါလာသော မဟာဗောဓိညောင်ပင်အား ရေသွန်းပူဇော်ကျင်းပခဲ့သော ညောင်ရေသွန်းပွဲတော်မှာ ယခုအခါ နှစ်ပေါင်းရာချီခဲ့ပြီး ဖြစ်သည်။ နှစ်စဉ် ကဆုန်လပြည့်နေ့တိုင်းတွင် ထားဝယ်ဒေသရှိ အခြားသော ဘုရားပုထိုးများ၌ ညောင်ရေသွန်းပွဲတော်များ ရှိကြသော်လည်း ရှင်မုတ္တီးဘုရား၏ ညောင်ရေသွန်းပွဲမှာ ဒေသတွင်း အထင်ရှားဆုံး ပွဲတော်တစ်ခုဖြစ်သည်။ ညောင်ရေသွန်းပွဲနှင့်အတူ လာရောက်သော ပရိသတ်အား ကနစိုသီးများဖြင့် ပစ်ခြင်းမှာ ဤပွဲတော်၏ ထူးခြားထင်ရှားသော ဓလေ့ဖြစ်ပါသည်။

ညောင်ရေသွန်းပွဲတော်နှင့် တွဲဖက်၍ ကျင်းပသောပွဲတော်မှာ ထားဝယ်ရိုးရာ ကျွဲတိုက်ပွဲဖြစ်သည်။ ထားဝယ်ရာဇဝင်တွင် ထင်ရှားသော စက္ကပါလကျွဲမင်းနှင့် ၎င်း၏သား ကျွဲလေသားတို့အကြောင်းကို ကျွဲရုပ်များထဲတွင် လူများဝင်ရောက်၍ သရုပ်ဖော် ကပြခြင်းဖြစ်သည်။

ရာဇဝင်မှတ်တမ်းများထဲတွင် ပထမသာဂရကို စတင်တည်ထောင်သည့် သမန္တမင်းသည် မြတ်စွာဘုရားလက်ထက်က စက္ကပါလကျွဲမင်း ဖြစ်ခဲ့ကြောင်း၊ ကျွဲထီး

ကလေးများ မွေးသောအခါ ရန်မူမည်စိုး၍ ဗေ့ခတ်သတ်ပစ်ကြောင်း သို့သော်လည်း ကိုယ်ဝန်ရှိသော ကျွဲမတစ်ကောင်သည် "ကျွဲလေသား" ဟူသော ကျွဲကလေးတစ်ကောင်ကို သိုဝှက်၍ မွေးကြောင်း၊ ထိုကျွဲလေသား အရွယ်ရောက်လာသောအခါ စက္ကပါလကျွဲမင်းနှင့် ရင်ဆိုင်တိုက်ခိုက်ကြောင်း ဖော်ပြထားပါသည်။[၇]

ကျွဲအရုပ်များကို ဝါးနီးဖြင့် ရက်လုပ်၍ အပြင်မှ ပိတ်စအနက်ဖြင့် ကပ်ကာ ပြုလုပ်ထားပါသည်။ ကျွဲအရုပ်နှစ်ရုပ်တွင် နှစ်ယောက်ကျနှင့် လေးယောက် ပါဝင်ကပြကြရပါသည်။ ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပရာ ကဆုန်လပြည့်နေ့တွင် ရှင်မုတ္ထီးရွာကိုပတ်၍ ကပြဖျော်ဖြေကြပါသည်။ ကျွဲတိုက်ပွဲကျင်းပရာသို့ ထားဝယ်ဒေသ လေးမြို့နယ်မှ ပြည်သူအများ လာရောက်ကြည့်ရှုကြပြီး ထားဝယ်ဒေသ၏ အစည်ကားဆုံးပွဲတော်များအနက် တစ်ခုဖြစ်ပါသည်။

## ၂။ ထားဝယ်ရိုးရာမီးဖုန်းပွဲ

ရှင်မုတ္ထီးဘုရားကြီးကို ရည်မှန်း၍ ဤမီးဖုန်းပွဲ (ဖျားမီးကန်ဘွဲ့[၈]) သည် နှစ်ပေါင်းရာနှင့် ချီခဲ့ပြီဖြစ်သည်။ နှစ်စဉ် ချမ်းအေးသော ဆောင်းရာသီ တပို့တွဲလပြည့်နေ့ညတွင် ရှင်မုတ္ထီးဘုရား တောင်ဘက်ရှိ မာရဇိနစေတီတော်အနီး ကွင်းပြင်တွင် ကျင်းပခြင်းဖြစ်သည်။ မီးဖုန်းပွဲကို ထားဝယ်ဒေသအတွင်း သုံးနေရာခန့်တွင် ကျင်းပသည်။ ထိုသုံးနေရာမှာ လောင်းလုံးမြို့နယ်၊ အင်းဖောက်ကျေးရွာမှ ရှင်ဖသီဘုရား၊ လောင်းလုံးမြို့နယ်၊ အောက်ရေဖြူကျေးရွာနှင့် ရှင်မုတ္ထီးဘုရားတို့ ဖြစ်ကြပြီး ရှင်မုတ္ထီးမီးဖုန်းပွဲမှာ ဒေသအတွင်း အထင်ရှားဆုံးဖြစ်သည်။

မီးဖုန်းပွဲ၏ ရှေးခေတ်အစဉ်အလာမှာ မီးဖုန်းပွဲတွင် အသုံးပြုမည့် သစ်ခက်များကို မိမိအိမ်တွင်ရှိသော မိသားစု လူဦးရေအလိုက် အမျိုးအမည်စုံလင်စွာ စုဆောင်းပြီး မီးရှို့ပူဇော်မည့်နေရာသို့ လာရောက်စုပုံထားရခြင်းဖြစ်သည်။ ယခုခေတ်တွင်မူ ခေတ်ရေစီးကြောင်းအပေါ် မူတည်၍ ဓလေ့များ ပြောင်းလဲလာကြသည်။ တစ်အိမ်လျှင် တစ်စည်း၊ နှစ်စည်း လာရောက်စုပုံသူများ ရှိသကဲ့သို့ ရှေးဓလေ့အတိုင်း လူဦးရေအပေါ် မူတည်၍ သစ်ခက်အမျိုးအစားစုံလင်စွာ လာရောက်စုပုံသူများလည်း ရှိကြသေးသည်။ တချို့အိမ်ထောင်စုများမှာ စတိသဘော ခုနစ်ခက်၊ ကိုးခက် စသည်ဖြင့် လာရောက်စုပုံကြပြီး တချို့မှာ အသင့်စည်ပြီးသား သစ်ခက်စည်းများကို ဝယ်ယူ၍ ပူဇော်သူများကိုပင် ရှိလာကြောင်း သိရသည်။ ဤသို့လျှင် လူနှစ်ရပ်ကျော် သုံးရပ်စာ ခန့်ရှိသော သစ်ခက်ပုံကြီး ဖြစ်လာ၍ တပို့တွဲလပြည့်နေ့ ညနေသို့ ရောက်သောအခါ သံဃာတော်များထံမှ ပရိတ်တရားနာယူကြပြီးလျှင် သံဃာတော်များမှ ဦးဆောင်လျက် ရွာသူရွာသားများက စုပုံထားသော သစ်ခက်ပုံကြီးအား ဖယောင်းတိုင်၊ အမွှေးတိုင်၊ နံ့သာတိုင်များဖြင့် မီးထွန်းညှိကာ မြတ်စွာဘုရားအား ချမ်းအေးသော ဆောင်းရာသီ၌ မီးပူဇော်ကြပါသည်။ ဤမီးဖုန်း ပူဇော်ပွဲဓလေ့ကို နှစ်စဉ် တပို့တွဲလပြည့်နေ့၌ ပြည်မြို့၊ ရွှေဆံတော်ဘုရားတွင် ကျင်းပပြုလုပ်သော ဉာဏ်ရိုးပူဇော်ပွဲ၊ မန္တလေး မဟာမြတ်မုနိဘုရားတွင် ကျင်းပပြုလုပ်သော မြန်မာ့ရိုးရာ မီးပူဇော်ပွဲတို့နှင့် နှိုင်းယှဉ်လေ့လာနိုင်ပါသည်။

အထက်ဖော်ပြပါ ကဆုန်ညောင်ရေသွန်းပွဲ၊ ထားဝယ်ရိုးရာ၊ ကျွဲတိုက်ပွဲနှင့် မီးဖုန်းပူဇော်ပွဲ တို့သည် မုတ္ထီးမြို့ဟောင်း (သို့မဟုတ်) ရှင်မုတ္ထီးရွာ၏ ထူးခြားထင်ရှားသော ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ဖြစ်ကြပါသည်။ မည်သို့ပင်ဆိုစေကာမူ ခေတ်ရေစီးကြောင်း အပေါ်လိုက်၍ ပြောင်းလဲလျက်ရှိသော လူ့ဘောင်အဖွဲ့အစည်းတွင် ဤသို့သော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ထိန်းသိမ်းထားနိုင်သည်မှာ ဂုဏ်ယူဖွယ်ရာ အကြောင်းတစ်ရပ်ပင်ဖြစ်ပါသည်။

**သော်ဇင်လတ်**

[၇] ရွှေဝယ်ဇ၊ ၂၀၀၅၊ ၄၀-၄၃။
[၈] ဘုရားမီးကင်ပွဲ/ မီးလှုံပွဲ (ထားဝယ်ဘာသာစကား)

# ထားဝယ်ဒေသိယစကား ရှေ့ပြေးလေ့လာချက်

မောင်လေးတင့်

ထားဝယ်စကားသည် ဘာသာဗေဒ အခေါ်အဝေါ်အားဖြင့် "ဒေသိယ စကား" ဟု ခေါ်သော စကားတစ်မျိုးပင်ဖြစ်ပါသည်။

ဒေသိယစကားသည် အထင်ကြီးစရာလည်း ကောင်းလှသည်။ တန်ဖိုးလည်းရှိသည်။ ဘာသာဗေဒပညာရှင်တို့အဖို့ ဒေသိယစကားသည် အရေးပါလှပေသည်။ အဘယ်ကြောင့်ဆိုသော် ဒေသိယစကား ကွဲပြားချက်များသည် ဘာသာစကား လေ့လာမှုကို အထောက်အကူပြုရုံ သက်သက်မျှသာမကဘဲ စံပြနှင့် စံပြမဟုတ်သော စကားများ စတင်ပေါ်ပေါက်လာပုံ ရင်းမြစ် သမိုင်းကို သိနားလည်ရန် အချက်သည် ဒေသိယစကား၏ အသွင်အပြင် အနေအထားများပေါ်တွင် တည်နေသောကြောင့်ပင်ဖြစ်သည်ဟု ဘာသာဗေဒပညာရှင် ဗလွမ်းဖီးလ်က (Bloomfield) ဆိုခဲ့သည်။[၁]

ထားဝယ် ဒေသိယစကားကို ကွယ်လွန်သူ ပါမောက္ခဆရာကြီး ဦးဖေမောင်တင်သည် လွန်ခဲ့သည့် အနှစ်ငါးဆယ်ကျော်ကပင် ရှေ့ပြေးစစ်တမ်း ထုတ်ခဲ့ဘူးပါသည်။ အငြိမ်းစား ကျောက်စာဝန်များ ဖြစ်ကြသော ဆရာကြီး ဦးလူဖေဝင်းနှင့် ဦးဖိုးလတ်တို့သည်လည်းကောင်း၊ ဆရာမင်းသုဝဏ်သည်လည်းကောင်း၊ ထားဝယ်စကားအကြောင်းကို အလျဉ်းသင့်ရာ ဆောင်းပါးများတွင် ထည့်သွင်းရေးသားခဲ့ဘူးပါသည်။ သို့မျှမက ဂျပန်အမျိုးသား ပါမောက္ခ မစ္စတာ အိုနိုတိုးရု (Onotoru) ကလည်း ထားဝယ်စကားအပါအဝင်မြန်မာနိုင်ငံအတွင်းရှိ ဒေသိယစကားများနှင့် နှိုင်းယှဉ်လေ့လာ ချက် စာတန်းတစ်စောင်[၂]နှင့် ဆောင်းပါးတစ်စောင်[၃] ရေးသားတင်ပြခဲ့ဘူးပါသည်။

ထားဝယ်စကားကို အသံကွဲ မြန်မာစကားအဖြစ် သုတေသီအချို့က သတ်မှတ်လိုပုံ ရပါသည်။ ကျွန်တော့်အနေနှင့်မူ ထားဝယ်စကားကို "ရှေးဟောင်းမြန်မာစကား" သို့မဟုတ် "ဂန္ထဝင်မြန်မာစကား" ဟုဆိုလျှင် ပို၍မှန်မည်ထင်ပါသည်။ ထားဝယ်စကားသည် စာရေး၍မရသော "အပြောဘာသာစကား" သက်သက်မဟုတ်ဘဲ စာရေး၍ ရသော၊ စာရေးခဲ့ဘူးသော "အရေးဘာသာစကား" ဖြစ်ခဲ့ဘူးသည်ကို ပုဂံကျောက်စာများက သက်သေခံနေပါသည်။

ပုဂံကျောက်စာများက ဖော်ပြနေသည့် အထောက်အထားများ ကို စေ့ငုကြည့်စေချင်ပါသည်။

ပုဂံခေတ်ကျောက်စာများမှ လဆွဲသံများသည် ယနေ့အထိ ထားဝယ်တွင် ပြောနေသည့် ထားဝယ်စကားအသံနှင့် ထပ်တူထပ်မျှဖြစ်ပါသည်။ သို့ရာတွင် သုတေသီအချို့က ယခုခေတ် အသံထွက်အတိုင်း က္လ ကို "ကျ" မ္လ ကို "မြေ" မ္လစ် ကို "မြစ်" အစရှိသည်ဖြင့် ယခုခေတ် အသံထွက်နှင့် အစားထိုး၍ ဖတ်ရမည်ဆိုပါသည်။[၄] ယင်းအယူအဆ မှန်၊ မမှန်ကို အဆုံးအဖြတ်ပေးနိုင်မည့်သူမှာ

၁။ ဦးစိုးမြင့် "ဒေသိယစကားလေ့လာမှု" ပညာပဒေသာ စာစောင်။ (ဝိဇ္ဇာ)၊ အတွဲ -၉၊ အပိုင်း -၂၊ စာ-၆၈။
၂။ ဒေသန္တရသုံး ဗမာစကား၊ စာအကြောင်း ပေအကြောင်း၊ ၁၉၆၉။
၃။ ဒေသန္တရသုံး မြန်မာစကား၏ ပထဝီဝင်အနေအထား၊ ၁၉၆၉ ခု၊ မတ်လ၊ ငွေတာရီ
၄။ ဟံသာဝတီ ဦးဘရင်၊ မြန်မာစာ အခြေပြုကျမ်း၊ စာ-၁။

ဘာသာဗေဒပညာရှင်နှင့် သဒ္ဒဗေဒပညာရှင်များသာဖြစ်ပါသည်။

ပုဂံခေတ်တွင် ဗျည်းတို့ကို ယ ယှဉ်၍ (ယပင့်)၊ ရယှဉ် (ရရစ်)၊ လယှဉ် (လဆွဲ) ရေးနည်းဟူ၍ သုံးမျိုးကွဲပြားလျက်ရှိပါသည်။ ကွဲပြားသည့်အတိုင်း အသံ သုံးမျိုးထွက်သည်ဟု ယူသော် ရမည်ဖြစ်ပါသည်။ ထိုသို့ ကွဲပြားသည်မှာလည်း အခိုက်အတန့်မျှမဟုတ်၊ စကားအနည်းငယ်တွင်မှအပ ရောနှောရှုပ်ထွေးခြင်းလည်း မရှိ၊ စနစ်ကျခြင်းလည်း ရှိကြောင်း တွေ့ရပါမည်။ ပုဂံခေတ်တွင် ယပင့်ရရစ် ရေးခဲ့သော စကားအားလုံးပင် ယခု ယပင့်၊ ရရစ် ရေးလျက်ရှိပါသည်။ သို့ရာတွင် ယခု ယပင့်၊ ရရစ် ရေးလျက်ရှိသော စကားလုံးအချို့မှာ ပုဂံခေတ်တွင် အမြဲလိုလို ဗျည်းအောက်မှ လဆွဲ၍ ရေးသည်ကို တွေ့ရပါမည်။[၅]

**ချွင်းချက်။** ။ စကားလုံးအနည်းငယ်တွင်မှအပ ပုဂံကျောက်စာတွင် လဆွဲရေးခဲ့သော စကားလုံးမှန်သမျှ ထားဝယ်တွင် လဆွဲသဖြင့် ပြောဆိုနေကြဆဲဖြစ်ပါသည်။

ပုံစံ - ကျား၊ ကျိုး၊ ကျောက်၊ ချိုး၊ ချောင်း၊ ချွတ်။

ပြု၊ ပြစ်၊ ပြွန်၊ ပြူ၊ မြေ၊ မြတ်၊ မြစ်။

စသည့် စကားလုံးအနည်းငယ်ကိုသာ ပုံစံအဖြစ်ပြပါသည်။ လဆွဲသံဖြင့်ပြောသော စကားလုံးတိုင်းကို ဖော်ပြရန် စာမျက်နှာက ခွင့်ပြုနိုင်မည်မဟုတ်ပါ။ ဆရာကြီး မြကေတု (ပါမောက္ခ ဦးချမ်းမြ) ကလည်း ရာဇကုမာရ်ကျောက်စာ ပျူဘာသာဘက်တွင် ''ပြီးပြု'' ဟူသော စကားလုံးကို ''ဗီး ပ္လု'' ဟု - ပအောက်မှ လကြီးဆွဲ၍ ရေးထိုးထားသဖြင့် ''ပြုပြီး''ဟူသော ပျူစကားရင်းဖြစ်ကြောင်း ဆိုခဲ့ပါသည်။[၆] ယင်းသို့ ဆိုခြင်းဖြင့် ထားဝယ်စကားမှ လဆွဲသံများသည် ပုဂံခေတ်မတိုင်မီ ပျူခေတ်ကပင်လျှင် စာလုံးအဖြစ်နှင့် ရှိခဲ့ဘူးသည်ဟု ယူဆဖွယ်ရာ ရှိပါသည်။ မှန်၊ မမှန်ကြံဆရန်မှာ ပညာရှင်တို့၏အရာသာ ဖြစ်ပါသည်။

ရှေးရှေးခေတ်တို့က လဆွဲသံယုတ် ပြောကြသည်။ ပြောသည့်အတိုင်း ရေးသည်။ စံကိုက်သည်။ ယခုအခါတွင်ကား ထားဝယ်နှင့် အင်းလေးအရပ်တို့မှ တပါး လဆွဲသံယုတ်ကို မဆိုကြတော့ပြီ။ ပုဂံခေတ် ကုန်ဆုံးပြီးသည့်နောက် ပင်းယခေတ်၊ အင်းဝခေတ်တို့တွင် မြန်မာတို့၏ စကားပြောသံသည် အမှတ်မထင် ရွေ့လျောလာခဲ့ပုံရသည်။ အဘယ်ကြောင့်ဆိုသော် ပုဂံခေတ်အခါက မမေ့မလျော့ ရေးသားခဲ့သော လဆွဲ သံယုတ်သည် ယပင့်ရရစ်အဖြစ်သို့ သင့်လျော်သလို ရွေ့လျောသွားသည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။ သက္ကရာဇ် ၇၂၉ ခုတွင် နန်းတက်သော မင်းကြီးစွာစော်ကဲ လက်ထက်မှစ၍ လိုက်နာခဲ့ကြသည်ဆိုသော သဗ္ဗညာဏချီ သတ်ပုံဟောင်းကြီးတွင်လဆွဲသံယုတ်ကို မတွေ့ရတော့ပါ။ သို့ရာတွင် သက္ကရာဇ် ၈၇၁ ခု ထိုး ရတနာဗိမာန် ကျောင်းကျောက်စာတွင် လဆွဲသံများကို အများအစားပြန်၍ တွေ့ရသည်။[၇] ''အရေးပြောင်းသော်လည်း အပြောသံ မပြောင်းသည့် သဘောပင်လောဟု တွေးတောဖွယ်ရာဖြစ်ပါသည်။

ပုဂံခေတ်တွင် အက္ခရာများကို မွန်ထံမှ ရသည်မှာ မကြာသေး။ မြန်မာဟူ၍လည်း များစွာ မရှိသေးသဖြင့် စကားပြောပုံနှင့် စာရေးပုံဟူ၍ ကွဲပြားခြင်းမရှိဘဲ ပြောသည့်အတိုင်း ရေးသည်ဟု ယူဆဖွယ်ရှိကြောင်း အိန္ဒိယပြည်မှ ကျောက်စာပါရဂူ ဒေါက်တာဘလက်ဒင် (C.O.Blegden) က မှတ်ချက်ခဲ့ဘူးပါသည်။[၈]

ဘာသာစကား၏ ပြောင်းလဲတတ်သော သဘောအရ မြန်မာစာအရေးအသား အပြောအဆို၌ လဆွဲသံများ ပျောက်ကွယ်ခဲ့ပါသည်။ လဆွဲနေရာတွင် ယပင့်ရရစ်တို့ နေရာယူနေကြပါသည်။ ယင်းသို့ ပြောင်းလဲလာရသည်မှာ အသံထွက်ရခက်သော လဆွဲသံမှသည် အသံထွက်ရလွယ်သော ယပင့်အသံသို့ ပြောင်းလဲလာခြင်းကြောင့်ပင်ဖြစ်သည်။[၉] ထားဝယ်စကား နားဝင်ချိုရခြင်း၏ အဓိက အကြောင်းရင်းမှာ လဆွဲသံများကြောင့် ဖြစ်သည်ဟု ဆရာကြီး ဦးဖေမောင်တင်က ဆိုခဲ့ဘူးပါသည်။[၁၀]

ဘာသာဗေဒ အသုံးအနှုန်းအရ ''အားထုတ်မှု ချွေတာခြင်းကြောင့် နီးစပ်ရာအသံသို့ ပြောင်းတတ်သည့် သဘောပင်ဖြစ်သည်ဟု ထင်ပါသည်။

ပုံစံအားဖြင့် ပြွေကို ပလွေ၊ မြွေကို မွေ။[၁၁]

---

၅။ ဦးဖိုးလတ်၊ မြန်မာစကားအဖွင့်ကျမ်း (ပထမတွဲ)၊ စာ-၁၀၂။

၆။ မြကေတု၊ မြန်မာစကားပြော အရေးအသားစာပေ နှီးနှောဖလှယ်ပွဲ စာတန်းများ မန္တလေး၊ ၁၉၆၃ ခု။

၇။ မင်းသုဝဏ်၊ မြန်မာစာလုံးပေါင်း ဖြစ်စဉ်။ မြန်မာစာ မြန်မာမှု၊ စာ-၁၃၇၊ ၁၃၉။

၈။ ဦးဖိုးလတ်၊ မြန်မာစကားအဖွင့်ကျမ်း၊ ပထမတွဲ၊ စာ-၁၀၁။

၉။ ဦးဖေမောင်တင်၊ ဘာသာစကားယဉ်ကျေးမှု ငွေတာရီ၊ ဖေဖော်ဝါရီ ၁၇၆၄၊ စာ-၆၂။

၁၀။ ဦးဖေမောင်တင်၊ ထားဝယ် ဒေသန္တရစကား။ မြန်မာနိုင်ငံ သုတေသန အသင်းဂျာနယ်၊ ၁၉၃၃။

၁၁။ ဦးတင်လှ၊ ''ဘာသာစကားသည် ပြောင်းလဲတတ်သော သဘောရှိသည်'' ပညာပဒေသာစာစောင်၊ အတွဲ ၃၊ အပိုင်း ၄၊ ၁၉၆၈ ခု စာ-၂၁၈။

သို့ရာတွင် ထားဝယ်သူ ထားဝယ်သားများကမူ ပုဂံခေတ်မှစ၍ ယနေ့ထက်တိုင် အသံထွက်ရ ခက်သော လဆွဲသံများကို ၉၉ ရာနှုန်းမျှ မူရင်းအတိုင်း ထိန်းသိမ်း ပြောဆိုနေနိုင်သည်မှာ အားထုတ်မှု ဖွဲ့ကောင်းလွန်းသော ကြောင့်ဟုပင် ဆိုရမည်လား မသိပါ။ အထက်က ပြခဲ့သည် အထောက်အထားများစွာတို့မှ တစ်ခုသော အထောက် အထားသာ ဖြစ်ပါသည်။ ကျန်အထောက်အထားများကို တင်ပြပါဦးမည်။

## အပင့်အရစ်မပါသော အသံများ

ပုဂံကျောက်စာများ၌ ကိုး၊ ကိုတ်၊ ကိုန်း၊ ချီပင့်၊ ပန်းချီအစရှိသည့် စာလုံးများကို ယပင့်မပါဘဲ ရေးထိုးလေ့ ရှိပါသည်။ နောက်ပိုင်းတွင်မှ ယပင့်ပါလာသည်။ ထို့အပြင် ရရစ်သံ အချို့ကိုလည်း အရစ်မပါဘဲ ရေးထိုးခဲ့သည်ကို တွေ့နိုင်ပါသည်။

ပုံစံအားဖြင့် တပည့်၊ ပညာ။

ပုဂံခေတ်ထိုး ကျောက်စာများတွင် ''နေ့ည''ကို ''နေ့င'' ယင်းနောက် နေ့ငြ''ဖြစ်လာသည်။[၁၂] (ပုဂံမြို့၊ တက်နွယ်ကျောင်းကျောက်စာနှင့် စစ်ကိုင်းမြို့ မိဖုရား စောတော်ဦး ကျောက်စာရှု) အလားတူ ပုံစံများပြ၍ မကုန်နိုင်အောင် ရှိသည်။

ထိုနည်းတူ ယနေ့ ထားဝယ်တွင်လည်း ခိ (ချီ ပင့်)၊ ကွဲ (ကျွဲ)၊ ခေ(ခြေ)၊ ခေ(ခြေ တိရစ္ဆာန်)၊ ကွပ (အပ်ကာရန်) ကြွက်၊ လက်ကွယ် (လက်သူကြွယ်)၊ အလေးခိ (အလေးချိန်)၊ အခိ နာရီ (အချိန်နာရီ) စသည်ဖြင့် ယနေ့အထိ အပင့်အရစ်သံမပါဘဲ ပြောနေသည့်စကားလုံး ပေါင်းများစွာ ရှိနေပါသေးသည်။ ဆရာကြီး ဦးဖေမောင်တင် က ပုဂံခေတ်တွင် အပင့်အရစ် မပါခဲ့ရာမှ ယခုခေတ် အပင့်အရစ်သံ ပါလာရသည့် အကြောင်းရင်း ဇစ်မြစ်မှာ အပင့်အရစ် မပါသော အသံကို မြည်ရာတွင် အာခေါင်မာကို လျှာဖြင့် မထိရ၊ အကယ်၍ ထိမိလျှင် ယပင့်သံ ဝင်လာ သည်ဟု ဆိုပါသည်။[၁၃]

ဘာသာဗေဒ သုတေသီ တစ်ဦးဖြစ်သူ စာရေးဆရာ မောင်သာနိုးကလည်း ပုဂံခေတ်ကျောက်စာ၌ ယောက်ျားကို ယောက်ယာဟု ရေးရာကအစ -က်နှင့် ယာပေါင်းမိသွား ပြီး ''က်ယာ'' (Kja) ဖြစ်သွားသည့်အကြောင်း၊ ယင်း နောက် -က် ဖြစ်ရာ အာခေါင်ပျော့နားကနေ ''ယ်''ဖြစ် ရာ အာခေါင်မာဆီသို့ ရွေ့သွားပြီး ဆက်တိုက် သွားအရင်း နား ရောက်သွားရာမှ ''ကျား''ဟု အသံထွက်လာကြောင်း ဆိုခဲ့ပါသည်။[၁၄]

ယခုခေတ်သုံး မြန်မာစကားကို ကြည့်လျှင်လည်း ပစ်၊ ပစ္စည်း၊ တပည့်၊ ကမ္ဘည်း၊ မည်၊ မေတ္တာ စသည်တို့ တွင် အပင့်အရစ် မပါဘဲလျက် အပင့် အရစ်သံကို ကြားရ ပါသည်။ ဘာသာဗေဒ အသုံးအနှုန်းအရ ပြောရလျှင် ''လျှာချော်ခြင်း''ဟု ဆိုရမည် ထင်ပါသည်။

ဤနေရာတွင် ပုဂံကျောက်စာများ ရေးထိုးသည့် အချိန်မှ ယနေ့အထိ နှစ်ပေါင်းကိုးရာမျှ ထားဝယ်သူ ထားဝယ်သားများသည် လျှာမချော်အောင် ထိန်းနိုင်ခဲ့သည် ဟု ခန့်မှန်းရပါသည်။

## သရကွဲသံလွဲပုံများ (ကတ်နှင့်ကက်)

ထားဝယ်စကားတွင် သရသံ ထွက်ပုံများမှာ ယနေ့ မြန်မာစကား သရသံ ထွက်ပုံများနှင့် မတူ။ ကွဲလွဲ လျက်ရှိပါသည်။ အသရကိုက သတ်လိုက်သော် မြန်မာစကား တွင် ''အက်''သံထွက်ပါသည်။ ထားဝယ်၌ကား ဤသို့ မဟုတ် ''အတ်'' (အပ်) အသံထွက်ပါသည်။ ပုံစံအားဖြင့် သစ်ခက်ကို သစ်ခတ်၊ ရေနက်ကို ရေနတ်၊ မက်မောကို မတ်မောဟု အသံထွက်ပါသည်။ ချွင်းချက်အားဖြင့် မြန်မာ တို့ကဲ့သို့ ကသတ်အသံအတိုင်းထွက်သော စကားလုံးအနည်းငယ် ရှိပါသည်။ ပုံစံအားဖြင့် ကက်၊ အက်၊ လျှက်၊ (လျှာက်ဆား တွင် ကတ်သို့ အသံမပြောင်းဘဲ ''ရစ်ဆား''ဟု စသတ် သံဖြင့် ပြောပါသည်။) ကသတ်အသံကို တသတ်၊ ပသတ် အသံ မထွက်ဘဲ စသတ်သံ ထွက်သည်ကို နောက်ပိုင်း တွင် ရှင်းပါမည်။

ကမ္ဘာသုံးပါဠိတွင် က၊ စ၊ တ၊ ပ၊ အသတ်များသည် ယနေ့ မြန်မာက သတ် အသံတစ်ခုတည်းသာ ထွက်သည်။

၁၂။ ဦးဖိုးလတ်၊ ဘာသာစကား အဖွင့်ကျမ်း၊ ပထမတွဲ၊ စာ - ၁၇၄။
၁၃။ ဦးဖေမောင်တင်၊ ''ဘာသာစကား ယဉ်ကျေးမှု'' ငွေတာရီမဂ္ဂဇင်း၊ ဖေဖော်ဝါရီလ၊ ၁၉၆၄၊ စာ-၆၄။
၁၄။ မောင်သာနိုး။ ''ဗမာစာဗမာစကား''စာ-၂၄၇။

မြန်မာတို့က ကက်၊ ကတ်၊ ကပ်၊ အသံသုံးခုရအောင် ထွင်ထားသည်ဟု ဆိုပါသည်။[၁၅] ကျွန်တော်သည် ပါဠိဘာသာ တတ်ကျွမ်းသူတစ်ဦး မဟုတ်သဖြင့် အထက်ပါ အဆိုကို အထောက်အထားပြုရလျှင် ပုဂံခေတ်တွင်လည်း ကသတ် အသံနှင့် တသတ်အသံထွက်မည်ဟုပင် ခန့်မှန်းချင်ပါသည်။ ပုဂံခေတ်သည် ပါဠိဘာသာ ဩဇာအရှိန်အဝါ ကြီးမားသော ခေတ်ဖြစ်ပါသည်။ ထိုခေတ်တွင် မိန်းမများပင် ပါဠိဘာသာဖြင့် နှုတ်ဆက်ကြသည်ဟု ဆိုပါသည်။[၁၆] သို့ဖြစ်ရာ မြန်မာစာ အရေးအသားကို စမ်းတဝါးဝါးနှင့် မှန်းသွားနေရသော အချိန်အခါတွင် ပါဠိအသံထွက် ပုံစနစ်များ၊ ပါဠိစာလုံးပေါင်း စနစ်များကို နည်းနာယူကြမည်ဖြစ်ပါသည်။

မြန်မာအက္ခရာဖြင့် ဖလှယ်ထားသော ပါဠိစကားလုံးများ၊ ပါဠိသတ် ဝေါဟာရများကို နှောင်းမြန်မာတို့က ဖတ်ကြရာတွင် အသံထွက်အံချော်သည့် သဘောလည်းပါနေမည်ထင်ပါသည်။ ပုံစံအားဖြင့် "အက္ခရာ"ကို "အက်ခရာ"ဟု အသံထွက်ဖတ်ကြပါသည်။ အမှန်မှာ "အတ်ခရာ" ဖြစ်ရပါမည်။[၁၇] ဤနေရာတွင် စကားအလျဉ်းသင့်သဖြင့် ပြောစရာတစ်ခု ရှိနေပါသည်။

ဆရာကြီး ဦးဖေမောင်တင်၏ စာတန်းတွင်[၂] ဇီးကွက်ကို ဇီးကွ-က်၊ ဝက်ကို ဝ-က် ဟု ထားဝယ်၌ အသံထွက်သည်ဟု ဖော်ပြထားပါသည်။ ဆရာကြီး နားကြားမှား၍ အမှတ်မှားပြီး အရေးမှားသွားဟန် တူပါသည်။ ဝက်ကို ထားဝယ်တွင် ဝပ် (အပ်ကာရန်) သာထွက်ပါသည်။ သတ္တဗေဒသဘောအရလည်း ကကို ကသတ်၍ "ကက်" သံ မထွက်ကြောင်း သိရပါသည်။ ဤအချက်ကို အပြည့်အစုံ ပြည်ဆိုင်ရာ သဒ္ဒဗေဒအက္ခရာ*ဖြင့် ရှင်းလင်းလျှင် ပို၍ ရှင်းလင်းသဘောပေါက်နိုင်မည် ဖြစ်သော်လည်း ပုံနှိပ်ရန် အခက်အခဲရှိသဖြင့် မဖော်ပြလိုက်ရပါ။

## အောက်နှင့် အော့-က်

မြန်မာစကားတွင် ကသတ်ရှေ့ရှိ အောသရသံသည် "အောက်"ဟု ထွက်ပါသည်။ ထားဝယ်စကားတွင် ပကတိအောသံ ထွက်ပါသည်။ ပုံစံအားဖြင့် "ကောက်ကို ကော့-က်"၊ "ခေါက်ကို ခေါ့-က်"အသံထွက်ပါသည်။

ယခု ရေးပြသော စာလုံးပေါင်းများ (အသံများ) မှာ မပီသသေးပါ။ ထားဝယ်သံနှင့် နီးစပ်ရုံသာ ရှိပါသည်။ ယင်းအသံများကို မြန်မာအက္ခရာဖြင့် ပေါင်း၍ အသံမထွက်နိုင်ပါ။ ထားဝယ်သူ ထားဝယ်သားမှအပ တခြားနယ်သားများ ပီအောင် ရွတ်ဆိုရန် မလွယ်ပါ။ ရောမအက္ခရာဖြင့် စာလုံးပေါင်း၍ အသံထွက်ပြလျှင် အနီးစပ်ဆုံး ရနိုင်ပါသည်။ ထားဝယ်အသံ "ကော့-က်" (ကော့မဟုတ်) (Kot) ဖြစ်ပါသည်။ မြန်မာအသံ "နောက်" ကိုထားဝယ်အသံ "နော့-က်" (နော့မဟုတ်) (Not) ဖြစ်ပါသည်။

အသံဖြစ်ပုံစနစ်အရလည်းကောင်း၊ ဘာသာဗေဒ အမြင်အရလည်းကောင်း၊ အောသရကို ကသတ်၍ အောက် (Out) ဟု အသံမထွက်ဘဲ၊ ထားဝယ် စကားသံအတိုင်း (Ok)အသံသာ ထွက်နိုင်သည်ဟု သိရပါသည်။ သို့ဖြစ်၍ ပုဂံခေတ် ပညာရှင်ကြီးများသည် ကမ္ဘာသုံး အသံထွက်နည်းစနစ်များနှင့်အညီ မြန်မာစကားကို မွန်အက္ခရာဖြင့် ကြံဆတီထွင်ပေးခဲ့လင့်ကစား ဘာသာစကား၏ နိယာမတရားကို မလွန်ဆန်နိုင်ဘဲ စကားပြောသံများ ချွတ်ချော်တိမ်းပါးလာသည်နှင့် အမျှ အသံထွက်ပုံစနစ်များနှင့် မကိုက်ညီဘဲ ဖြစ်လာရသည်ဟု ယူဆပါသည်။

ဤတွင်လည်း ထားဝယ်စကားသည် ယခုခေတ်သုံး မြန်မာစကားထက် သတ္တဗေဒသဘော စနစ်နှင့် ပို၍ ကိုက်ညီသည်ဟုပင်ဆိုရမည်ဖြစ်ပါသည်။ ပညာရှင်များ၏ အဆိုအမိန့်တွင်လည်း ပုဂံခေတ်တွင် ယခု ထားဝယ်စကားသံကဲ့သို့ ပြောဆိုကြလိမ့်မည်ဟု ခန့်မှန်းခဲ့ကြသည်သာဖြစ်ပါသည်။

## ကသတ်နှင့် စ သတ်အသံ

မြန်မာစကားမှ ကသတ်အသံများသည် ထားဝယ်စကားတွင် တသတ်အသံဖြင့် ပြောသည့်အကြောင်း ဆိုခဲ့ပြီးပါပြီ။ တသတ်အသံဖြင့် မထွက်သော စကားလုံးများကို စသတ်အသံဖြင့် ပြောပါသည်။ မြန်မာစကားနှင့် ထားဝယ်စကားနှစ်ရပ်စလုံး တူညီချက်များဟု ဆိုရပါမည်။

| | |
|---|---|
| မြန်မာ | ထားဝယ် |
| နေ့ရက် | နေ့ရစ် |

၁၅။ ဦးသောင်းလွင်၊ မြန်မာအက္ခရာ ဗေဒကျမ်း၊ စာ-၆၅။
၁၆။ ဦးထွန်းဖေ၊ မြန်မာစာနိဒါန်း၊ စာ-၇၂။
၁၇။ မောင်သာနိုး၊ ဗမာစာ ဗမာစကား၊ စာ -၅၉။

| | |
|---|---|
| ယက်ကန်း | ယစ်ကန်း |
| စက္ကူ | စစ်ကူ |
| ပျက်စီး | ပျစ်စီး |
| မျက်စိ | မျစ်စိ |

ဤသည်မှာလည်း ပါဠိသြဇာ အရိပ်အငွေ့ဝင်နေသည့် သဘောကို ဆောင်နေပါသည်။ ကမ္ဘာသုံးပါဠိသံ "တစ်ခု" ကို "ဘိက္ခု"ဟု ကသတ်နှင့်ရေးပြီး တသတ်ဖြင့် "ဘိတ်ခု"ဟု ထွက်သည့်ပုံမျိုးဖြစ်ပါသည်။[၁၈] မူရင်း စသတ်အသံမှ ကသတ်အသံသို့ ပြောင်းလာခြင်းရှိသကဲ့သို့ ကသတ်၊ တသတ်အသံကို စသတ်အသံဖြင့် ရွတ်ဆိုသည်လည်း ရှိပါသည်။

ကေတ်ဟူသော မွန်စာလုံးပေါင်း အသံထွက်ကို ကြည့်၍ မြန်မာတို့က တသတ်နှင့် စသတ် အသံကွဲအောင် ရှေးမြန်မာကြီးတို့က တီထွင်ခဲ့သည်ဟုလည်း ဆိုပါသည်။[၂]

မတ်ဂျိမ (Majjhima) ကို မဇ္ဈိမ ဆတ် (က်) စာ (Sacca) ကို သစ္စာ၊ သေတ္တာကို သစ်တာ၊ ခေတ္တကို ခစ်တ၊ မေတ္တာကို မြစ်တာ။

## အန်နှင့်အင် အသံ

မြန်မာစကား သေတ်အသံ အတော်များများကို ထားဝယ်စကားတွင် နသတ်အသံ သို့မဟုတ် မသတ်အသံဖြင့် ပြောပါသည်။ သေတ်သံအတိုင်းပြောသော စကားက နည်းပါသည်။ မြန်မာစကား "ကင်း"ကို ထားဝယ်စကား "ကန်း"၊ "သစ်ပင် ကို သစ်ပန်"၊ "ရေတွင်းကို ရေတွမ်း"၊ "သတင်းစာကို သတန်းစာ" စသည်ဖြင့် နသတ်သံ ပြောပါသည်။ စင်၊ ဆင်၊ ဇင်၊ ညင် စသော စဝဂ်တစ်ခုလုံးကိုမူ သေတ်သံဖြင့်ပင် ပြောပါသည်။ ကဝဂ်ဗျည်းများတွင် အပင့်အရစ် ယှဉ်လိုက်သောအခါတွင်လည်း သေတ်အသံပင် ထွက်ပါသည်။ (ကျင်၊ ကြင်၊ ချင်၊ ခြင်၊ ဂျင်၊ ငြင်) သို့ရာတွင် ခင်မင်ကို ခင်မင်ဟု ပြောပြီး ခင်ဗျားကိုမူ ခန်ဗျားဟု ပြောသော ချွင်းချက်များလည်း ရှိပါသည်။

နသတ်အသံနှင့် သေတ်အသံအကြောင်း ပြောလျှင် ပုဂံကျောက်စာကို ချန်ထား၍ ဖြစ်မည်မထင်ပါ။ ယခုခေတ်သုံး ယှဉ်၊ ယှဉ်း၊ ယျာဉ် (ဥယျာဉ်) တို့ကို ပုဂံကျောက်စာများ၌ **ယှန်၊ ယန်** ဟုရေးထိုးခဲ့ပါသည်။ (ပုဂံမြို့မင်းဝိုင်း ကျောက်စာ၊ ကန်လှရွာ အမတ်ကြီး ရာဇသင်္ကြန်ကျောက်စာ)။ ပုဂံခေတ်မှ ပထမအင်းဝခေတ်သို့တိုင်အောင် ကျောက်စာတို့တွင် **ယှန်၊ ယှန်း၊** အရေးမှာ အတွင်ကျယ်ဆုံးဖြစ်ကြောင်း တွေ့ရသည်။ **ယှန်း**မှ **ယှင်း**သို့ ပြောင်းသည်မှာ **ခန်း (စံခန်း)** မှ **ခင်း** (စံခင်း၊ ယာခင်း) သို့လည်းကောင်း ပြောင်းသည့်နည်းတူဖြစ်ပါသည်။[၁၉]

ကျောက်စာများ၌ ယခုခေတ် "အင်"အသံထွက်ကို "အန်"အသံထွက် ရေးထိုးပုံမှန်သမျှကို ရေးပြရလျှင် ဆုံးအံ့မထင်ပါ။ ဘာသာဗေဒ ပညာရှင်လည်းဖြစ်၊ သမိုင်းပညာရှင်လည်းဖြစ်သော ဒေါက်တာလုစ်ရေးသည့် "ရှေးဟောင်းမြန်မာနိုင်ငံ ပုဂံခေတ်ဦး" စာအုပ်တွင် ရှေးဟောင်းမြန်မာစကားအဖြစ် "ပလ္လင်"ကို "ပန်လန်"။ "ထီးလိုင်မင်း"ကို ထီးလိုင်မန်း"၊ "တူရွင်းတောင်"ကို "တူရန်းတောန်"၊ "တနင်္ဂနွေမင်း"ကို "တနန်းဂနွေမန်း" စသည်ဖြင့် ရေးခဲ့ပါသည်။[၂၀]

ကျောက်စာဝန်ဟောင်းဆရာကြီး ဦးလူဖေဝင်းကလည်း အထက်ဖော်ပြပါ ဒေါက်တာလုစ်၏ စာအုပ်ကို ဝေဖန်သည့်စာတန်းတွင် သက်ဆိုးတောင်ကျောက်စာကို ရောမလိပိဖြင့် ဖလှယ်၍ အသံထွက်ပြထားရာ၌ "မင်းလုင်ကို" ကို "မန်းလုလန်""တော်သလင်းကို"ကို "တော်သလန်း" စသည်ဖြင့် ယခုခေတ် သေတ်အသံ ခပ်များများကို နသတ်သံဖြင့် ပြထားပါသည်။[၂၁] ကမ္ဘာသုံး ပါဠိသံမှ မြန်မာပြုထားသော ပါဠိအသံထွက်ပုံများကို သတိရစေပါသည်။ ပုံစံအားဖြင့် အန်ညမညကို အင်ညမညဟုလည်းကောင်း၊ ပန်စသီလကို ပဉ္စသီလဟုလည်းကောင်း၊ ဆံခါရကို သင်္ခါရဟုလည်းကောင်း၊ ရှရီလန်ကာကို သီရိလင်္ကာ စသည်တို့

၁၈။ ဦးဖေမောင်တင်၊ ထားဝယ် ဒေသန္တရစကား၊ မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်၊ အတွဲ ၂၃၊ အပိုင်း ၁၊ ၁၉၃၃ ခု။

* အပြည်ပြည်ဆိုင်ရာ သဒ္ဒဗေဒအက္ခရာဆိုသည်မှာ ဘာသာဗေဒ ပညာရှင်ကြီးများက မည်သည့်စကားသံ ကိုမဆို တိတိကျကျ မှတ်တမ်းတင်နိုင်ရန် တီထွင်ထား သော သင်္ကေတ အက္ခရာဖြစ်သည်။

၁၉။ မောင်သာနိုး၊ ဗမာစာ ဗမာစကား၊ စာ-၆၀။

၂၀။ ဦးသောင်းလွင်၊ မြန်မာအက္ခရာဗေဒကျမ်း၊ စာ-၆၆။
ရောမလိပိဖြင့် ဖလှယ်ထားသော ကမ္ဘာသုံး ပါဠိအသံ ထွက်များ **Rhys Davids, T.W and W.Stade, Pali English Dictionary** မှ ယူပါသည်။)

၂၁။ ဦးဖိုးလတ်၊ မြန်မာစကားအဖွင့်ကျမ်း၊ ပထမတွဲ၊ စာ-၁၂။

ကဲ့သို့ ဖြစ်ပါသည်။

အိန္ဒိယပြည် တောင်ပိုင်းမှ ဗုဒ္ဓဘာသာနှင့်အတူ ဗုဒ္ဓစာပေ (ပါဠိစာပေ) သည် ပထမဆုံး မွန်တို့ထံသို့ ရောက်ရှိလာသည်ဟု သမိုင်းအစောင်စောင်က ဆိုပါသည်။ ယင်းသို့ဆိုလျှင် မွန်တို့နှင့် နယ်မြေခြင်း ဆက်စပ်နေသော ထားဝယ်တွင် ပါဠိ၊ သက္ကတ မူရင်း အသံထွက်ပုံအတိုင်း ယနေ့တိုင် စွဲမြဲကျန်ရစ်နေသလားဟု စဉ်းစားဖွယ်ပင်ဖြစ်ပါသည်။ ပညာရှင် သုတေသီများ ကြံဆကြစေလိုပါသည်။

သဒ္ဒဗေဒအမြင်အရလည်းကောင်း၊ အသံဖြစ်ပုံစနစ်အရလည်းကောင်း၊ အသရကို ငသတ်သော် ''အင်'' မထွက်နိုင် ''အန်''သာထွက်နိုင်သည်ဟု သိရှိရပါသည်။

## အော-န်နှင့်အောင်

မြန်မာတွင် အောသရကို ငသတ်လိုက်လျှင် ''အောင်'' အသံထွက်ပါသည်။ ထားဝယ်အသံ၌ မူလ ''အော''သရ အသံအတိုင်း ကျန်သည်။ ''အောန်''ဟု ထွက်သည်။ ရေးထုံးမဟုတ်သော မြန်မာစာလုံးပေါင်းဖြင့် ပြထားရသဖြင့် ထားဝယ်စကား မတတ်သူ တစ်ယောက်အဖို့ အသံထွက်ရလွယ်မည်မထင်ပါ။ ယင်း''အော-န်''သည် အင်္ဂလိပ်စာလုံး (On)နှင့် အနီးစပ်ဆုံးဖြစ်ပါသည်။ (အွန်) မဟုတ်ပါ။ ပုံစံအားဖြင့် ကောင်ကို ''ကော-န်'' (Kon)၊ တောင်ကို ''တော-န်''(Ton)၊ ကြောင်ကို''ကြော-န်''၊ (Kyon)''ချောင်း'' ကို ''ခ္လောင်း''(Khlon) ကျောက်စာများမှ ''ကျောန်''နှင့် ''လောန်''ဟူသော စာလုံးများကို ''ကျွန်'' ''လွန်''အဖြစ် သတ်မှတ်ကြသည်မှာ မသင့်ဟု ယူဆပါသည်။ ''ကျောန်''မှာ မြန်မာစကား ''ကြောင်'' ကို ထားဝယ်က ပြောသောအသံဖြစ်၍ ''လောန်''မှာ မြန်မာစကား၊ ''လောင်''ကို ထားဝယ်က ပြောအသံဖြစ်ပါသည်။

ရှေးဟောင်း မြန်မာစကားအဖြစ် ''အလောင်းစည်သူ'' ကို ''အလောန်းစည်သူ''၊ ''ကုလားကျောင်း''ကို ''ကုလားကျ္လောန်''၊ ''နားတောင်းများ''ကို ''နားတောန်းများ'' စသည်ဖြင့် ဒေါက်တာလုစ်က သုံးခဲ့ပါသည်။[၂၂]

ဆရာကြီး ဒေါက်တာလုစ်အသံဖလှယ်ပုံကို ကြည့်မည်ဆိုလျှင် ''အော''သရကို ငသတ်၍ ''အောင်'' အသံမထွက်ဘဲ ''အောန်'' (On) သာ ထွက်ကြောင်း ယုံမှားဖွယ်မရှိတော့ပါ။ ဤတွင်လည်း ထားဝယ်စကား နသတ် သံသည် ပုဂံခေတ်သုံး အသံဖြစ်ကြောင်း ထင်ရှားနေပါပြီ။ သဒ္ဒဗေဒ သဘောအရလည်း ''အောန်'' (on) သာ မှန်သည်ဟု သိရပါသည်။

## အုံ၊ အုန်နှင့် အောင်၊ အူ

မြန်မာစကား အုန်၊ အုံ အသံထွက်ကို ထားဝယ်စကားတွင် အောင် (သို့မဟုတ်) ''အူ'' အသံထွက်ပါသည်။ ''အောင်'' ဟု ရေးသာ ရေးလိုက်ရပါသည်။ ထားဝယ်အသံ မပီသသေးပါ။ အင်္ဂလိပ် စာလုံးပေါင်း အသံထွက်နှင့်မူ နီးစပ်ပါသည်။

''မြင်းကုံး''ကို ထားဝယ်လို ''ဖြင်းကောင်း'' အသံထွက်ပါသည်။ ယင်း ''ကောင်း''မှာ (Cow)အသံသာထွက်ပါသည်။ စကားလုံး အနည်းငယ်မှအပ တချောင်းငင် သေးသေးတင် အသံများကို ''အောင်''သံထွက်ပြီး တချောင်းငင် နသတ်သံများ၌ ''အူ''သံထွက်ပါသည်။

ကုန်သည်ကို ''ကူသယ်''၊ ကုန်လမ်းကို ''ကူးလမ်း''၊ သစ်တုံးကို ''သစ်တောင်း''၊ အလုံးကို ''အလောင်း'' (Allow)၊ ပန်းငုံကို ''ပန်းငေါင်''ဖြစ်ပါသည်။

ထားဝယ်တွင်ရေးက အုသရသံနောက်ရှိ နသတ် မသတ်အသံများ (မတြာ ဝက်သံများ)ကိုပါ ထည့်ပြောကြသော်လည်း ယခုမပါတော့ပါ။ မြန်မာစကားတွင် အုသရနောက်၌ (န်)(မ်) တို့ရှိလျှင် ''အု''သံ မထွက်တော့ဘဲ ''အို''သံထွက်လာသည်။

ထားဝယ်စကားတွင် အုသရသံ ကျန်နေသည်မှာ သဒ္ဒဗေဒသဘောအရ မှန်သည်ဟု သိရပါသည်။ တိုက်ဆိုင်မှုတစ်ခုအဖြစ် တင်ပြလိုပါသည်။ တက္ကသိုလ်မြန်မာ အဘိဓာန် အပိုင်း (၁) ''က''အက္ခရာတွင် ''ကဘုန်းသား'' နံ၊ (ထားဝယ်) ခရုတမျိုးဟု ဖော်ပြထားပါသည်။ မမှန်ပါ ''ကဘောင်းသား''(K-Bow tha)သာမှန်ပါသည်။ မူရင်း ထားဝယ်သံကို တစ်ယောက်ယောက်က မြန်မာမှု ပြုပေးလိုက်ပုံရပါသည်။

## အု၊ အောက်နှင့် အုတ်၊ အုပ်

အုသရသံ နောက်တွင် တသတ်၊ ပသတ်ရှိလျှင်

---

၂၂. Journal of Burma Research Sociaty. Vol: Llv, Parth 1, & 12, P. 12.13.16.

မြန်မာတို့က ''အို'' သံဖြင့် ''အုတ်'' ဟု ထွက်သည်။ ထားဝယ်က မူလ ''အု'' သရသံ (သို့မဟုတ်) ''အော'' သရသံထွက်ပါသည်။ ''အု''အသံထွက်ပုံမှာ အုတ်ကိုအု၊ စုတ်တံကို စုတံ၊ ဆုတ်ပစ်ကို ဆုပစ် စသည်ဖြစ်ပြီး အော သံ ထွက်ပုံမှာ ဦးထုပ်ကို အောက်ထောက်၊ လည်ဂုတ်ကို လည်ပေါက်၊ လုပ်ကိုင်ကို လောက်ကိုင် စသည်တို့ဖြစ်ပါသည်။ ရာဇကုမာရန်ကျောက်စာတွင် ပြုကို ပြော (လော်)၊ သော ကို သူဟု အုသရသံအစား အော သရသံဖြင့် ရေးထိုးခဲ့သည် ကို တွေ့ရပါသည်။ ရာဇကုမာရန်ကျောက်စာထက် စော သည်ဟု ပညာရှင်များက ခန့်မှန်းကြသော ပေါ်တော်မူ ကျောက်စာတွင်လည်း လူကို လော၊ ဖြုကို ဖြော (ဖွော)၊ ဆူကို ဆောဟု ရေးခဲ့သည်။ ထို့ကြောင့် ထားဝယ်တွင် အုသရသံနေရာ၌ အောသရသံပြောသည်မှာ မဆန်းတော့ပါ။

အော့၊ အော်၊ အောသရသံနှင့် အုသရသံ ပြောင်းလဲ လာခြင်းကား ဓမ္မတာပင်ဖြစ်သည်ဟု မှတ်ယူရန်ရှိသည်။[၂၃]

ကမ္ဘာသုံးပါဠိ သံ ဒု(က်) ခမှ မြန်မာသံဒုတ်ခ (ဒုက္ခ)၊ ပု(ဂ်)လကို ပုတ်ကို (ပုဂ္ဂိုလ်) ဖြစ်လာပုံနှင့် မုသုံ လေ ကို မုတ်သုံလေ၊ မုဆိုးကို မုတ်ဆိုးဖြစ်လာပုံတို့နှင့် လည်းနှိုင်းယှဉ်ကြည့်ပါ။[၂၄] တချောင်ငင် တသတ်၊ ပသတ် သံများကို ထားဝယ်က အု (သို့မဟုတ်) အောသရသံမထွက်ဘဲ ဝဆွဲတသတ် (သို့မဟုတ်) ဝဆွဲ ပ သတ် အသံထွက် သည်လည်း ရှိပါသည်။ ''ထင်းခုတ်''ကို ''ထန်းခွတ်''၊ ''ကုတ်အင်္ကျီ''ကို ''ကွတ်အန်းဂီ''စသည်တို့ ဖြစ်ပါသည်။ ဤတွင်လည်း သဒ္ဒဗေဒသဘောအရ ထားဝယ်စကား အသံထွက်က ပို၍ ဆီလျော်သည်ဟု ဆိုချင်ပါသည်။ အက္ခရာ တစ်လုံးချင်း အသံထွက်အတိုင်း စာလုံးပေါင်းပြပါမည်။

ဥပမာ ''ခုတ်'' (ခ)အတွက် (kh)တချောင်းငင် အတွက် (u)၊ တ် (တသတ်) အတွက် (t)ဖြစ်၍ မည်သည့် နည်းနှင့်မျှ ယခု မြန်မာအသံတွက် ''ခုတ်'' ဟူသော အသံမထွက်နိုင်ပါ။ ခု(တ်) (သို့မဟုတ်) (ခုတ်) ဟုသာ အသံထွက်နိုင်ပါသည်။

## အိ (တ်)၊ အိ (ပ်) နှင့် အိတ်၊ အိပ်

ထားဝယ်စကား၌ အိတ်နှင့် အိပ်တို့ကို တသတ် ပသတ်အသံများမပါဘဲ ''အိ''ဟုသာ ထွက်ပါသည်။ လွယ်အိတ်ကို လွယ်အိ၊ လိပ်ကို လိ၊ သပိတ်ကို သဗိ၊ ဟုပြောပါသည်။ ဘာသာဗေဒ ရှုထောင့်မှကြည့်လျှင် အိ သရနောက်၌ တသတ်၊ ပသတ်ရှိသဖြင့် ဧသရသံသို့ ပြောင်းသွားခြင်းမှာ မြန်မာအက္ခရာနှင့် မြန်မာအသံထွက် အံချော်နေပုံဖြစ်သည်ဟု သိရပါသည်။[၂၅] အိသရသံ ပျောက် မသွားသော ထားဝယ်သံက ပို၍ သဘာဝကျသည်ဟု သိရပါသည်။ ကမ္ဘာသုံး ပါဠိသံ စိတမှ မြန်မာသံ စိတ်၊ နိဗာနမှ နိတ်ဗာန်၊ (နိဗ္ဗာန်) ပရိဆမှ ပရိသတ်၊ (ပရိသတ်)၊ သုတမှ သုတ်တံ (သုတ္တန်)၊ ဖြစ်လာပုံများကို ဆင်ခြင်ကြည့်ကြ စေလိုပါသည်။ ရင်းမြစ်အသံသည် ''အိ''သရသံဖြစ်သည် ဟု ဆိုလိုပါသည်။

## အိ (န်)၊ အီး (န်) နှင့် အိန်၊ အိန်း

မြန်မာစကား အိမ်ကို ထားဝယ်စကား အိ (အမှန် မှာ ရေးက အီ-မ်) ဟု နောက်ဆုံး ဗျည်း (န်၊ မ်) သံပါ ထည့်၍ပြောသည်။ ယခု ယင်းအသံမပါတော့။ စိန်ကို စီ၊ လိန်ကို လီ၊ စိုးရိမ်ကို စိုးရီ ဟုပြောသည်။ ဤသာဓက အရ အိသရ၊ အီသရကို နသတ်မသတ် လိုက်လင့်ကစား မူလ အိအီသရသံသည် ထားဝယ်စကားတွင် ကျန်နေပါသည်။ သဒ္ဒဗေဒအမြင်အရဆိုလျှင်လည်း အိသရကို နသတ်လိုက် သော် ''အီ-န်'' (သို့မဟုတ်) ''အင်'' ဟုသာ အသံထွက် ကြောင်း သိရပါသည်။ ပုံစံအားဖြင့် မြန်မာစကား ''ကိန်း'' ကို ထားဝယ်စကားသံ ''ကီး-န်''ဟု ရေးက ထွက်ခဲ့ရာမှ ယခုအချိန်တွင် နောက်ဆုံးဗျည်းသံပျောက်၍ ''ကီး'' ဖြစ်လာပါသည်။ ထားဝယ်စကား၌ အဆုံးသတ် ဗျည်းရှေ့က သရသည် ရေးသည့်အတိုင်း ပကတိအသံထွက် သည်ကို ထောက်သော် ပုဂံခေတ်၌လည်း ပကတိ အသံ ထွက်သည်ဟု ယူဆအပ်၏။[၂၆] ကမ္ဘာသုံး ပါဠိ ဂိမှကို ဂိမ်၊ ကုသိနာရကို ကုတ်သိန်နာရုံ (ကုသိနာရုံ) ဖြစ်လာပုံကို ကြည့်နိုင်ပါသည်။

၂၃။ မောင်သာနိုး၊ ဗမာစာ ဗမာစကား၊ စာ -၅၉

၂၄။ ဦးဖိုးလတ်၊ မြန်မာစကား အဖွင့်ကျမ်း၊ ပထမတွဲ၊ စာ -၁၀၄

၂၅။ မောင်သာနိုး၊ ဗမာစာ ဗမာစကား၊ စာ-၆၀။

၂၆။ မောင်သာနိုး ဗမာစာ ဗမာစကား၊ စာ -၅၉။

## ခွိး၊ နွိး၊ မွိးနှင့် ခွေး၊ နွေး၊ မွေး

သရသံ ကွဲပြားပုံများတွင် ပုဂံခေတ် ဣသရသံများ၊ ယခုခေတ် မြန်မာစကား ဧ (အေး၊ အေ) သရသံသို့ ပြောင်းလာပုံကို ကြည့်ပါ။ မြန်မာစကား ခွေးကို ထားဝယ် ခွိး၊ နွေးကို နွိ၊ တွေ့ကို တွိ၊ စသည်ဖြင့် အိ အီ သရသံ အတိုင်းပင် ပြောနေဆဲ ဖြစ်ပါသည်။

ပုဂံကျောက်စာများကို ပြန်ကြည့်လျှင် ရေ၊ ပေ၊ စေ၊ အခြေ၊ လေး၊ နေတို့ကို ရိ၊ ပိ၊ စိ၊ အခြိ၊ လိ၊ နိ ဟု ရေးထိုးခဲ့သည်ကို တွေ့ရပါမည်။ (ပေါ်တော်မူ ဘုရားကျောက်စာရှ) နောက်ပိုင်းတွင် ရိယ်၊ ပိယ်၊ စိယ် ဟု လုံးကြီးတင် ယသတ် ပြောင်းလာသည်။ ယင်းကျောက်စာ တွင် အေ၊ အေး သရသံများဖြင့် ရေးထားသော စာလုံးများ ရှိနေပါလျက် ယင်းစာလုံးများကို သဝေထိုးနှင့် မရေးဘဲ ရိ၊ ပိ၊ စိ စသည်ဖြင့် ရေးခဲ့သည်ကို ထောက်၍ အိ သရသံ အတိုင်း ထွက်အောင် ရေးသည်ဟု ယူဆပါသည်။

ပညာရှင်အချို့က ကျောက်စာများမှ လုံးကြီးတင်ယသတ် (ိယ်) သည် ယခုခေတ် သဝေထိုး (ေ-) နှင့် တူညီသည်။ တချောင်းငင် ယသတ် (ုယ်) သည် ယခုခေတ် သဝေထိုး ဝဆွဲ (ွေ) နှင့် တူညီသည်ဟု သတ်မှတ်ပါသည်။ အသံ ချင်း တူညီမှုကား ဖြစ်နိုင်မည်မထင်ပါ။ ဆရာကြီး ဦးလူ ဖေဝင်းက ကျောက်စာများကို သဒ္ဒဗေဒနည်းအရ ရောမ လိပိဖြင့် ဖလှယ်ရာတွင် ကျောက်စာရေး "အဆုယ်" (ယခုခေတ် -အဆွေ) ကို (ACHUY)ဟု ရေးခဲ့ပါသည်။[၂၇] အေး သရသံ လုံးဝမထွက် အဆွီဟုသာ ထွက်နိုင်ပါသည်။

ထိုနည်းအတိုင်းပင် အခြားသော အေ၊ အေး သရ စာလုံးများကို ဖလှယ်ပြထားပါသည်။ သို့ဖြစ်ရာ ကျောက်စာမှ "ခုယ်" သည် "ခွေး" ဟု အသံထွက်မထွက် ဆရာကြီး၏ ဖလှယ်ပုံအတိုင်း ဖလှယ်ကြည့်သောအခါတွင် (Khuy) ခွီးဟုသာ ထွက်လာပါသည်။ ထို့ကြောင့် အိ၊ အီ၊ အီး သရသံသည် ရင်းမြစ် ဖြစ်ပြီး အေ့၊ အေ၊ အေး၊ သရသံသည် နောက်မှ ပြောင်းလာသောအသံ (ခွီးသည် ရင်းမြစ်၊ ခွေး သည် နောက်ပြောင်း) ဖြစ်သည်ဟု ဆိုချင်ပါသည်။

ထားဝယ်စကားသည် ရှေးဟောင်းမြန်မာစကား ဖြစ်ကြောင်း အထောက်အထားများဖြင့် တင်ပြထားပြီးပါပြီ။ ကျောက်စာပါ မဟေနှင့် ထားဝယ်စကားမှေ့၊ မြန်မာစကား မရှိတို့ကတူပုံ၊ အင်းဝခေတ်၊ ပင်းယခေတ် ပျို့ကဗျာသုံး ပေါရာဏများ (ပွဲ၊ ဖျား ရေ၊ ကောင်းတေ) ယနေ့အထိ ထားဝယ်စကားတွင် ရှိနေပုံ စသည် အထောက်အထားများ ရေး၍ မကုန်နိုင်အောင် ကျန်နေပါသေးသည်။

ဒေသိယစကား သုတေသီတစ်ဦးဖြစ်သော ဂျပန်အမျိုး သား ပါမောက္ခ မစ္စတာ အိုနိုတိုးရှကလည်း သူ၏ စာ တန်းနှင့် ဆောင်းပါးတို့တွင် ထားဝယ်စကားသည် ရှေးဆန် သည်။ သို့တည်းမဟုတ် ရှေးခေတ် မြန်မာ့အသံကို ထိန်း သိမ်းလျက်ရှိသည်ဟု တင်ပြထားပါသည်။ "ယင်းစာတန်း နှင့် ဆောင်းပါးတို့တွင် ဖော်ပြထားသော ထားဝယ်စကား အသံထွက် ခပ်များများ ကွဲလွဲမှုရှိနေကြောင်း တွေ့ရပါသည်။ (အမှန်ကို အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။)

ကျောက်စာများ၌ ရှာမတွေ့သော ထားဝယ်စကား၏ ထူးခြားမှုအချို့သည် ရှေးကျလွန်းသောကြောင့်လည်း ဖြစ် တန်ရာသည်။ သို့တည်းမဟုတ် ထားဝယ်စကား၏ တမူ ထူးခြားမှုကြောင့်လည်း ဖြစ်တန်ရာသည်။[၂၈] "ရှေးဟောင်းပုဂံ ကျောက်စာနှင့် ပြိုင်သော ထားဝယ်စကားသည် တိုးတက် လျက်ရှိသော ယခုခေတ် မြန်မာစကားထက် နှစ်ပေါင်း (၈၀၀) ခန့် စော၍ ယဉ်ကျေးမှု သက်သေခံလျက်ရှိပါသည်။

ယနေ့ ထားဝယ်ဒေသသည် အခြားဒေသများနှင့် ကူးသန်းဆက်သွယ်မှု များပြားလာသည်နှင့်အမျှ ခေတ်မြန်မာ စကားအသုံးအနှုန်းသည် ထားဝယ်စကားအထဲတွင် တဖြည်း ဖြည်း များပြားလာပါပြီ။ ထားဝယ်စကားတွင် ထင်ရှားသော အချက်အလက်များ မပြောင်းလဲ မပပျောက်မီ ပညာရှင်များ၊ သုတေသီများက စနစ်တကျ မှတ်တမ်းတင် ပေးကြပါဟု မေတ္တာရပ်ခံလိုပါသည်။

**မောင်လေးတင့်**

**ထားဝယ်မဂ္ဂဇင်း၊ အမှတ် (၁)၊ ၁၉၇၈ ခုနှစ်၊**
**ဩဂုတ်လထုတ်မှ ကောက်နုတ်တင်ပြထားပါသည်။**

၂၇။ ဦးဖေမောင်တင်၊ ဘာသာစကားယဉ်ကျေးမှု။
၂၈။ ကထိက ဒေါ်သန်းဆွေ၊ မြန်မာဘာသာစကား၊ ရှုမဝ မဂ္ဂဇင်း၊ ၂၊ ၇၁၊ စာ-၇၇။



# ထားဝယ်ဒေသမှ သမိုင်းဝင်မြို့ဟောင်းနှစ်ခု

မောင်သာ (ရှေးဟောင်းသုတေသန)

*မြန်မာနိုင်ငံအောက်ပိုင်း၊ တနင်္သာရီကမ်းမြောင်ဒေသ၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်းမြို့ပြ များအနက် ထားဝယ်မြို့နယ်ရှိ မုတ္တီးနှင့်သာဂရသည် ယဉ်ကျေးမှုအထောက်အထားများစွာ ကျန်ရှိနေသည့် မြို့ဟောင်းများ ဖြစ်ကြပေသည်။*

တနင်္သာရီတိုင်းဒေသကြီး၊ ယဉ်ကျေးမှုပြတိုက်တွင် ပြသထားသည့် မှတ်တမ်းများအရ တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ မြို့ဟောင်း ၁၈ ခုရှိသည်။ ယင်းတို့အနက် ထားဝယ်ဒေသ၌ ထင်ရှားစွာပြသနိုင်သည့် မြို့ဟောင်း ၁၁ ခု ရှိပြီး ခုနစ်ခုသည် ထားဝယ် မြစ်ရိုးတစ်လျှောက်၌ တည်ရှိကြောင်း သမိုင်းပညာရှင် ဦးသန်းဆွေ(ထားဝယ်)က ရေးသားခဲ့သည်။

### သမိုင်းထဲမှ ထားဝယ်

မြန်မာ့စွယ်စုံကျမ်းအတွဲ(၅)တွင် ထားဝယ်လူမျိုးများသည် ရှေးကျသော တိုင်းရင်းသား တစ်မျိုးဖြစ်ကြောင်း၊ ရှေးပဝေသဏီ ကပင် တိုင်းပြည်မြို့ပြထီးနန်းနှင့်တကွ ထားဝယ်စကားပြောသည့် ထားဝယ်လူမျိုး ရှိခဲ့ကြောင်း ဖော်ပြထားသည်။ ထားဝယ်ဒေသ သည် မြန်မာဘုရင်များလက်ထက်က ယိုးဒယားသို့ စစ်ချီသည့် လမ်းပေါ်

တွင် ကျရောက်နေသဖြင့် ပုဂံခေတ်ကပင် မြန်မာတို့နှင့် ဆက်ဆံမှုများရှိခဲ့ကာ ထားဝယ်သားများက မြန်မာများကို ဂံသားဟု ခေါ်ဆိုခဲ့ကြသည်။ ပြည်ထဲရေးဝန်ကြီးဌာန မှတ်တမ်းတွင် ပုဂံ ဓမ္မရာဇိက ဘုရားကျောက်စာနှင့် ရှင်မုတ္တီးကျေးရွာ အုတ်ခွက်ဘုရားများအရ ထားဝယ်တို့သည် နှစ် (၉၀၀) အတွင်း တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ အခြေချကာ မြို့ဟောင်းများတည်ခဲ့ကြပြီး ထားဝယ်သည် နောက်ဆုံး တည်ခဲ့သည့် မြို့ဖြစ်ကြောင်း ဖော်ပြထားသည်။

စစ်ကိုင်း၊ဆင်နင်းတိုက်ပေမူကို ကိုးကားသည့် ထားဝယ်ရာဇဝင်ဆရာများ၏ အလိုအရ ထားဝယ်စား ဦးနဲလှသည် ခရစ်နှစ် ၁၇၄၈ ခုနှစ်တွင် ထားဝယ်မြို့ကို တည်ခဲ့ကြောင်းအဆိုရှိသကဲ့သို့ `ဥသြအော်သည် ထားဝယ်တည်`ဟူသည့်စာချိုးအရ မြန်မာ သက္က ရာဇ် ၁၁၁၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်တွင် တည်ခဲ့သည်ဟု ဆိုကြသည်။ ထားဝယ်မြို့ကို တည်ထောင်စဉ်က ဇရစ်၊ ခုံဝင်းဒပ်၊ ကညို၊ မြောက်ရွာ၊ အနောက်နှင့် မြို့တွင်းဟူသည့် အရပ် ခြောက်ခုရှိခဲ့သည်။ ထားဝယ်မြို့ကိုတည်စဉ်က သာယာဝပြောစေရန် ရည်ရွယ်လျက် သာယာဝတီမြို့ဟု အမည်ပေးကာ အုတ်မြို့အဖြစ် အခိုင်အမာတည်ဆောက်ခဲ့ပြီး သာယာဝတီမှထားဝယ်သို့ မည်သည့်အချိန်တွင် အမည်ပြောင်းလဲခဲ့ခြင်းကို မသိရှိရကြောင်းထားဝယ်ဒေသအချက်အလက်မှတ်တမ်းတွင် ဖော်ပြထားသည်။

ခရစ်နှစ် ၁၇၅၉ ခုနှစ်တွင် ထားဝယ်စား ဦးနဲလှ ပုန်ကန်ခြားနားခဲ့သဖြင့် အလောင်းမင်းတရားက နှိမ်နင်းခဲ့ကာ မြို့ဝန်များက ထားဝယ်ကို အဆက်ဆက်အုပ်ချုပ်ခဲ့ပြီး ထားဝယ် နောက်ဆုံးမြို့ဝန်သည် ဦးရွှေလုပ်ခေါ် မင်းကြီးမင်းစည်သူကျော်ဖြစ်သည်။

ထားဝယ်မြို့ကို ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနက ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၃၁ ရက်တွင် ဖွဲ့စည်းခဲ့ကာ လက်ရှိအချိန်တွင် ထားဝယ်မြို့နယ်၌ မြို့နှစ်မြို့(ထားဝယ်နှင့်မေတ္တာ)၊ရပ်ကွက် ၁၈ ခု၊ကျေးရွာအုပ်စု ၂၅ အုပ်စုနှင့် ကျေးရွာ ၁၀၈ ရွာရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၁၂ ပေမြင့်သည့် ထားဝယ်မြို့နယ်သည် (၂၆၁၆ ဒသမ ၁၄) စတုရန်းမိုင်ကျယ်ဝန်း လျက် အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် လောင်းလုံးမြို့နယ်၊ တောင်ဘက်တွင် သရက်ချောင်းမြို့နယ်၊ မြောက် ဘက်တွင် ရေဖြူမြို့နယ်တို့နှင့် ထိဆက်နေသည်။ ထားဝယ်မြို့နယ်အတွင်းရှိ ဘုရားစေတီ (၃၇၆) ဆူအနက် ရှင်မုတ္ထီး၊ ရှင်ပင်ခရု၊ ရှင်ဥသြ၊ ရှင်ဓာတ်ဝဲ၊ ရွှေသာလျောင်း၊ ရပ်တော်မူနှင့် ရှင်ပင်သာယုတို့သည် အထူးထင်ရှားကြသည်။

## မုတ္တီးမြို့ဟောင်း

မုတ္တီးမြို့ဟောင်းသည် ထားဝယ်မြို့မှ တောင်ဘက်သို့ (၆)မိုင် ကွာဝေး၍ မုတ္ထီး(၁) နှင့် မုတ္ထီး (၂)ဟု ပိုင်းခြားထားသည်။ မုတ္တီး(၁)တွင် အနောက်ဘက်ရှိ ပေါက်တိုင်းချောင်းကို ကျုံးအဖြစ်ထားရှိ၍ ကျန်သုံးဘက်တွင် မြို့ရိုးတည်ဆောက်ခဲ့ကာ မြို့ရိုးသည် စတုဂံပုံဖြစ်၍ ထောင့်စွန်းများသည် ထောင့်မှန်မကျချေ။ မြို့ဟောင်းအလယ်၌ ရှိသည့် တောင်မြောက်ကန့်လန့် ဖြတ် ကျုံးနှင့် မြို့ ရိုး အရာကြောင့် မုတ္တီးသည် အတွင်းမြို့နှင့်အပြင်မြို့ဟု နှစ်ပိုင်းဖြစ်နေခဲ့သည်။ မြို့ဟောင်း၏အရှေ့မြို့ရိုးသည် ပေ (၁၂၀၀) ၊ တောင်မြို့ ရိုးသည် ပေ (၄၀၀၀) နှင့် မြောက်မြို့ရိုးသည် ပေ (၁၂၀၀) ရှည်လျားသည်။

မုတ္တီး(၁)မြို့ တံတိုင်းကို မြို့ဟောင်းအရှေ့ဘက်ရှိ တောင်ကုန်းကို ဝိုင်းပတ်၍ တည်ဆောက်ခဲ့ကာ တောင်ကုန်းပေါ်တွင် စေတီများရှိနေသည်။ ထားဝယ်မြို့မှ မြိတ် မော်တော်ကားလမ်း၏ ထားဝယ်မြို့ အထွက်၌ မြင်ကြရသည့် ရှင်မုတ္တီး ဘုရားသည် မုတ္တီးမြို့ဟောင်းအတွင်း၌ တည်ရှိနေကာ မော်တော်ကားလမ်းက မုတ္တီးမြို့ဟောင်း၏ တောင်ဘက်နှင့် မြောက်ဘက်မြို့ရိုးကို ဖြတ်သန်းနေသည်။ မုတ္တီး(၂) (စော်ဂ ကျေးရွာ)သည် မုတ္တီး(၁) တောင်ဘက်မြို့ရိုးနှင့်ကပ်လျက် တည်ရှိကာ မုတ္တီး(၂)မြို့ရိုးသည် စတုဂံ မကျတကျ ပုံစံရှိ၍ တောင်ကုန်းတစ်ခုကိုပတ်၍ အနောက်ဘက်မြို့ရိုးကိုတည်ဆောက်ထားသည်။ မြို့ဟောင်း၏ အနောက်မြို့ရိုးသည် ပေ (၃၃၀၀)၊ တောင်မြို့ရိုး နှင့် မြောက်မြို့ရိုးသည် ပေ (၁၆၀၀) စီရှည်လျားသည်။

မုတ္ထီး(၁) နှင့် မုတ္ထီး(၂)တို့သည် တစ်ခုနှင့် တစ်ခု အစွန်းချင်းထိဆက်နေပြီး ပုံစံချင်းမတူညီကြချေ။ မုတ္ထီး (၁)သည် ပေါက် ကိုင်းချောင်းရှိသည့် အနောက်ဘက်တွင် မြို့ရိုးကို မတည်ဆောက်ထားသော်လည်း မုတ္ထီး(၂) တွင်မူ အနောက်ဘက် မြို့ရိုးကို တည်ဆောက်ထားသည်။ မြေမြို့ရိုးများသည် ပျက်စီးနေကြကာ ပျမ်းမျှ အမြင့် ငါးပေနှင့် (၁၀) ပေ အကြား ကျန်ရှိနေပြီး ကျုံးအကျယ်မှာ ပျမ်းမျှ ပေ (၂၀) ကျန်ရှိသည်။ မြေမြို့ရိုး၏ အချို့နေရာများတွင် မူလကတည်းက ထည့်သွင်းတည်ဆောက်ခဲ့ဟန်ရှိသည့် အုတ်နှင့် ဂဝံ အပိုင်းအစများ ကျန်ရှိနေခဲ့သည်။

မုတ္ထီးမြို့ဟောင်းသည် သာဂရ မြို့ဟောင်းလောက် ရှေးမကျသော်လည်း မြို့ဟောင်းမှ တွေ့ရှိခဲ့သည့် အထောက်အထား များအရ ပုဂံခေတ်မတိုင်မီကာလကို ဖော်ညွှန်းနိုင်သည်ဟုဆိုသည်။ ရာဇဝင်ကျမ်းများ အလိုအရ မုတ္ထီးကို အင်းဝခေတ်တွင် တည်ခဲ့ကြောင်း ယူဆကြသော်လည်း ယေဓမ္မာ ဟေတုပ္ပဘဝါ အစချီသည့် ဂါထာ ရေးထိုးထားသည့် အုတ်ခွက်ဘုရားများ၊ ပုဂံဘုရင် ကျန်စစ်သား၏ဘွဲ့တော်အမည် သိရိတြိဘုဝနဒိတျဓမ္မရာဇာ ပါရှိသည့် အုတ်ခွက်ဘုရားများနှင့် ဟိန္ဒူ နတ်ဘုရား ဗိဿနိုး ရုပ်တုတို့ကို မုတ္ထီးဝန်းကျင်မှ တွေ့ရှိခဲ့သည်။ မုတ္ထီးမြို့ဟောင်းအကြောင်း ရေးသားသည့် စာအုပ်စာတမ်းများတွင် မုတ္ထီးသည် ပုဂံခေတ် ၁၁ ရာစုမှ ၁၃ ရာစုအတွင်း ထွန်းကားခဲ့ဟန်ရှိကြောင်း ဖော်ပြခဲ့ကြသည်။

**မုတ္ထီးဘာသာရေးအဆောက်အအုံများ**

မုတ္ထီးမြို့ဟောင်းအတွင်း၌ အထင်ရှားဆုံး အဆောက်အအုံသည် ရှင်ကိုးရှင်ဘုရားတစ်ဆူအဖြစ် ထင်ရှားသည့် ရှင်မုတ္ထီး စေတီဖြစ်သည်။ရှင်မုတ္ထီးစေတီတော်တွင် ရှင်မုတ္ထီးရုပ်ပွားတော်ကို ဌာပနာ ထည့်သွင်းခဲ့သည်။ ရှင်မုတ္ထီးရုပ်ပွားတော်သည် သီဟိုဠ်ကျွန်းမှ ရဟန္တာ အရှင် မဟာအရဟံက ပင်လယ်တွင်းသို့မျှောခဲ့သည့် ရုပ်ပွားတော် လေး ဆူ အနက် တစ်ဆူဖြစ်ပြီး ကျန်သုံးဆူမှာ ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောဘုရား၊ ကျိုက်ထိုမြို့မှ ကျိုက်ပေါလောမှည့်ရှင်ဘုရား နှင့်ကျိုက္ခမီ ရေလယ်ဘုရားတို့ဖြစ်ကြောင်း ယုံကြည်ကြသည်။ စေတီတော်၏အနောက်ဘက် မြစ်ကမ်းအနီး နေရာတွင် ရုပ်ပွားတော်ကို ဆယ်ယူခဲ့သူဟု ဆိုသည့် သီလရှင်ရုပ်တုကို မြင်တွေ့နိုင်ကြသည်။

ခရစ်နှစ် ၁၉၂၄ ခုနှစ်တွင် တနင်္သာရီတိုင်းမင်းကြီး မစ္စတာအိပ်ချ်အမ် စတီဗင်ဆင်သည် ရှင်မုတ္ထီးစေတီအနီးမှ အုတ်ခွက် ဘုရား (၃၀၀) ကို ရရှိခဲ့သည်။ အုတ်ခွက်ဘုရားအချို့၏ ကျောဘက်တွင်ရှေးဟောင်းမွန်ကမ္ဗည်းစာသွင် သိရီတြိဘောဝနာဒိတျ ဟု ရေးထိုးထားရာ မြန်မာဘာသာဖြင့် သိရိတြိဘုဝနာဒိတျဓမ္မရာဇာဖြစ်ပြီး ပုဂံပြည့်ရှင်ကျန်စစ်သားမင်းကြီး၏ ဘွဲ့တော်ဖြစ်သည်။ ၁၉၈၀ပြည့် နှစ်တွင်လည်း မုတ္ထီးမြို့ဟောင်းမှ အုတ်ခွက်ဘုရားများကို ရရှိခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် မုတ္ထီး(၂)ရှိ အရှုံးပျောက်ဘုရား တံကဲ ပြိုကျရာမှ အုတ်ခွက်ဘုရားများ ထွက်လာခဲ့ရာ ယင်းတို့သည် ပျမ်းမျှအလျား ငါးလက်မ၊ အမြင့် လေးလက်မနှင့် အထုတစ်လက်မအရွယ် ရှိကြသည်။

ရှင်မုတ္ထီးဘုရား မြောက်ဘက်မုခ်မှ မြို့ဟောင်း အနောက်ဘက်ရှိ ပေါက်တိုင်းချောင်းအထိ ဖောက်လုပ်ထားသည့် အုတ် လမ်း သည် (၃၇၀) ပေရှည်၍ ပျမ်းမျှ ခုနစ်ပေကျယ်ကာ ဒေသခံများက ဘုရားတက်လမ်းဟု ခေါ်ဆိုကြသည်။ ပင်လယ်တွင်းမှ မျှောပါ လာသည့် ရှင်မုတ္ထီးရုပ်ပွားတော်ကို ယင်းလမ်းမှ ဘုရားကုန်းတော်ပေါ်သို့ ပင့်ဆောင်ခဲ့သည်ဟု ယူဆကြသည်။ အချို့ကလည်း ဝေဒီမြို့ဟောင်းမှ ဘုရင်များ ရေကြောင်းမှ လာရောက်၍ ရှင်မုတ္ထီး ဘုရားကို ဖူးမြော်ရာတွင် ပေါက်တိုင်းချောင်းမှ ဘုရားသို့ သွား ရောက်ရန် ယင်းလမ်းကို ဖောက်လုပ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ယူဆကြသည်။လမ်းခင်းထားသည့် အုတ်များ၏ ပျမ်းမျှ အရွယ်သည် အလျား (၁၅) လက်မ၊ အနံ (၇) လက်မနှင့်အထု (၂) လက်မ ဖြစ်သည်။ မြို့ဟောင်း အရှေ့မြို့ရိုး၏ အရှေ့ဘက်တွင် တည်ရှိသည့် ဘုရားသည် ရတနာစာတီတောင်စေတီဖြစ်၍ နပ်စာရီတောင် စေတီ ဟုလည်းခေါ်ဆိုကြသည်။ ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံခဲ့သဖြင့်စေတီတော်၏ မူလလက်ရာများ မကျန်ရှိတော့ချေ။ မုတ္ထီး(၂) မြို့ဟောင်း၏ အနောက်မြို့ရိုးနှင့် မြောက်မြို့ရိုးတို့ ဆုံသည့် နေရာအနီး၊ စော်ဝကျေးရွာတွင် တည်ထားသည့် အရှုံးပျောက်ဘုရားသည် ထင်ရှား

သော ဘုရားတစ်ဆူဖြစ်ကာ သက္ကရာဇ် ၇၈၀ ပြည့်နှစ် နယုန်လဆန်း ၈ ရက်တွင် တည်ခဲ့ကြောင်း ရေးသားကြ သည်။အရှူးပျောက်ဘုရားသိမ်အတွင်း၌ ညဏ်တော် ၂၈ ပေမြင့်သည့် ရှေးဟောင်းရုပ်ပွားတော် တစ်ဆူရှိသည်။ စေတီ တော် ပရိဝုဏ်တွင် ထားရှိသည့် ဂဝံကျောက်အိုး ကို ဆေးဆရာ မယ်စောက ဘုရင့်ထံပေးပို့သည့် ဆေး သစ္စာတော်ရေအိုးဟု ယုံကြည်ကြသည်။ မုတ္တီးမြို့ဟောင်း အတွင်း၌ပင် ဘုရားပုပု ရွှေဆင်းတုဘုရား၊ လှည်းကျောင်း တောစေတီ နှင့် ရွှေဂူတောင် စေတီတို့ကို ဖူးတွေ့နိုင်သည်။



*မုတ္တီးမြို့ဟောင်း အဝင်ဝရှိ ဗိဿနိုးရုပ်တု (ဓာတ်ပုံ-သော်ဇင်လတ်)*

## ဗိဿနိုးရုပ်တု

မုတ္တီးမြို့ဟောင်းမှရရှိခဲ့သည့် ရှေးဟောင်းပစ္စည်း များအနက် အလွန်ထင်ရှားသည့် ဗိဿနိုးရုပ်တုကို ကျိုး ပြတ်နေသည့် ကျောက်ရုပ်တုများနှင့်အတူ ၁၉၆၂ ခုနှစ် က အရှူးပျောက်ဘုရားအနီးရှိ ရော်ဘာခြံနှင့်လယ်ကွင်း အစပ်မှရရှိခဲ့ကာ မုတ္တီးရွာအဝင် လန်းဒွေ့ရွာထိပ်၌ (၁၅) ပေပတ်လည် ကျယ်ဝန်းသည့် နတ်ကွန်းဆောက်၍ ထား ရှိခဲ့သည်။ ယင်းရုပ်တုကို ဒေသခံများက ရွာတော်ရှင် အဖြစ် ကိုးကွယ်ကြသကဲ့သို့ ဟိန္ဒူ ဘာသာဝင်များက လည်း ကိုးကွယ်ကြသည်။ သဲကျောက်ပေါ်တွင် ဖောင်းကြွ ထုထား သည့် ယင်းရုပ်တုသည် (၄ ဒသမ ၆၅) ပေမြင့်၍ (၁ ဒသမ ၃၇) ပေကျယ်ကာ အထူ (၃ ဒသမ ၅၄) လက်မ ရှိသည်။ ဒေသခံများက မုတ္တီး (၁) မြို့ဟောင်း၏ ထောင့် လေးထောင့်တွင် ယင်းရုပ်တု တစ်ခုစီ ရှိခဲ့သည်ဟု ဆိုကြ သော်လည်း လက်ရှိ အရုပ်ကိုသာ တွေ့ရှိရသည်။ လက်လေး ချောင်းပါရှိသည့် ယင်းရုပ်တုသည် ညာဘက်အပေါ်လက် ဖြင့် တင်းပုတ်ကိုကိုင်ထား၍ ဝဲဘက်အပေါ်လက်ဖြင့် ခရုသင်းကိုကိုင်ထားသဖြင့် ဗိဿနိုးနတ်ရုပ်ဖြစ်ကြောင်း သိရှိနိုင်ခဲ့ကြသည်။

မုတ္တီးမြို့ဟောင်းမှ ရရှိခဲ့သည့် သမိုင်းအထောက်အထား များသည် မြေပြင်ပေါ်မှ ရရှိခဲ့သည့် ပစ္စည်းများသာဖြစ် ကြပြီး မုတ္တီး မြို့ဟောင်းကို စနစ်တကျ တူးဖော်မှုများ မ ပြုလုပ်ရသေးချေ။ ထို့ကြောင့် ရှေးဟောင်းသုတေသန ဆိုင်ရာ တူးဖော်မှုများကိုသာ ဆောင်ရွက်နိုင်မည်ဆိုပါက မုတ္တီးမြို့ဟောင်းနှင့် ဆက်နွယ်သည့် ပိုမိုခိုင်မာသော သမိုင်းအထောက်အထားများကို ဖော်ထုတ်နိုင် မည်ဖြစ် ပေသည်။

## သာဂရမြို့ဟောင်း

တနင်္သာရီတိုင်းဒေသကြီးတွင်ရှိသော မြို့ဟောင်း ၁၈ ခု အနက်သာဂရသည် အထင်ရှားဆုံးဖြစ်သည်။ သာဂရကို ထားဝယ် မြို့နှင့် တွဲ၍ သိရှိကြသော်လည်း မျက်မှောက် ခေတ် ဖွဲ့စည်းပုံအရ သာဂရသည် လောင်းလုံးမြို့နယ် အတွင်း၌ တည်ရှိသည်။ သာဂရ မြို့ဟောင်းမှ လက်စင်း



*သာဂရမြို့ဟောင်း မှ နန်းတော်ကုန်းတူးဖော်မှု (ဓာတ်ပုံ-နိုင်စိုး)*

ရာပါရှိသည့် အုတ်ချပ်များ၊ အရိုးအိုးများ၊ ဖန်ပုတီးများ နှင့် ကြေးဆင်းတု ဗုဒ္ဓရုပ်ပွားတော်များ ရရှိခဲ့သည်။ ထားဝယ်ဒေသ၌ ထင်ရှားစွာကျန်ရှိနေသည့် မြို့ဟောင်း (၁၁) ခု အနက် ခုနစ်ခုသည် ထားဝယ်မြစ်ရိုး တစ်လျှောက်၌ တည်ရှိ ကြကာ သာဂရ နှင့် မုတ္တီးတို့တွင် ကျုံး၊ မြို့ရိုးနှင့် နန်းတော်ရာများကျန်ရှိနေသည်။ လောင်းလုံးမြို့နယ်ရှိ အပြင်သာဂရ မြို့ ဟောင်း မြို့ရိုးနှင့်ကျုံး၊ အတွင်းသာဂရမြို့ဟောင်း မြို့ရိုးနှင့်ကျုံး၊ သာဂရမြို့ဟောင်းနှင့်ပျူသင်္ချိုင်း(အရိုးကုန်း)တို့ကို ရှေးဟောင်း သုတေသန နှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ရှေးဟောင်းအဆောက်အဦများအဖြစ် စောင့်ရှောက် ထိန်းသိမ်းထားသည်။

သာဂရမြို့ကို ထားဝယ်မြို့၏ အနောက်မြောက်ဘက် ကိုးမိုင်အကွာ၊ ထားဝယ်မြစ်၏ အနောက်ဘက်ကမ်းတွင် ကောဇာ သက္ကရာဇ် ၁၁၃ ခုနှစ်က တည်ထားခဲ့ကြောင်း ယူဆကြကာ **သာဂရမြို့တည် ဥဩစည်** ဟု အမှတ်အသားပြုခဲ့ကြသည်။ ကောဇာ သက္ကရာဇ် ၂၇၆ ခုနှစ်တွင် သာဂရ ပျက်ခဲ့ပြီးနောက် ၃၅၇ ခုနှစ်တွင် အမတ်ဗညားဦးက ဒုတိယအကြိမ် တည်ထောင်၍ ၄၃၈ ခုနှစ်တွင် ထပ်မံပျက်စီးခဲ့သဖြင့် ၈၂၄ ခုနှစ်တွင် မွန်အမတ် ပြသဗိုက်က တတိယ အကြိမ်ထူထောင်ခဲ့သည်။ ပထမ နှင့် ဒုတိယ သာဂရမြို့တည်နှစ်များသည် ထားဝယ်ရာဇဝင်တွင် ပါရှိသည် ခုနှစ်များသာ ဖြစ်ပြီး အမှန်ဟု တစ်ထစ်ချ မဆိုနိုင်ကြောင်း သမိုင်းပညာရှင် မောင်သန်းဆွေ(ထားဝယ်) က ရေးသားခဲ့သည်။

သာဂရကို ပထမအကြိမ် တည်ထောင်ခဲ့စဉ်က မြို့ဝန်း တာ (၇၄၀)၊ မြို့တံခါး လေးပေါက်နှင့် လမ်းမလေးသွယ်ရှိခဲ့သည် ဟု ဆိုသည်။သာဂရသည် ထားဝယ်မြစ်အတွင်းသို့ စီးဝင်နေသည့် ပဒတ်ချောင်းနှင့် ဆင်ပုနစ်ချောင်းအကြားတွင် တည်ရှိ၍ မြေပုံ အညွှန်းသည် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၆၉ ဒီဂရီ ၁၀ မိနစ်အကြားဖြစ်သည်။ရှေးအခါက သာဂရ ကို ဆင်ပုနစ်မြို့ဟောင်း၊ ဇလွန်မြို့ဟောင်းဟုလည်း ခေါ်ခဲ့ကြသည်။

## လက်ရှိ သာဂရ

၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းအရ သာဂရ တည်ရှိသည့် မြို့ဟောင်းကျေးရွာအုပ်စုတွင် အိမ်ခြေ ၈၆၆ လုံးရှိ၍ နေထိုင်သူဦးရေသည် ၃၆၃၄ ဦး

ဖြစ်သည်။ မြို့ဟောင်းကျေးရွာ၏ လေးဘက်လေးတန်၌ မြေမြို့ရိုးများ၊ကျုံးဟောင်းရာများရှိ၍ မြို့ဟောင်းအတွင်း၌ ဘုရားကုန်းဟောင်း များ၊မြေကုန်းများ၊ အုတ်ရိုး အပိုင်းအစ များကို တွေ့ရှိရကာ မြေမြို့ရိုးများသည် အမြင့်ဆုံးနေရာ တွင် (၁၆) ပေရှိ၍ ပျမ်းမျှ အကျယ် သည် (၆) ပေခွဲကျော် ဖြစ်သည်။ ကောင်းကင်မြေပုံ တိုင်းတာမှုများအရ မြို့ရိုး သုံးထပ်ရှိသည့် သာဂရမြို့ဟောင်း၏ အပြင်မြို့ရိုးသည် ဝန်းဝိုင်းသော ပုံ ရှိ၍ မြို့ရိုး ပတ်လည်သည် (၂ ဒသမ ၃၉) မိုင်၊ ဒုတိယမြို့ရိုးသည် (၁ ဒသမ ၄) မိုင် နှင့် အတွင်းပိုင်း မြို့ရိုးသည် (၁ ဒသမ ၃၆) မိုင်ရှည်လျားသည်။ အပြင် မြို့ရိုး၏ အတွင်းပိုင်း အရှေ့အနောက် အကျယ်သည် (သုည ဒသမ ၇၉) မိုင်နှင့် တောင်မြောက် အကျယ်သည် (သုည ဒသမ ၆၁) မိုင်ရှိသဖြင့် မြို့ဟောင်း ဧရိယာသည် (၂၄၅) ဧက ဖြစ်သည်။

အတွင်းမြို့ရိုးသည် ထောင့်မှန်မကျသည့် စတုဂံပုံသဏ္ဍာန် ရှိ၍ မြေမြို့ရိုးရာများနှင့် ကျုံးရာများ ကျန်ရှိနေကာအတွင်း ဘက်၌ ထောင့်ချိုးမကျသော စတုဂံပုံ သဏ္ဍာန် မြို့ရိုး သည် မြို့ဟောင်း မြောက်ဘက်ခြမ်းနှင့် တစ်ဆက်တည်း ဖြစ်နေသည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ရှေးဟောင်းသုတေသန နှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် သာဂရမြို့ဟောင်း တစ်ခုလုံးနှင့် မြို့ဟောင်းမြောက်ဘက်ရှိ ပျူ သင်္ချိုင်းများ အပါအဝင် အကျယ်အဝန်း (၂၈၇) ဧကကို ရှေးဟောင်း နေရာ တည်ရှိရာဇုန်အဖြစ် သတ် မှတ်ခဲ့ကာ အပြင် မြို့ရိုး မှ တစ်မိုင်ပတ်လည်ကို ကာကွယ်ထိန်းသိမ်းထားသော ဇုန်အဖြစ်သတ်မှတ်၍ ဇုန်နယ်နိမိတ် ကျောက်တိုင် များ စိုက်ထူခဲ့သည်။ ထားဝယ်မြို့မှ သာဂရမြို့ဟောင်းသို့ ကျွန်တော်လေ့လာရေး သွားခဲ့စဉ် မြေမြို့ရိုး နှစ်ထပ် ထင်ရှားစွာကျန်ရှိနေသည့် မြို့ဟောင်းတောင်ပိုင်းကို ဖြတ်၍ မြို့ဟောင်းအတွင်းသို့ ဝင်ခဲ့ရသည်။ မြို့ဟောင်း ရွာသို့ဝင်သည့် မော်တော်ကားလမ်းသည် သာဂရမြို့ ဟောင်း၏ တောင်ဘက် မူလဝင်ပေါက်ဖြစ်ပြီး မြောက် ဘက်ဝင်ပေါက်နေရာကိုလည်း အနည်းငယ်ဖြိုဖျက်၍ မော် တော်ကားလမ်း ဖောက်လုပ်ထားသည်။

သာဂရမြို့ဟောင်း၏ အရှေ့တောင်ဘက် အပြင် မြို့ရိုးနှင့် အတွင်းမြို့ရိုး အကြား ပေ (၇၅၀) ကျော် ကျယ်ဝန်းသည့် နေရာမှ အိုးကွဲစများ၊ စဥ့်ကွဲများ၊ ပုတီး စေ့များကို ရရှိခဲ့သဖြင့် ယင်းနေရာတွင် လူများ အခြေချ နေထိုင်ခဲ့ဟန်ရှိပေသည်။သာဂရမြို့ ဟောင်း ၏ မြောက် ဘက် မြေမြို့ရိုးမှ မီတာ ၂၀၀ (၆၅၆ ပေ) အကွာရှိ နန်းတော် ရာဟောင်းဟု ယူဆကြသည့် နေရာ၌ အုတ်တန်းများ ကျန်ရှိနေ သည်။ ယင်းနေရာမှ အရှေ့ဘက် ၁၅၄ မီတာ (၅၀၅ ပေ) တွင် နန်းဦးစေတီနှင့် ရဟန္တာသိမ်ရှိသည်။ မြို့ ဟောင်း၏မြောက်ဘက်မြို့ရိုး အပြင်တွင် မင်္ဂလာ ရေကန် ဟောင်းသည်ပေ (၁၁၀) ပတ်လည်ရှိပြီး ကောနေပြီ ဖြစ်သည်။

## သာဂရ သင်္ချိုင်းရာ

သာဂရမြို့ဟောင်း တောင်ဘက်မြို့ရိုးအပြင်၌ မြို့ကိုးကုန်းဟု ခေါ်ဆိုသည့် နေရာ၌ ကုန်းတစ်ခု ကို ပြုပြင်၍ မြို့ဦး စေတီ တည်ထားသဖြင့် ကုန်းရှစ်ကုန်း ကျန်ရှိနေသည်။ မြို့ဦးစေတီ မတည်မီက ကုန်းကိုးကုန်း ရှိခဲ့သဖြင့် မြို့ကိုးကုန်းဟုပင် ဆက်လက် ခေါ်ဆိုခဲ့ကြ သည်။ မြို့ကိုးကုန်း၏ အနောက်ဘက် မီတာ ၉၀ (၂၉၅ ပေ) အကွာမှ အတွင်း၌ အရိုးပြာများပါရှိသည့် မြေအရိုး အိုးငယ်များနှင့် မီးသွေးစများရရှိခဲ့သည်။ ယင်းမြေရိုးအိုး များ၏ လည်တိုင်တွင် အပြောက်အမွှမ်းများရေးဆွဲ ထားသည်။ ယင်းနေရာမှ အရိုးအိုးများစွာကို တွေ့ရှိခဲ့ သဖြင့် သာဂရမြို့ဟောင်း၏ သင်္ချိုင်းဟောင်းနေရာဟု ယူဆခဲ့ကြသည်။ အရိုးအိုးများတွင် ပုတီးစေ့ တစ်စေ့မှ ငါးစေ့အထိပါ ရှိကာ ပုတီးစေ့မပါရှိသော အိုးများလည်း ရှိခဲ့သည်။ သာဂရ အရိုးအိုးများသည် ပျူမြို့ဟောင်းများ တွင် တွေ့ရှိရလေ့ရှိသည့် အရိုး အိုး များနှင့် တူညီနေပေ သည်။ ဒေသခံများက မင်းသမီးသင်္ချိုင်းရာဟု ခေါ်ဆိုကြ သည့် နေရာသည် သာဂရမြို့ဟောင်း၏ အနောက်တောင် ထောင့်တွင် တည်ရှိပြီး ယခုအခါ မြေပြင်ညီဖြစ်နေသည့် ယင်းနေရာသည် မူလက ကုန်းမို့ ဖြစ်ခဲ့ဟန်ရှိသည်။

## သာဂရ မြို့ဟောင်းတူးဖော်မှုများ

ရှေးဟောင်းသုတေသန နှင့် အမျိုးသားပြတိုက် ဦးစီးဌာနသည် သာဂရ မြို့ဟောင်းကို သုံးကြိမ် တူးဖော်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ဦးစီးအရာရှိ ဒေါ်ငွေငွေစိုး ဦးဆောင်သည့် အဖွဲ့က ပထမဆုံး တူးဖော်မှုအဖြစ် ကုန်း အမှတ်(၁)နှင့် အမှတ်(၂) (SGR 1)၊ (SGR 2) တို့ကို တူးဖော်ခဲ့သည်။ တူးဖော်မှုတွင် သာဂရမြို့ဟောင်း မြောက်ဘက် အထွက်လမ်းအနီးမှ စေတီဟောင်းတစ်ဆူ၏ လေးထောင့် အုတ်ရိုး ပန္နက် နေရာမှ ဆည်းလည်း အကျိုးတစ်ခု၊ ဆည်းလည်း၏ ညောင်ရွက်ပုံအဆံ သုံးခု၊ ငွေလက်ကောက် တစ်ကွင်း၊ မြေဆီမီးခွက် အကောင်း သုံးခုနှင့် အကျိုး ရှစ်ခု၊ စဥ့်ထည်အကျိုး အပဲ့ ငါးခု၊ ကြွေထည် အကျိုးအပဲ့ ခြောက်ခုနှင့် မြေထည် အကျိုး အပဲ့ ၅၃ ခု၊ ဇောင်းဖွဲ့ထား သည့် အုတ်ချပ်များကို တွေ့ရှိခဲ့သည်။ သာဂရ မြို့ဟောင်း တူးဖော်မှု အစီရင်ခံစာက တူးဖော်မှုတွင် တွေ့ရှိရသည့် ပစ္စည်းများနှင့် အုတ်အရွယ်အစားများအရ ယင်းစေတီကို အေဒီ ၁၅ ရာစု (သို့မဟုတ်) ၁၆ ရာစု တွင် တည်ထားခြင်း ဖြစ် နိုင်ကြောင်း ယူဆချက်ကို ဖော်ပြထားသည်။

သာဂရ မြို့ဟောင်း တူးဖော်မှု ဒုတိယနေရာဖြစ်သည့် နန်းတော်ကုန်းနေရာကို အုတ်လွှာ ၁၅ လွှာအထိ တူးဖော်ခဲ့ရာ အောက်ပိုင်း အုတ်လွှာ ရှစ်လွှာကို မူလ စီထားသည့် အတိုင်းတွေ့ရှိခဲ့သည်။ တူးဖော်မှု အဖွဲ့က ယင်း အုတ်တန်းများကို ပျူ ခေတ် နှောင်း နှင့် ပုဂံခေတ် အကြား တွင် တည်ထားခဲ့ဟန်ရှိကြောင်း သုံးသပ်ခဲ့သည်။ နန်းတော်ကုန်း ပထမအကြိမ် တူးဖော်မှုမှ ဆေးတံရိုး တစ်ခုနှင့် ဆင်းတုတော် လက်အကျိုးတစ်ခုကို ရရှိခဲ့သည်။ သို့သော် ယင်းနေရာကို ဒုတိယ အကြိမ်တူးဖော်ရာတွင် ဝင်ပေါက် ဆင်ဝင် ၊ ခန်းမကျယ် တစ်ခုနှင့် အခန်းငယ် ငါးခုပါရှိပြီး အလျား (၆၉) ပေ နှင့် အနံ (၄၉) ပေရှိသည့် အုတ်တိုက်ဟောင်းတစ်ခု၏ ပန္နက်ရာကို တွေ့ရှိခဲ့သည်။ ယင်း အဆောက်အအုံ ပန္နက် နှင့် အတူ ဗိသုကာ အဆင်တန်ဆာ အုတ်ချပ်များ၊ မြေဆေးတံအကျိုးများ၊ မြေထည် ၊ စဥ့်ထည်နှင့် ကြွေထည် အိုးခွက် ပန်းကန် အကွဲများ၊ မြေပုတီးလုံးများ၊ စဥ့်သုတ်ထားသော အရုပ်ငယ် ခေါင်းပိုင်းတစ်ခု၊ မြေပြားဝိုင်းတစ်ခုနှင့် မြေဆီမီးခွက်များကို တွေ့ရှိခဲ့သည်။

တူးဖော်မှု ခေါင်းဆောင် ဦးစီးအရာရှိ ဒေါ်ငွေငွေစိုးက ယင်းနေရာတွင် အုတ်ရိုးတန်းများသည် လူနေအိမ်ခြေများ အတွင်းသို့ ရောက်ရှိနေသဖြင့် တူးဖော်မှု လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။ ထို့အတူ ယင်း အဆောက်အအုံပန္နက်ရာသည် နန်းတော်ရာဟု ယူဆခြင်းထက် စစ်သူကြီးကဲ့သို့သော အုပ်ချုပ်သူ အကြီးအကဲ တစ်ဦး၏ အိမ်နေရာ ဖြစ်ဖွယ်ရှိကြောင်း တူးဖော်မှု ခေါင်းဆောင်က သုံးသပ်ခဲ့သည်။ အုတ်ချပ်များနှင့် အဆောက်အအုံ တည်ဆောက်ထားသည့် ဗိသုကာ ပုံစံအရ အေဒီ ရှစ်ရာစုတွင် တည်ဆောက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း တူးဖော်မှု အစီရင်ခံစာတွင် ရေးသားထားသည်။ ယင်းအချိန်သည် သာဂရ မြို့ဟောင်းကို တည်ထောင်ခဲ့သည့် အချိန် ဖြစ်သည်။

သာဂရ ယဉ်ကျေးမှု အထောက်အထားများ

မြို့ရိုးဟောင်း၊ ကျုံးဟောင်း၊ သင်္ချိုင်းရာ နှင့် နန်းတော်ရာဟု ယူဆရသည့် အဆောက်အအုံ ပန္နက်များ ကျန် ရှိနေသည့် သာဂရ မြို့ဟောင်းသည် တစ်ချိန်က အုပ်ချုပ်သူနှင့် ပြည်သူများ စုစည်းနေထိုင်ခဲ့ကြသည့် မြို့ပြနိုင်ငံတစ်ခုဟုကောက်ချက်ချနိုင်ခဲ့ပေသည်။ တည်ထားသည့် ပထဝီဝင်အနေအထားအရ သာဂရသည် ကုန်းလမ်း ရေလမ်းတို့မှ အလွယ်တကူ သွားလာနိုင်ခဲ့သည့် နေရာတစ်ခုဖြစ်ကာ မြေဆီမြေနှစ်ကောင်းမွန်သည့် နုန်းတင်မြေနု လွင်ပြင်ဖြင့် ထိုစဉ်က သာဂရတွင် နေထိုင်ခဲ့ကြသူများသည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြမည်ဟု ယူဆနိုင်ပေသည်။ မြေအိုးများ၊ ရောင်စုံပုတီးများ၊ လှပသော ရွှေထည်များကို ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် သာဂရတွင် နေထိုင်ခဲ့ကြသူများသည် သင့်တင့်သော အနုပညာဗီဇနှင့် ယဉ်ကျေးမှုအဆင့်အတန်းရှိကြောင်း မြန်မာ့ရှေးဟောင်း မြို့တော်များ စာအုပ်တွင် ဖော်ပြခဲ့သည်။

မြို့ပြငယ်တစ်ခုအဖြစ် တည်ထောင်ခဲ့သော သာဂရသည် ယဉ်ကျေးမှု အဆင့်အတန်း အသင့်မြင့်မားခဲ့

ကာ သင့်တင့်သော ဗိသုကာ လက်ရာများကိုလည်း မြို့ဟောင်းအတွင်း၌ တွေ့ရှိရသည်။ပျူ ယဉ်ကျေးမှုကာလနှောင်းပိုင်း သို့မဟုတ် ပုဂံခေတ်ဦးမှ ကုန်းဘောင်ခေတ်အထိ၊ အေဒီ ရှစ်ရာစုမှ ၁၈ ရာစုအတွင်း ရာစုနှစ် ၁၀ စုကြာတည်တံ့ခဲ့သည့် သာဂရမြို့ဟောင်း သည်အင်အားကြီးမားခဲ့သော မြန်မာ ဘုရင်များ၏ လက်အောက်ခံ ၊ အခွန်တော်ဆက်ရသည့် မြို့ငယ်တစ်ခု ဖြစ်ခဲ့ကြောင်း ပညာရှင်များက သုံးသပ် ခဲ့ကြပေသည်။ သာဂရ ရှေးမြို့ဟောင်းမှ တူးဖော်တွေ့ရှိခဲ့သည့် ယဉ်ကျေးမှုအထောက်အထားပစ္စည်းများကို ထားဝယ်မြို့ရှိ တနင်္သာရီ တိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်တွင် ပြသထားသည်။ တစ်ချိန်က မြို့ပြငယ်တစ်ခုအဖြစ် ထွန်းကားခဲ့သည့် သာဂရသည် ယနေ့ တိုင် အထောက်အထားများ ကြွင်းကျန်လျက်ရှိကာ တနင်္သာရီတိုင်းဒေသကြီး၏ ယဉ်ကျေးမှုနယ်မြေ အမွေအနှစ်တစ်ရပ် အဖြစ် တည်ရှိနေပေသည်။ ထို့ကြောင့် ရှေးဟောင်းသုတေသန ပညာသုတေသီများသည် ထားဝယ်ဒေသရှိ မုတ္တီးနှင့် သာဂရမြို့ဟောင်းကို အထူးစိတ်ဝင်စားကာ သမိုင်းကြောင်းအစွန်းအစများကို ဖော်ထုတ်နိုင်ခဲ့ကြပေသည်။

**အကိုးအကား**

၁။ သာဂရမြို့ဟောင်း တူးဖော်မှု အစီရင်ခံစာများ

၂။ ထားဝယ်ဒေသဆိုင်ရာ အချက်အလက်များ(ပြည်ထဲရေးဝန်ကြီးဌာန)

၃။ မြန်မာ့မြို့ဟောင်းများကို ကောင်းကင်ဓာတ်ပုံမှ ဘတ်ရှုလေ့လာခြင်း(အောင်မြင့်)

၄။ မြန်မာ့ရှေးဟောင်းမြို့တော်များ(ယဉ်ကျေးမှုဝန်ကြီးဌာန)

၅။ ထားဝယ်တိုင်းရင်းသားဓလေ့ထုံးတမ်း (နောန်အောင်မျိုး)

၆။ မုတ္တီးမြို့ဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ လေ့လာချက်စာတမ်း(သော်ဇင်လတ်)

၇။ သာဂရမြို့ဟောင်းကို တူးဖော်ခဲ့သူ ဒေါ်ငွေငွေစိုးနှင့် တွေ့ဆုံ မေးမြန်းချက်များ



# သာဂရအကြောင်း

## စဉ်းစားဖွယ်(၁)

အာကာဖြိုး (ကံပေါက်)

*သာဂရနဲ့ ပက်သက်လို့ သာဂရတည် ဥဩစည်လို့ အမှတ် ရှိပါတယ်။ သက္ကရာဇ် ၁၁၃ ခု ဖြစ်တယ်။ သမန္တမင်းက တည်တယ်။ အခု နန်းမြို့ရာ ရှိတဲ့နေရာကို မြို့ဟောင်း ရွာ ဆိုပြီး ခေါ်ပါ တယ်။*

ထားဝယ်မြို့ကနေ ကားလမ်းအတိုင်း ၈မိုင် လောက် ဝေး တယ်။ လောင်းလုံမြို့နယ်ထဲမှာ ရှိပြီး ထားဝယ် မြစ် အနောက်ဘက် တစ်မိုင် အကွာမှာ ရှိ တယ်။ ပညာရှင်တွေ၊ ဒေသခံ လေ့လာသူတွေ အတော် များများ ရေးသား ဖော်ပြ ခဲ့ပြီးပါပြီ။

သာဂရမြို့ဟောင်းနဲ့ပက်သက်ပြီးပြောကြတဲ့ အခါ စာရေးသူ အများစုဟာ ရှေးရိုးစွဲ ရာဇဝင်လာတွေ အတိုင်း ကောက်ချက် ဆွဲယူပြီး စပ်ဟပ်တင်ပြလေ့ရှိ ကြတာကို တွေ့ရပါတယ်။ ခေတ်သစ်သမိုင်းပညာ ရပ် ဘောင်အတွင်းက ကြည့်တဲ့အခါ အများစုဟာ အတည်ပြု ချက်ယူတဲ့အခါ ပယ်ချခံရလေ့ရှိတဲ့ အထောက်အထား မဲ့ စပ်ဟပ်အဆို ပြုချက်တွေလို ဖြစ်နေတာ တွေပါ။ ရှေးရိုးစွဲအယူ အဆတွေကို မပစ်ကောင်းတာ မှန်ပေ မယ့် တကယ် တမ်း ကမ္ဘာ့အဆင့်မီ ဘောင်ဝင်တန်း ဝင် သမိုင်းတခုဖြစ်စေလိုတဲ့ အခါမှာ ရှေးရိုးစဉ်လာ

စာစကားတွေဟာ မှန်ကန်ကြောင်း ခေတ်ပြိုင်အထောက်အထား တူးဖော်တွေ့ရှိမှု မြေပေါ်မြေအောက်တွေ့ရှိထားမှုတွေနဲ့ ပြောဆိုရေးသားကြရပါတယ်။ ဘာမှကိုးကားစရာ ပြစရာမရှိတော့တဲ့အဆုံးမှာမှ နောက်ရေး ရာဇဝင်လာတွေကို ကျောရိုးအဖြစ်သုံးပြီး တင်ပြကြရတာပါ။

သာဂရအကြောင်းပြောတဲ့အခါ သာဂရမှာ ပြစရာ ဘာမှ မရှိလို့လား။ နောက်ရေးရာဇဝင်တွေက တကယ်မှန်ကန် သလားဆိုတာတွေကို ကျွန်တော်တို့ ခေတ်တခုစီအလိုက် ပိုင်းခြားပြီး နိုင်ငံတကာခေတ်ပြိုင်မှတ်တမ်း ပြည်တွင်း ခေတ်ပြိုင်မှတ်တမ်းတွေနဲ့ ချိန်ညှိတိုက်ဆိုင် စစ်ဆေးပြီး ပြောလို့ရနေပါတယ်။ စစ်ဆေးထားပြီးသမျှမှာ နောက်ရေး ရာဇဝင်လာ အချက်အလက်တွေနဲ့ မြေပေါ်မြေအောက်တွေ့ရှိချက်များ နိုင်ငံတကာမှတ်တမ်းများနဲ့ ကွဲလွဲနေတာ တွေ့ရပါတယ်။ ဒီလိုကွဲလွဲတဲ့အခါ ပိုစောတဲ့မှတ်တမ်း ပိုတိကျတဲ့ ခေတ်ပြိုင်နဲ့ တူးဖော်တွေ့ရှိချက် အထောက်အထားတွေက ပြောနေတဲ့စကားရပ်တွေကိုသာ ခေတ်သမိုင်းပညာက အတည်ပြုပြီး ဘောင်ဝင်တန်းဝင် အဖြစ် သတ်မှတ်လက်ခံကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ နောက်ရေးရာဇဝင်လာစကားရပ်တွေကို လုံးဝမပစ်ပယ်သော်လည်း သံသယကြီးကြီးထားပြီး ချဉ်းကပ်စစ်ဆေးရပါတယ်။ ခိုင်လုံလောက်တဲ့ အထောက်အထားတခု ဖြစ်မှသာ ရာဇဝင် မှန်ကြောင်း အထောက်အကိုးပြုပြီး ပြောရပါတယ်။

ဥပမာ နည်းနည်းပြောရရင် သာဂရကို အေဒီ–၈ရာစုမှာ တည်တယ်ဆိုတဲ့ စကားရပ်။ ဒီစကားက အမှန်လား။ ဒါကို ကျွန်တော်တို့ ချိန်ညှိစစ်ဆေးရပါတယ်။ စစ်ဆေးတဲ့အခါ ဒီစကားရပ်ဟာ ရာဇဝင်လာ ခုနှစ်သက္ကရာဇ်ကို သမိုင်းသုတေသီတွေက မှန် မမှန် စစ်ဆေးထားခြင်းမရှိဘဲ လွယ်လင့်တကူ ရာဇဝင်လာ အတိုင်း ယူသုံးကြပြီး စာတမ်း ရေးတယ်။ စာတမ်းဖတ်နေကြတာသာ ဖြစ်ပါတယ်။ ဒါက လုံးဝ မမှန်ပါ။

မြို့ရိုး အဝိုင်းပုံ ဖြစ်နေတာနဲ့ တင် သီအိုရီအရ BC ကာလမြို့ပြလို့ ပြနေတာဖြစ်တယ်။ ပြောလို့ ရတယ်။ အကြောင်းကတော့ BC ခေတ် နောက်ပိုင်း AD ကာလ တွေမှာ အရှေ့တောင် အာရှတစ်ခုလုံးလို့ပြောလို့ ပြောရအောင်ကိုပဲလေးထောင့်ပုံစံ တွေ ပြောင်းသွားတယ်။ သာဂရမှာ နန်းမြို့တည်တာ မြို့ရိုးသုံးထပ်ဆိုတာဟာ နန်းမြို့ကို တစ်ခါတည်းတည်ပြီး မြို့ရိုးကို သုံးထပ် ဆောက်ထားတာ မဟုတ်ပါဘူး။ နန်းမြို့ သုံးခါတည်လို့ သုံးထပ် ဆောက်ထားတာပါ။ တစ်နေရာတည်းကို နန်းမြို့သုံးကြိမ်တည်တယ်ဆိုတာ ယခု ကောင်းကင်ဓါတ်ပုံ မြင်ကွင်းအရ မြင်သာတာကိုပဲ ပြောပြတာ ဖြစ်ပါတယ်။ ဒီထက် ပိုပါတယ်။ တကယ်တမ်းတွေ့ရှိချက် အထောက်အထားတွေဟာ သာဂရကို အစ တည်ပါတယ်လို့ ပြောနေ ၊ ရေးနေကြတဲ့ AD–8 ရာစု နဲ့ နောက်ပိုင်း လက်ရာတွေ များများမထွက်ပဲ အဲဒီမတိုင်မီခေတ်တွေက အထောက်အထားချည်း တပုံတပင် ထွက်လာနေတာ တွေ့နိုင်ပါတယ်။

အဲဒီ မတိုင်မီခေတ်တွေအတွက် ပြောရင် နန်းမြို့သုံးကြိမ် တည်တယ်ဆိုရာမှာ သာဂရဟာ နောက်ဆုံး နန်းမြို့လည်း ဖြစ်ပါတယ်။ သူ့ အရင် နန်းမြို့တွေမှာ ဘယ်သူက မင်းလုပ်ပြီးအုပ်ချုပ်တယ် ဆိုတာတွေတော့ သမိုင်းမှတ်တမ်းလည်း မတွေ့ဖူးပါ။ ကျွန်တော်ပြောနေတဲ့ ကာလက ဘီစီခေတ်တွေကနေ ရာဇဝင်လာ အေဒီ ၈ ဆိုတဲ့ ကြားကာလကို ပြောနေတာပါ။ AD 8 ရာစုဆိုတာ ခေတ်ပြိုင် အားဖြင့် ယခု ပုဂံထက် နည်းနည်းလေး စောပါတယ်။ မဆိုစလောက်ပါ နှစ် ၈၀ လောက်လေး။ ဒီကာလက မျိုးဆက်တစ်ဆက်စာလေး ရှိတာမို့ ဘာမှ မပြောပလောက်ပါ ဘူး။ ပြောချင်တာက အဲဒီ နှစ် ၈၀ လောက်လေးစောပြီး နန်းတည်တဲ့ မြို့မှာ ဘာကြောင့် ဖြဟ္မီစာအက္ခရာနဲ့ သူ့ရှေ့ကစာအရေးအသားစနစ်တွေ ထွက်နေရတာလဲ ဆိုတာပါ။ ဒီအချက်က ဘာကိုပြောနေသလဲဆိုရင် နောက်ရေး ရာဇဝင်အဆို မမှန်ကြောင်းတွေ့ရှိရတဲ့ မြေပေါ်မြေအောက် အထောက်အထားများက စကားပြောနေတာပဲ ဖြစ်ပါတယ်။

နန်းတည်စဉ်မှာ ယခင်မူလ အတိုင်း ထားထားတာလည်း ဖြစ်နိုင်သလို မူလကဟာတွေ ဖြိုဖျက်ပြီး အုတ်ဟောင်းတွေ ယူသုံး ပြန်ဆောက် ထားတာလည်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့်သာပဲ BC ခေတ်သုံး အက္ခရာတွေ အမှတ်အသားတွေ ထွက်လာနေတာ ဖြစ်ပါတယ်။

ဒီလို အထောက်အထားတွေကို မချိန်မညှိဘဲ သာဂရဆိုတာနဲ့ AD-8 ဆိုပြီး တန်းယူရေးသားထားကြတဲ့ ပြည်တွင်းပြည်ပပညာရှင်ဆိုသူများရဲ့စာတွေ အပြင် ဝါသနာရှင်များ စာတမ်းပြုစုသူများရဲ့ စာတွေ ဆိုတာဒီလို တွေချည်း တွေ့ရပါတယ်။ ဒါဟာ ဘာကို ပြတာလဲဆိုရင် ဘယ်လိုလုပ်ရတယ်ဆိုတာကို သိနားလည်ကြပါလျက် ပညာရှင်တွေအလုပ်မလုပ်ဘဲ စားပွဲပေါ်ကသုတေသနမှာတောင် ပြီးပြီးရော အဖြစ်လုပ်နေကြပြီး မိမိတို့ကိုယ်မိမိတို့ ဆွဲချနေတာတွေလုပ်နေကြတာနဲ့ ပညာရှင်တွေ နာမည်ရတွေက ဒီလိုတွေ ရေးထုတ်ကြတော့ ဝါသနာရှင်တွေ ပညာသင်တွေကလည်း ပညာရှင်အာဘော်ကိုးကားရတာကနေ အကုန်ဒီလိုတွေချည်းဖြစ်ကုန်တယ်ဆိုတာကို ပြပေးနေပါတယ်။ ဒီလိုရေးတာတွေကြောင့် ဘာဖြစ်လဲဆိုတာကို ရီစရာပြောရရင် ပညာရှင်ဆိုသူများလုပ်ပုံက AD-8 ရာစုမှာ BC-3 ရာစုနောက်ပိုင်း အသုံးမရှိတော့တဲ့ ဓမ္မခေါ် ဗြဟ္မီစာ သုံးနေသေးတယ်လို့ ပြောပြီး ပညာရှင်များ အာဘော်နောက်လိုက်ရေးပြောပေးရမလို ဖြစ်နေပါတော့တယ်။

၁၉၉၉ခုနဲ့ ၂၀၀၀ခုနှစ် တွေမှာ ရက်အနည်းငယ်ကြာ တူးဖော် လေ့လာခဲ့ဖူးတယ်။ နန်းတော်ကုန်းလို့ခေါ်တဲ့ နေရာမှာ အခန်း(၅) ခန်းပါတဲ့ အုတ်တိုက်ဟောင်း ပေါ်လာပါတယ်။ ဒီအဆောက်အအုံ အနေအထားအရ မြို့ပြ တစ်ခု တည်ထောင်ပြီး အုပ်ချုပ်တဲ့ ဘုရင်ဆိုသူ နေနိုင်လောက်အောင် မကြီးပါဘူး။ တူးဖော်စဉ်ကာလ တွေ့ရတဲ့ အထောက်အထားတွေကလည်း အများကြီး အရေးမပါလှ ပါဘူး။ တွေ့ရတဲ့ အုတ်တွေက ဆိုဒ်ကြီးတွေဖြစ်တဲ့ ၁၈-၉-၃ လက်မတွေလည်း တွေ့ပါ တယ်။ ဗိသုကာအုတ်တွေလည်း တွေ့ တယ်။ တူးဖော်ရေး ပြတိုက်လေး လုပ်ထားပေမယ့် ၁၆ နှစ်လောက်ရှိလာတော့ အရာတောင် မကျန်တော့ပါဘူး။

ကွင်းဆင်း လေ့လာရေးအဖွဲ့တွေ ၂၀၀၅ ခုနှစ်မှာ ဆင်းခဲ့ ပါတယ်။ ကျန်နေတဲ့ မြို့ရိုး ၃ ခုကို ပေကြိုးဆွဲပြီး ပြန်တိုင်း တယ်။ ပြီးတော့ မြေပုံ ပြန်ဆွဲ ပါတယ်။ ဒီမြေပုံ က အခု ထားဝယ်တက္ကသိုလ် စာကြည့် တိုက်မှာ ရှိပါတယ်။ ကောင်းကင်ဓါတ်ပုံ လေ့လာချက်အရ ဆရာကြီး ဦးအောင် မြင့် ဖော်ပြခဲ့တဲ့ အတိုင်း ရှိနေပါတယ်။ ဒါပေမယ့် အရှေ့ ဘက် မြို့ရိုးနဲ့ တောင်ဘက် မြို့ရိုး နေရာတော်တော် များများ ကတော့ ပျောက်သလောက် ဖြစ်နေပါတယ်။ သာဂရမြို့ ဟောင်းနဲ့ ပတ်သက်ပြီး အားလုံးလိုလို ရေးသား ဖော်ပြချက် တွေအရ မြို့ရိုး ၃ ခု လို့ ဆိုတယ်။ အပြင် မြို့ရိုး အဝိုင်းနဲ့ အတွင်းလေးထောင့် ဆန် ဆန် မြို့ရိုး ၂ ခု လို့ ဆိုတယ်။ အပြင် မြို့ရိုးက အကျယ် ဧက ၂၆၀ ရှိပြီး အတွင်းမြို့ရိုးက ဧက ၁၃၀ ခန့် ရှိတယ်။ သွားရောက် လေ့လာကြည့်တဲ့အခါ တောင်ဘက်မြို့ရိုးရဲ့ အရှေ့ဘက် ခြမ်းနဲ့ မြောက်ဘက် မြို့ရိုးရဲ့ဝင်ပေါက် အနီး ရယ်၊ ရှင်ဇလွန် အနီး မြောက်ဘက်မြို့ရိုးနဲ့ အရှေ့ဘက်မြို့ရိုး ဆုံရာတွေမှာ ဆိုရင် မြို့ရိုးက ၄ထပ် ဒါမှမဟုတ် ၅ထပ်လောက် ရှိနေပါတယ်။

ဂြိုလ်တု ဓာတ်ပုံထဲမှာလည်း အတော် ထင်ထင်ရှား ရှား တွေ့နိုင် ပါသေးတယ်။ မြောက်ဘက်မြို့ရိုးဝင်ပေါက်ဆိုရင် မြို့ရိုး လက်တံ ရှိနိုင်တယ်လို့ဆိုပါတယ်။ ဒီမြို့ဝင် ပေါက် လက်တံ ဒီဇိုင်းတွေအရ အခြား မြို့ ဟောင်းကြီးတွေမှာ လည်း ဒီလို ပုံစံ ရှိတယ်လို့ ဆိုတယ်။ အတွင်းမြို့ရိုး နှစ်ထပ် ဆိုရင် အတော်မြင့်မြင့် ကျန်နေပြီး အချို့နေရာ တွေမှာ ဆိုရင် အုတ်ခင်းထားတာ တွေ့ရတယ်။ မြို့ရိုး နှစ်ခုကြား မှာ လမ်းအဖြစ် အသုံးပြုနိုင် လောက် အောင် ကောင်းပါတယ်။ အနောက် ဘက်မြို့ရိုး အပေါက်တစ်ခုဆိုရင် ဝင် ပေါက်လုပ်ထားတာ အဆင့်မြင့် ပါတယ်။ အဝေးက ကြည့်ရင် ဝင်ပေါက် ရှိမှန်းတောင် မသိနိုင်ပါဘူး။ ဆရာကြီးဒေါက်တာသန်းထွန်းက ထားဝယ် (သာဂရ) မြို့ရိုးတွေ

ကို လေ့လာကြည့်ရင် အခြား မြို့ တွေနဲ့ ပြောင်း ပြန် ဖြစ်နေ တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သာဂရမြို့ ဟောင်းရဲ့ အပြင်မြို့ ရိုးတွေက အတွင်း မြို့ရိုးထက် ပို ရှေး ကျတယ်။ မြို့ပျက်ပြီး တဲ့အခါ နောက် တစ်ကြိမ် ပြန်တည်တဲ့ အခါ လူနေ နည်း သွားတဲ့အတွက် မြို့ကို ခပ်ကျဉ်းကျဉ်း လုပ်လိုက်ရတယ်နဲ့ တူတယ် လို့ ဆိုပါ တယ်။

သာဂရမြို့နဲ့ ပတ်သက်ပြီး မြို့ရိုးတွေကို ၃ ထပ်လို့ ပြော နေတာရေးနေတာကိုလည်း ပြန်လည်စီ စစ်ပြီး စဉ်းစားစေချင်ပါတယ်။

နောက်ရေးရာဇဝင်မှတ်တမ်းတွေအရ သာဂရ မြို့ကို သမန္တမင်းက သက္ကရာဇ် ၁၁၃ခု (ခရစ်နှစ် ၇၅၁ခု)၊ ဗညားဦးက သက္ကရာဇ် ၃၅၇ ခု (ခရစ်နှစ် ၉၉၅ခု)၊ ဗြ သပိုက်မင်းက သက္ကရာဇ် ၉၂၄ခု ( ခရစ်နှစ် ၁၅၆၂ခု) ဆိုပြီး တွေ့ရပါတယ်။ ဒီသက္ကရာဇ်တွေက ထားဝယ် ရှေးသုံးသက္ကရာဇ်တွေကို ရာဇဝင်ဆရာက ရေးထား တာဖြစ်ပါတယ်။ ဒါကို သက္ကရာဇ်အရကောက်တာ ချော်ပြီး ၆၃၈ ပေါင်းထည့်နည်းနဲ့ သွားပြင်လိုက်တော့ မြေပြင်တွေ့ရှိချက်တွေနဲ့ အကုန်ချွတ်ယွင်းကုန်ကြရ တာလည်း ဖြစ်ပါတယ်။

ရာဇဝင် မှတ်တမ်းတွေအရ သာဂရကို ၃ ကြိမ် တည်ထောင်တယ်လို့ သတ်မှတ်စရာ ရှိနိုင်ပါတယ်။ သို့သော်လည်း ရာဇဝင်ဟာ ရာဇဝင်ပဲဖြစ်တော့ အား မရှိတဲ့သဘောမှာပါပဲ ရပ်တည်နေပါတယ်။

AD-8 ရာစု နောက်ပိုင်းခေတ်တွေအတွက် သာဂရနဲ့ပတ်သက်ပြီး နောက်ရေးရာဇဝင်မှအပ ပြည် တွင်းပြည်ပ ခေတ်ပြိုင်အထောက်အထား စာမှတ်တမ်း အားဖြင့် တခုမှ မတွေ့ရဖူးသေးပါ။ ကျွန်တော်ဆီမှာ ခေတ်ပြိုင်အလိုက် ချိန်ညှိစစ်ဆေးထားပြီး သားရှိပါ သော်လည်း ဒီဆောင်းပါးမှာ ကျွန်တော်အဓိက ဖောင်းပေး တင်ပြနေတာက အစောပိုင်း ကာလသမိုင်းကြောင်း ဖြစ်တာမို့ ရောထွေးမတင်ပြတော့ဘဲ ချန်လှပ်ထား ခဲ့ ပါတယ်။

သမိုင်းသုတေသီ၊ ပညာရှင်၊ ဝါသနာရှင်များ အနေနဲ့လည်း ပညာရပ် ဘောင်အတွင်းကနေ နည်းပါး တဲ့ အထောက်အထားတွေကို မျက်ကွယ်ပြုမိသွားကြ သလို မဖြစ်စေဘဲ ရှိသလောက်အပေါ် သဘာဝယုတ္တိ ကျကျ စဉ်းစားဆင်ခြင်ပြီး စာတမ်းတင်ခြင်း၊ မှတ်တမ်း ပြုခြင်းများဖြင့် ဆက်လက်ဖော်ဆောင်နိုင်ကြစေ။ နိုင်ငံ နဲ့လူထုကို အကျိုးပြုနိုင်ကြသူများဖြစ်လို့ လူတကာ က ဦးညွှတ်အလေးထားကြရသူများ ဖြစ်နိုင်ကြစေ ရန် အပြစ်မထင်ချစ်ခင်မေတ္တာအားနဲ့ လစ်ဟာကွက် အချို့ကို ဆန္ဒမွန်ဖြင့် တင်ပြအပ်ပါတယ်။

**အာကာဖြိုး (ကံပေါက်)**



# ထားဝယ်

# ရှေးဟောင်းခဲဒင်္ဂါးကြီးများ

အောင်မြင့်

*မြန်မာနိုင်ငံ ရှေးဟောင်းဒင်္ဂါးများကို စူးစမ်းလေ့လာ မှုပြုရင်း ထားဝယ်ခဲဒင်္ဂါးများနှင့် ခဲမဖြူ ဒင်္ဂါးများကို တွေ့ရှိရသည်။ ခဲဒင်္ဂါးကြီးများမှာ အချင်းပျမ်းမျှ (၃) လက်မရှိပြီး အထူ (၀ ဒသမ ၄) လက်မခန့်ရှိကြသည်။ မျက်နှာဘက်၌ ငှက်လိုလို၊ ဟင်္သာလိုလို၊ ပုံသဏ္ဌာန်ဖော်ထားသည်။ ဟင်္သာပုံကို ဖောင်းကြွစက်ဝိုင်းအတွင်း၌ ဖော်ထား၏။ ဟင်္သာပုံဟု ပြောရစေကာမူ ပီပြင်မှု မရှိလှ။ အမြီးဖျား၊ ခြေထောက် စသည် အလုံးအဖန် ဘေးသွယ်သည့်နေရာများ၌ ပီပီသသမရှိတော့သည်ကို တွေ့ရသည်။*

ခဲဒင်္ဂါးကြီး၏ ကျောဘက်မျက်နှာ၌ ဖောင်းကြွစက်ဝိုင်းတစ်ခုပါရှိပြီး စက်ဝိုင်းအတွင်း၌ တချို့သော ဒင်္ဂါးများတွင် အက္ခရာစာလုံးပါရှိသည်၊ စာများမှာ ပီပြင်မှု မရှိ၊ ဖတ်၍ မရနိုင်။ တချို့သော ဒင်္ဂါးများတွင် စက်ဝိုင်းအတွင်း၌ မည်သည့်အမှတ်အသားမျိုးမှ မပါ၊ ဗလာဖြစ်သည်။

ထားဝယ် ခဲဒင်္ဂါးကြီး တစ်ပြားကို တောင်တွင်းကြီး ပြတိုက်၌ ပြသထားသည်ကို တွေ့ရသဖြင့် အံ့သြခြင်း ဖြစ်ရပါသည်။ ဤဒင်္ဂါးမှာ တောင်တွင်းကြီးဒေသ၊ သို့မဟုတ် ဗိဿနိုးမြို့ဟောင်းမှပင် တွေ့ရှိခဲ့ရသည့် ဒင်္ဂါးတစ်ခုပေလောဟု သိလိုလှ၍ တောင်တွင်းကြီးပြတိုက်မှူး ဦးလှဖေအား အလောတကြီး မေးမြန်းရသည်။ အကယ်၍ တောင်တွင်းကြီး၊ ဗိဿနိုး စသည်မြို့ဟောင်းတို့မှ တူးဖော်

တွေ့ရသည့် ဒင်္ဂါးဆိုအံ့၊ များစွာ စိတ်ဝင်စားစရာဖြစ်နေပေလိမ့်မည်။ သို့ရာတွင် ဦးလှဖေက ဤဒင်္ဂါးမှာ ဤဒေသမှ တွေ့ရသော ဒင်္ဂါးမဟုတ်၊ ရှေးဟောင်းပစ္စည်းချင်းလဲလှယ်မှုဖြင့် ထားဝယ် ဦးကျော်မင်းထံမှ တောင်တွင်းကြီးပြတိုက်အတွက် လက်ခံရရှိသည့် ဒင်္ဂါးတစ်ပြားဖြစ်သည်ဟု ပြောပြသည်။

ယခု တောင်တွင်းကြီး ပြတိုက်လည်း မီးလောင်ပြာကျသွားလေပြီ။ ဤဒင်္ဂါးကြီးလည်း အရည်ပျော် ပျက်စီးသွားခဲ့လေပြီ။

ရှေးဟောင်းအရှေ့အာရှ ဒင်္ဂါးများကို စုဆောင်း၍ လေ့လာသုတေသနပြုသူများအနက် ထင်ရှားသည့် ဗြိတိသျှအမျိုးသားနှစ်ဦးမှာ ဆာအာသာဖယ်ရာနှင့် ဆာရစ်ချက်တင်ပယ်တို့ ဖြစ်ကြသည်။ ရစ်ချက်တင်ပယ်က ထားဝယ်ခဲဒင်္ဂါးကြီးများကို တနင်္သာရီတံဆိပ်တော်ဟု ဖော်ပြခဲ့ဖူးသည်။ ဖယ်ရာကလည်း ၎င်း၏ ၁၈၈၂ ခုနှစ် ထုတ် ရခိုင်၊ ပဲခူးနှင့် မြန်မာဒင်္ဂါးများ လေ့လာချက် စာတမ်း၌ ဤဒင်္ဂါးများကို တနင်္သာရီ တံဆိပ်တော်ဟုပင် ဖော်ပြခဲ့ပေသည်။



*ထားဝယ်ဒေသတွေ့ ခဲဒင်္ဂါးပုံ (ဓာတ်ပုံ-နောင်အောင်မျိုး)*

တဖန် ရစ်ချက်တင်ပယ်က သူ ထပ်မံရေးသားသည့် "မြန်မာနိုင်ငံမှ ဒင်္ဂါးအချို့နှင့် ပတ်သက်၍" ဟူသော ဆောင်းပါးတစ်စောင်၌ တနင်္သာရီ တံဆိပ်တော်ဟုသူ ခေါ်ဝေါ်သုံးနှုန်းသည့်အရာများမှာ တံဆိပ်မဟုတ် ဒင်္ဂါးများပင်ဖြစ်တန်သည်ဟု ဖော်ပြပြန်သည်။ ဤဒင်္ဂါးများကို အစောဆုံး သတိပြု မှတ်သားသူများ၏ မှတ်တမ်းများကို မွှေနှောက်စူးစမ်းရှာဖွေလျက် ၁၆၇၈ ခုနှစ်တွင် ရေးသားမှတ်တမ်းတင်ထားသော "တာဗင်နီးယားခရီးစဉ်" စာတမ်းကို ကိုးကားပြီး ထိုဒင်္ဂါးများသည် ငွေကြေးအဖြစ်အသုံးပြုသည့် ဒင်္ဂါးများပင်ဖြစ်ကြသည်။ မာလာယု (ယခု မလေးရှားနိုင်ငံ) ကေဒါနှင့် ဗီရတ်ဒေသမှ ဘုရင်များသုံးစွဲသည့် ဒင်္ဂါးများဖြစ်သည်ဟူသော ဖော်ပြထားချက်အရ ဤဒင်္ဂါးများမှာ မလေးဒင်္ဂါးများပင်ဖြစ်ဖွယ်ရှိသည်ဟု ရစ်ချက်တင်ပယ်က ဆိုပြန်သည်။ ကျောဘက်၌ ပါရှိသော အက္ခရာများမှာလည်း ဘာသာပြန်၍ မရနိုင်သော်လည်း ပါးရှင်းအက္ခရာများနှင့်တူလှကြောင်း ၎င်းက ဖော်ပြသည်။

ဖယ်ရာနှင့် တင်ပယ်တို့ ရေးသားကြစဉ် နှစ်ပေါင်း ၁၀၀ ကျော်ခန့်က ထိုဒင်္ဂါးများကို မြန်မာနိုင်ငံ၌ ဦးရေအမြောက်အမြား မြေကြီးထဲမှ တူးဖော်ရရှိခဲ့ခြင်း မရှိသေးပေ။

ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားကြပြီးနောက် ဂျပန်ခေတ်၌လည်းကောင်း၊ လွတ်လပ်ရေးရပြီး၌လည်းကောင်း၊ ထားဝယ်နယ်အနှံ့ ဤဒင်္ဂါးကြီးများကို အသိုက်အအုံနှင့် မြောက်မြားစွာ တွေ့ရှိခဲ့ကြ၏။ အကယ်၍ ဖယ်ရာနှင့် တင်ပယ်တို့ ယခုကဲ့သို့ တွေ့ရှိကြသည် ဆိုအံ့၊ ၎င်းတို့၏ မှတ်တမ်းများတွင်လည်း တမျိုးတဖုံ ကောက်ချက်ချဖွယ် ရှိပေလိမ့်မည်။ ထားဝယ်ခဲဒင်္ဂါးတပြား၏ အလေးချိန်မှာ ပျမ်းမျှ (၂၃ ဒသမ ၅) ကျပ်သား၊ သို့မဟုတ် (၁၄) အောင်စခန့်ရှိ၏။ တချို့ခဲဒင်္ဂါးများ၏ ကျောဘက်၌ ပါရှိသည့် အက္ခရာများမှာ ဖတ်ရှုဘာသာပြန်၍ မရနိုင်။

ထားဝယ်မြို့ဝန်းကျင် (ညောင်ခရားမြို့ဟောင်း)၊ ဆင်ဆိပ်မြို့ဟောင်း၊ ထားဝယ်သာဂရမြို့ဟောင်းများ၌ ဤခဲဒင်္ဂါးကြီးများကို တွေ့ရှိ ရရှိဖူးသူများနှင့် စာရေးသူကိုယ်တိုင် တိုက်ရိုက်မေးမြန်းဆွေးနွေးခဲ့ဖူးသည်။ ၎င်းတို့၏

အဆိုအရ ဤခဲဒင်္ဂါးများကို တပြားတလေလောက် တွေ့ရခြင်းထက် အစုလိုက် အပုံလိုက် တွေ့ကြခြင်းက များသည်။ အကြောင်းကိစ္စတခုခုအတွက် မြေတူးဖော်ရင်း အမြောက်အမြား တွေ့ခဲ့ရပုံကို ပြောပြသည်။ တချို့နေရာများ၌ လှည်းနှင့် တိုက်ယူရလောက်အောင်ပင် အများအပြား တွေ့သည်ဟုဆိုသည်။

ထားဝယ်မြို့ မြောက်ဘက်စွန်းရှိ မောင်မယ်ရှောင်ရွာတွင် ဘုရားမဲကလေးဟု ခေါ်သည့် ရှေးဟောင်းဘုရားအနီး၌ အမြောက်အမြားတွေ့ခဲ့ဖူးသည်။ ထားဝယ်မြို့ ဆင်ဆိပ်ရပ်၊ မြို့ဟောင်းခွင်အတွင်း ရော်ဘာတော စိုက်ပျိုးရန် မြေရှင်းလင်း တူးဆွရာ၌ အလျားလေးတောင်၊ အနံ နှစ်တောင်မျှရှိသည့် ကျင်းထဲ၌ (၈) ပြားမှ (၁၀) ပြားအထိ ထပ်ပြီး သပ်သပ်ရပ်ရပ် ပုံ၍ထားသည့် ခဲဒင်္ဂါးများကို ကျင်းအပြည့် တွေ့ဖူးသည်ဟု သိရ၏။

ထားဝယ်မြစ်၏ အနောက်ဘက်ကမ်း၊ ထားဝယ် သာဂရမြို့ဟောင်းဝန်းကျင်တွင်လည်း ဤခဲဒင်္ဂါးမျိုး အများအပြား တွေ့ရဖူးကြောင်း ဆိုကြသည်။ အကယ်၍ ခဲပြားများကို ချိန်တွယ်ရာတွင် အလေးအဖြစ်နှင့် သုံးကြသည်ဆိုအံ့ ထိုမျှ များပြားစွာ အလေးများကို ပြုလုပ်သုံးဆောင် ရန် လိုအပ်မည်လောဟု သံသယဖြစ်မိသည်။ အလေးချိန်အရွယ်အစားလည်းမရှိ၊ တမျိုးတစားတည်းသာ။ စာရေးသူ၏ ယူဆချက်မှာ ဤခဲဒင်္ဂါးများမှာ ချိန်တွယ်ရန်အတွက် အလေးအဖြစ်နှင့် အသုံးပြုဖို့ထက် ငွေကြေးသဖွယ်လဲလှယ် အသုံးပြုသည့် ဒင်္ဂါးမျိုးပင် ဖြစ်ဟန်ရှိသည်။

တနင်္သာရီကမ်းမြောင်ဒေသသည် ခဲ၊ ခဲမဖြူနှင့် အဖြိုက်နက် အလွန်ထွက်သော ဒေသဖြစ်လေရာ တခြားသော သတ္တုထက် မိမိဒေသ၌ ထွက်သည့်သတ္တုကို အဓိကထား၍ သုံးစွဲကြမည်မှာ မလွဲပေ။

ခဲသတ္တုမှာ ရွှေ၊ ငွေ စသည့် သတ္တုများလောက် အဖိုးမတန်။ သို့ဖြစ်၍ ရွှေ၊ ငွေကဲ့သို့ ဒင်္ဂါးပြားအရွယ် ခပ်သေးသေးပြုလုပ်ပါက တန်ဖိုးအနေနှင့် ပြောပလောက်အောင် မရှိနိုင်။ ထို့ပြင် ခဲသတ္တုသည် ပျော့သဖြင့် ပါးလှပ်သေးငယ်သည့် အရွယ်အစားပြုလုပ်လျှင် ပျက်စီးပွန်းတီး လွယ်မည်ဖြစ်ပေသည်။ ထို့ကြောင့်ပင် ခဲဒင်္ဂါးများကို ခပ်ကြီးကြီး သွန်းလုပ်ဟန်ရှိသည်။

ဤခဲဒင်္ဂါးများမှာ ဒင်္ဂါးအဖြစ်နှင့် အသုံးမပြုဘဲ သတ္တုခဲပြားအဖြစ်နှင့် ရောင်းချရန် ပြုလုပ်သည့် ပစ္စည်းမျိုးပေလောဟု တွေးတော ကြည့်ပြန်လျှင်လည်း သတ္တုအဖြစ် အသုံးပြုရေးအတွက်ဖြစ်လျှင် အပင်ပန်းခံ၍ စာတန်းနှင့် အရုပ်များပါရှိသော ခဲပြားများပြုလုပ်မည့်အစား လွယ်ကူသည့် က ခဲချောင်း၊ ခဲတောင့်များအဖြစ်နှင့် သွန်းလုပ်ရောင်းချခြင်းက ပို၍ ဖြစ်နိုင်ပေသည်။

ရွှေတောင့်၊ ငွေတောင့်များကိုပင် လွယ်လွယ်ကူကူ ရနိုင်ခြင်း မရှိတော့ပြီ။ ဤမျှ များပြားစွာ တွေ့ရှိသော ခဲဒင်္ဂါးများ မည်သို့ ပျောက်ဆုံးကုန်သနည်း။ ဂျပန်ခေတ် တစ်ခေတ်လုံးလည်း တွေ့ကြသည်။ နောက်ပိုင်း ခေတ်တွေမှာလည်း တွေ့ကြသည်။ သို့ရာတွင် ထိုခဲပြားများကို အရည်ကျိုပြီး ကွန်ပစ်ရာ၌ အသုံးပြုရန် ကွန်သီး (ခဲသီး) များအဖြစ်နှင့် အသုံးပြုလိုက်ကြသည်၊ ကွန်မြုနစ်တို့ကလည်း ဝယ်ယူသိမ်းဆည်းပြီး ကျည်ဆံပြုလုပ်သည်ဟု ဆိုကြသည်။ ခဲဒင်္ဂါးတွေ့ရှိသူများကလည်း တိတ်တဆိတ် အရည်ကျို အတုံးပြုလုပ်၍ ခဲသတ္တုအဖြစ် ရောင်းချခဲ့ဖူးသည်ဟုသာ သိရ၏။

နှစ်ပရိစ္ဆေဒများစွာက ပြုလုပ်အသုံးချခဲ့ဖူးသာ ရှေးဒင်္ဂါးများ၊ ရှေးဟောင်းပစ္စည်းများ ဖြစ်၍ အလဟဿ ဖြုန်းတီးမပစ်ရန် မေတ္တာရပ်ခံခဲ့ရသည်။

သိမ်းဆည်းထားပြီး ရှေးဟောင်း သုတေသနဌာနတို့၊ သက်ဆိုင်ရာ ပါတီ၊ ကောင်စီတို့မှ တစ်ဆင့် ဆက်သွယ် အကြောင်းကြားရန် မိမိဒေသတွင် ပြတိုက်ပြခန်းကလေး များရှိကလည်း စုဆောင်းပြသထားရန်၊ မပျောက်မပျက် အောင် ဂရုစိုက်ထိန်းသိမ်းကြရန်အတွက်လည်း အတန်တန် မှာခဲ့ရသည်။

နောက်တစ်ကြိမ် ခဲဒင်္ဂါးများကို အများအပြား ထပ်မံတွေ့ရှိပါက ဒင်္ဂါး၌ပါရှိသော အက္ခရာများကို ဖတ်ရှုနိုင်အောင် သုတေသန ပြုလုပ်ကာ အဓိပ္ပာယ် ဖော်နိုင်ရန် ကြိုးစားကြဦးစို့။

**ဒင်္ဂါးအမှတ် (၁)**



*ထားဝယ်ဒေသတွေ့ ခဲဒင်္ဂါးမူကွဲများ (ဓာတ်ပုံ-နောင်အောင်မျိုး)*

ထားဝယ်ပြတိုက်၌ ပြသထားသည့် ဒင်္ဂါးလေးပြား အနက် အရုပ်အပီပြင်ဆုံး ပေါ်လွင်ဆုံးနှင့် သွင်ပြင်ထူးခြားဆုံး ဒင်္ဂါးတစ်ပြားဖြစ်သည်။ ဟင်္သာပုံထက် ဒေါင်းနှင့်ပို၍တူသည်။ ဟန်မာန် မြူးကြွသည်။ ကျောဘက်ပါ စာများမှာ ထင်ရှားမှုမရှိ၊ တတ်နိုင်သမျှ တူညီအောင် ကူးယူခဲ့ခြင်းသာဖြစ်သည်။

တောင်တွင်းကြီးပြတိုက်၌ တွေ့ရသည့် ထားဝယ်ခဲဒင်္ဂါးကြီးမှာ ဤပုံမျိုးဆန်ဆန်ဖြစ်သော်လည်း ဒေါင်း၊ သို့မဟုတ် ဟင်္သာပုံမှာ ဤဒင်္ဂါးမျှလောက် အမြီးတောင်မစုံလင်ချေ၊ ကျောဘက်၌လည်း စာမပါ။ ဗလာဖြစ်၏။

**ဒင်္ဂါးအမှတ် (၂)**

ထားဝယ် သာဂရမြို့ဟောင်းမှ တွေ့ရှိပြီး စုဆောင်းထားသူတစ်ဦးထံမှ ကူးယူခဲ့သည်။ ဟင်္သာပုံဘက်သို့ ပို၍ နွယ်သည်။ ကျောဘက်ပါ တချို့ အက္ခရာများမှာ ဖတ်ရနိုင်ဖွယ်ရှိသော်လည်း ခြုံ၍ အဓိပ္ပာယ်ဖော်၍မရ။

**ဒင်္ဂါးအမှတ် (၃)**

ထားဝယ် ဆင်ဆိပ်မြို့ဟောင်းမှ တွေ့ရှိသည်။ ဟင်္သာပုံနှင့် အနီးစပ်ဆုံးဖြစ်သည်။ ကျောဘက်၌ မည်သည့်အက္ခရာမျှ မပါ၊ ဗလာဖြစ်သည်။

**ဒင်္ဂါးအမှတ် (၄)**

မည်သည့်ဒေသမှ ရရှိသည်ဟု မပြောနိုင်တော့ပါ။ ရုပ်ပုံအနေနှင့်လည်း ပီပြင်မှုမရှိလှပေ။ ကျောဘက်ပါ စာတန်းများလည်း အဓိပ္ပာယ်ဖော်မရ။ အလားတူ ရုပ်ပုံပါ ဒင်္ဂါးမှာလည်း ထားဝယ်မြောက်ဘက် မောင်မယ်ရှောင်ရွာ၌ အများအပြား တွေ့ဖူးသည်။ ကျောဘက်၌ အက္ခရာမပါသည့် ဗလာဒင်္ဂါးများလည်း အများအပြား တွေ့သည်။

**အောင်မြင့်**

**ရတနာမွန်မဂ္ဂဇင်း၊ အတွဲ (၉)၊ အမှတ် (၉)၊**
**၁၉၈၂ ခုနှစ်၊ စက်တင်ဘာလထုတ်မှ**
**ကောက်နုတ်တင်ပြထားပါသည်။**



# Votive Tablets

## &

# Old Tavoy

Nai Pan Hla

From the time the Buddha's image became a principal element among Buddhists of India in the second century of the Christian era, and on development of a profound veneration foe images, the act of making a statue of the Buddha or other symbolic figures of the religion had been established as a source of merit. But to cast a bronze image or to carve a statue of stone or wood was not within the easy reach of all Buddhists. Poor people desirous of acquiring merit to assure their next existence under more prosperous conditions, found in the impression of an effigy upon a lump of potter's clay, the means of accumulation such merit without difficulty. Later on, those people whether poor or rich , commoner or king, having

the desire to do so, might make a large number of such terra cotta votive tablets as objects of worship and as pious deeds.

The custom of making small Buddha images of clay by means of a mould appears to have originated in India. The origin of these votive tablets can be connected with the Four Great events-namely Kapilavastu where Sakyamuni was born;Bodhgaya where he achieved Omniscience: the Deer Park near Babares where he preached his First Sermon to the five Vaggiya monks which was also known as the place where he set the Wheel of the Law(Dhammacakka) in motion; and finally Kusinagara where he entered Nirvana (Nibbanna).

Obviously terra cotta votive tablets, which contain writings below the image or at the back are among oldest epigraphical objects of Southeast Asia, Votive tablets have been discovered at all Sriksetra (Old Prome), Suvannabhumi (Old Thaton), Arimaddanapura(Old Pagan)etc. in shape, votive tablets are normally square at the base and arch to a point at the top. Some of them are oval or in fig-leaf form. The earlier clay votive tablets usually bear the popular Buddhist Yedhamma, formula or "Credo"- the rendering of which reads:

"The things which arise from a cause, of these the Tathagata has stated the cause. Of these also there is a means of suppression. Such is the teaching of the Great Ascetic."

These Yedhamma recitations were written either in Sanskrit with Nagari scripts or in Pali using Mon scripts. An older votive tablet with Pyu writings was brought to light from the relic chamber of Shwesandaw Pagoda, Pagan. As the stupa was built by Burmese king Aniruddha probably in 1060 AD. It is held by scholars that the Pyu tablet had been brought over to Pagan from Prome. Strangely enough, the donor's name of the Pyu tablet is Sri Banya, a Mon title.

The commonest writing on early Pagan Votive Tablets was in Mon language, two tablets with Mon writings have been found at the relic-chamber of Pagan Shwesandaw Pagoda. The donors were Lord Nawur and Lord Min Yasa. Lord Min Yasa made a lot of tablets. One of his votive tablets with Mon writings says:

"The precept against adultery-may I be aware of it! The precept against stealing- may I be aware of it! The precept against killing-may I be aware of it!"

It is an oval shape with markings. Three lines of Yedhamma in Nagari scripts are seen below the Buddha's lotus seat similar to Aniruddha's tablets.

King Aniruddha(Anawrahta) made numerous votive tablets and wrote in Sanskrit, Pali and Mon languages. Apart from the Buddhist "Credo", Anawrahta's writings were varied. A Sanskrit prayers of his says:

"Om! This is the pious work of the great monarch SriAnirudhadeva"

Translation of one of his Pali votive tablets: " this mould of the Blessed One has been made by me, the great king Sri Aniruddhadeva, By this meritorious deed, may I obtain the path to Nirvana when Maitreya is fully Enlightened"

In Mon votive tablet he wrote:

"This Buddha was made by the great king Aniruddhadeva with his own hands."

A chief queen, Ci Peh by name wrote in her Mon votive tablets saying:

"Queen Ci Peh made this Buddha. By this meritorious deed, may I become male (in next existence) and may I be rich!"

In Pali she mentioned that she was chief queen ranyo mahesi but of which king, she did not say. Perhaps she was Anawrahta's queen. One of Kyansittha's queens Trilokavatamsakadevi (Thabhula), mother of Prince Rajakumar also made votive tablets. Kyansittha made numerous votive tablets and wrote in Mon, praying for Buddhahood, Monks such as Muggaliputta, Silapa, Sumedha, Rathapa, Ananda, Sangradeva and Mahasalini made various forms of votive tablets. A nun by the name Ya Yrila Sisin (Reverend Lady Sisin) made a votive tablet and wrote in Mon: "This is the Buddha made by the Reverend Lady Sisin". She did not express her prayer. High officials such as Kalan, Samben, Trap, and Min were also donors of such votive tablets. Votive tablets were molded in different types. Each contains from a single Buddha to a hundred Buddhas. The Eight Scenes and the 28- Buddha themes were also popularly made. A notable votive tablet by Triya Samben (Attorney General) contains Pali writings which mean:

"This image of 28 Buddhas was made by me the donor, the Law-Sam-ben ( တရားသံဗျင်). It is made for the benefit of the king, mother, father, together with sons, daughters, wives and all living beings. By means of this good work, may all living beings be free from the immeasurable evils of existence! May I be a Buddha in the World to come!"

It is curious to note that there have been found at Shin Mokhti Pagoda, some six miles south of Tavoy, many old votive tablets with Mon writings of Kyansitha's period. Formerly we knew only votive tablets made by two governors of Tavoy namely Sumben Yankhi and Sanben Anantajeyyabhikran. Very recently, a friend of mine, U Soe Myint of Tavoy Party Unit, sent me two new votive tablets with Mon writings dating back to Kyansittha's reign. Both are of the same type having only a single seated Buddha in earth touching attitude. The donor Sumben Pyom was governor of Tavoy. The word Tavoy is spelt Daway (ဒဝါယ်) on the back of the tablet which is the earliest document for the name Tavoy. All the three governors of Tavoy namely Samben Anantajeyyabhikran, Sumben Yan Khi and Sumben Pyom prayed for becoming Arahanta (saints), disciples of Lord Buddha when their Lord Kyansittha becomes a Buddha. The rendering of their Mon writings relates:

"this Image of Lord Buddha is stamped and dedicated by the Samben Anantajeyyabhikram who guards Tavoy, servant of our Lord His Majestry Sri Tribhuvanaditya, dhammarajav (Kyansittha). When our Lord becomes a Buddha, may,I, his servant, become an Arahant disciple of my Lord!"

Another Tavoy votive tablet with Mon writings however was made by a Kalan (another

ranking official in Mon). his name and his daughter's name are in Burmese. The writings say:

"Kalan Pwon(ကလန်ပွင့်) stamped this Buddha. His daughter Phun Phlen (ဖုန်းလဖည့်-fulfilling merit or virtue) prepared the clay (earth)."

Burmese word pwon, means to blossom as flowers. Both names are beautiful.

Surprisingly, all the three governors of Old Tavoy did not pray for Buddhahood but they wished to become only disciples when their Lord Kyansittha becomes a Buddha. Such writings plainly indicate how much king Kyansittha was respected and loved by his high officials serving at Tavoy, a town very distant from his capital Pagan. It is significant that Old Tavoy was indeed a very important town situated in the far south, as three Sambens and a Kalan were posted to manage in guarding and defending it at all costs. In those days the Khmers (ကြွမ်းစစ်သည်တော်များ) were very strong and active in fighting. They had attempted raiding Pegu but were manfully repulsed by a Burmese rescue force from Pagan led by General Kyansittha during the reign of Manuha, a rather weak Mon monarch of Thaton. When Kyansittha himself became king of the Mon and Burmese at Pagan Dynasty, the first Union of Burma(1084-1112 AD), he immediately marched down and built a very strong defence at Old Tavoy , so that no more external attack could have occurred, Maungmakan having a very pleasant long sea beach and hot-spring some ten miles west of Tavoy, means "concubine-tank'. Tradition asserts that king Kyansittha and his entourage came there for pleasure and caused the digging of a tank for fresh water. Hence its name Maungmakan (မောင်းမကန်) which is indeed a very remarkable fine spot for holiday makers nowadays.

**Working People' Daily,**
**29.5.1981,p-5/8)**

# Chronology and Important Dates of Cawei Region based on the Chronicles and Pagoda Histories

Thaw Zin Latt

Visualiser's remark – Dawei region is in the narrow and southern part of Myanmar and is home to one of the indigenous ethnic groups of the country, which is well known as the Dawei people or Tavoyan, who had spoken a different dialect from Burmese for centuries. Anyhow, the name "Dawei Region" is only named with reference to the place of "Dawei people". According to its close geographical contact with Thailand and the interest in the empire expansion of the Burmese kings, the region had been experienced complex political influences across the centuries. Though the different dynasties ruled the Dawei region, the people relayed the oral histories and stories about the cities, kings, and pagodas in the region. Operating as evidence of the Dawei people's presence since ancient times, these transmitted oral histories, and palm-leaf manuscripts about the history of the people in the region and the Buddhist monuments (published as books in the early and middle 20th century) are important documentations of the curiosity of the Dawei region's presence across the time.

With a bit of influence from the Burmese way of chronicle compilation, Dawei Chronicles are based on the starting point as the prophecy of the Buddha, and some alike inspirations from the Burmese oral histories. The following timeline will be relied only on the oral stories, chronicles, and pagoda histories, as only a few archaeological

excavations had been carried out despite having tangible heritage and ruins across the region. The timeline described below is only a preliminary work made based on a few literal works, it might not well cover the whole presence of the Dawei people in history. This work anticipates generating a more detailed timeline of the Dawei people with interrogations of the contemporary evidence such as Burmese and Siamese chronicles and records. Regardless, all the errors and described misinformation remain my own.

| Date | Dawei Region | Other Parts of Myanmar |
|---|---|---|
| **577 BC** | Historical Prophecy of Buddha on the establishment of Aung-Tharwaddy (Ka Lein Aung, 14.623480° N, 98.137447° E)<br><br>First stupa at Hsandawshin Pagoda encasing Four Buddhas' relics (14.609787° N, 98.131360° E)<br><br>The left footprint of Buddha, Nabule (14.308692° N, 98.054919° E) | |
| **520 BC** | Establishment of Aung-Tharwaddy (differs. 526 BC) (4 kings, no fallen date known)<br><br>Rebuilding of Hsandawshin Pagoda by the King Naruti | |
| **509 BC** | Building of Peace Pagoda (Yan-Pyay-Man-Pyay) at Mi Ohn Taung (14.174927° N, 98.225311° E) | |
| **475 BC** | Building of a small stupa at the place of Shwe Taung Zar Pagoda, Dawei (14.079282° N, 98.196066° E) | |
| **Circa 350-300 BC** | Building of Kyet Min Pagoda (14.084825° N, 98.202346° E) as one of Ashoka's 84,000 Mot-htaw pagodas | |
| **323 BC** | Building of a stupa encasing Buddha's sacred molar, carried by the Ashoka's missionary monks, at Tavoy point (Shin Maw Pagoda, 13.536311° N, 98.167934° E) | |
| **305 BC** | Establishment of Kanak Sri (around 13.659150° N, 98.302219° E) on the opposite shore of Tavoy point the King Korambha | |
| | | 200 BC – 9th century AD – Arise of the Pyu City States along the Ayeyarwaddy river valley |

| | | |
|---|---|---|
| **100 AD** | | 107 AD – Historical Establishment of Bagan by the King Thamudarit<br><br>100 AD – 9th, 10th century AD – Arise of the Mon and Arakan city-states along Sittaung, Thanlwin, Lemro, and Kaladan river valleys |
| **Circa 638 AD** | Establishment of Aung Thawara by the King Narinda (no exact location known, on the bank of Tanintharyi river, 3 days down-stream boat trip from Myitta town according to the records) | |
| **732 AD** | Establishment of Bhumideva Nagara near Maung-me-shaung (around 14.154193° N, 98.205226° E) by the King Hsinbyushin Maha Narinda<br><br>Establishment of Hmaing Kari near Pagaryi (around 14.105897° N, 98.304219° E) by the Siamese governors<br><br>Establishment of Tagu Myo (14.102718° N, 98.198078° E) near Sin-Zeik by Tagu Mingyi (no exact dates mentioned) | |
| **751 AD** | Establishment of 1st Thagara (14.173404° N, 98.166623° E) by the King Thamandayaza (differs. 761 AD)<br><br>Yun Shan King Saw Lun-shwe governed Bhumideva Nagara when Thamandayaza left the city | |
| **761 AD** | Building of the pagodas around Thagara city by the King Thamandayaza encasing the relics sent from Sri Lanka (Myathabeik, 14.183975° N, 98.161964° E, Myin Htin Taung, 14.175121° N, 98.155116° E, Nat-twin, 14.187460° N, 98.186243° E, Yat Khan Taung, 14.118062° N, 98.172915° N) | |
| **788 AD** | Consecration of the King Shin Zan<br><br>Building of Shin Zalun Pagoda (14.176621° N, 98.168059° E) and Shin Datwei Pagoda (14.161574° N, 98.198891° E) by Shin Zaw | |

| | | |
|---|---|---|
| | and Shin Zan on each side of Dawei River, Zaloon Pagoda (14.082997° N, 98.230117° E) by Shin Zan in the same year<br><br>Building of Hlae Kyaung Taw Pagoda (14.009051° N, 98.231003° E) and Shwe Gu Taung Pagoda (14.001673° N, 98.226766° E) by the Prince Saw Htut and Princess Saw Mya Devi | |
| **914 AD** | Siamese Invasion of Thagara led by the Dvaravati minister Auragalun (1st Thagara was fallen, 11 kings, 751-914 AD)<br><br>Auragalun's establishment of Nyaung-Khaya near Sin-Zeik (around 14.107254° N, 98.197151° E), and Auragalun Pagoda (14.111918° N, 98.197807° E) (differs. 918 AD) | 849 AD – Establishment of Bagan city by the King Pyinbya |
| **995 AD** | Mon troops attacked Nyaung-Khaya (1st Nyaung-Khaya was fallen, 6 Siamese Governors, 914-995 AD)<br><br>Banyar Oo's establishment of 2nd Thagara (Zalun) with Mon governors | |
| **1076 AD** | Second Invasion of Thagara by the minister Aurateza from Tanintharyi (2nd Thagara was fallen, 6 Mon kings, 995-1076 AD)<br><br>Aurateza established a new city "Nyaungyan" near Nyaung-Khaya ruins | 11th century – 1297 AD – Bagan Period in central Myanmar<br><br>11th – 14th century AD – Lemro Period in Arakan |
| **1106 AD** | Renovation of the pagoda at Tavoy point (Shin Maw Pagoda) by the King Alaungsithu of Bagan | |
| **1113 AD** | Fall of Nyaungyan due to the home return of the last governor Auraupparat, for a reason of sickness (4 Governors, 1076-1113 AD) | |
| **1155 AD** | Establishment of Maha Thukha Nagaram around Sin-Zeik by the King Alaungsithu (around the ruins of Nyaung-Khaya and Nyaungyan | |

| | | |
|---|---|---|
| **1228 AD** | Establishment of Htaung-Kwe near Kyet-hlut (13.562018° N, 98.158547° E) or near Sin-htauk (13.703392° N, 98.114218° E) by the King Kani-kawut, the descendant of the King Alaungsithu of Bagan (differs. The King Narapatisithu of Bagan in 1204 AD) (Htaung-Kwe, 6 kings, 1228-1430 AD) | |
| **1417 AD** | Establishment of Mokti (Mutta Thuka Nagara, 14.013936° N, 98.228735° E) by the King Mintaya, and he was assassinated to be insane | 1364 – 1555 AD – First Innwa Period in central Myanmar<br><br>1369-1537 AD – Mon kings ruled Bago (Hanthawaddy) |
| **1418 AD** | The king recovered from insanity and set up a colossal Ayu-Pyauk (free from insanity) Buddha image (differs. 1426 AD) (14.008016° N, 98.224210° E) and left the city (Mutta Thukha Nagara, 1 king, 1417-1418 AD) | |
| **1430 AD** | Establishment of Weidi (13.983433° N, 98.172399° E) by the King Saw Thura, the sixth king of Htaung-Kwe (differs. 1228 AD by King Min-Hsu, the descendant of the King Narapatisithu of Bagan) | 1433 – 1784 AD – Mrauk U period in Arakan |
| **1438 AD** | Shin Mokti Buddha image reached the current sacred place (14.011295° N, 98.225776° E) at Shin Mokti village (the old Mutta Thukha Nagara) | |
| **1488 – 1508 AD** | Fall of Weidi and establishment of the small, fortressed cities, Ka Myaw and Nan Taung by the descendants (no exact locations known) | 1486 AD – The establishment of the Taungoo Dynasty |
| **1562 AD** | Establishment of 3rd Thagara (Dawei Myo) by Bya-thapaik under the order of the King Bayinnaung of Hanthawaddy | 1566-1599 AD – Burmese kings of Taungoo Dynasty based in Bago (Hanthawaddy) |
| **1600 AD** | 3rd Tharaga Period | 1597 – 1752 AD – Nyaungyan Period in Central Myanmar |

| | | |
|---|---|---|
| **1751 AD** | 3rd Thagara was abandoned with Min-ne-hla's decision of moving the city to the south (3rd Thagara Period, 18 Governors, 1562-1751 AD)<br><br>Establishment of Kyet-sa Myo (14.063419° N, 98.192676° E) by Min-ne-hla | 1752 – Establishment of the Konbaung Dynasty by the King Alaungphaya |
| **1754 AD** | Kyet-sa Myo was specified as a fortress<br><br>Establishment of Tharyarwaddy Myo (current Dawei City, 14.072676° N, 98.193280° E) by Min-ne-hla | |
| **1762-1764 AD** | Min Shin Zaw, 3rd ruler of Tharyarwaddy, built Shwe Taung Zar Pagoda, the greatest stupa in the region (14.079282° N, 98.196066° E) | |
| **1764 AD** | The King Sinbyushin of the Konbaung Dynasty seized Dawei as part of the confiscation of Ayutthaya<br><br>Mahanawrahta, navy colonel of the Burmese King, built a pagoda on Lat Khat Taung near Andaman Sea (13.926416° N, 98.098175° E) (differs. 1785 AD by the King Bodawphaya) | 1767 AD – Konbaung conquered Ayutthaya by Sinbyushin<br><br>1784 AD – Konbaung conquered Arakan capital, Mrauk U by the son of Bodawphaya |
| **1824 AD** | The British seized Tanintharyi including the Dawei region, after the First Anglo-Burmese War | 1824 AD – 1st Anglo-Burmese War, the British seized Rakhine (Arakan) and Tanintharyi |
| **1853 AD** | Offering a royal white elephant to the King Mindon from Dawei region | 1852 AD – 2nd Anglo-Burmese War, the British seized Lower Myanmar, including Yangon and Bago |
| **1876 AD** | Arrival of Bronze colossal Lokamarazein Buddha image (14.080050° N, 98.196275° E) donated by the King Mindon, second last monarch of Myanmar | 1885 AD – 3rd Anglo-Burmese War, Fall of Mandalay, the British seized Upper Myanmar |
| **1942-1945** | Japanese Occupation Period | |
| **1948** | Independence from the British colonial rule | |

| | |
|---|---|
| **1962-1988** | General Ne Win – Burmese Socialist Party Period |
| **1988-2011** | SLORC/ SPDC Period |
| **2011-2015** | Newly elected government with the background of USDP |
| **2015-2020** | NLD won the landslide election and became the government |
| **2021-present** | 2021 Myanmar coup d'état |

P.S. The kml file including the locations of Dawei cities and important pagodas, which are described within the timeline, can be downloaded by scanning the QR code beside.

**Referenced Works**


Guna, U, Ashin. *"Dawei Thamaing Khyote [Summarised Digest of Dawei History]."* Dawei: Aung Tharwaddy Press, 1924.

Kala, U. *"Maha Yazawin Taw Gyi [Great Chronicle of Burma - 3 Volumes]."* 3rd Edition. Yangon: Yar Pyae Publishing, 2006.

Kyaw Min, Dawei. *"Dawei Yin Kyay Mhu Amyutae [Core Essence of Dawei Culture]."* Yangon: Aye Aye Press, 1968.

Mayanbin Sayadaw. *"Dawei Yazawin Taw Gyi: Pyinnya Poun Khyote [Great Chronicle of Dawei]."* Dawei: Bladen Press, 1922.

Mingala Nan Nyunt Sayadaw. *"Maha Thamaing Taw Gyi Nyunt Poun [Anthology of Great Histories]."* Dawei: Shef-fed Thadin Press, 1914.

Murphy, Stephen A. ed. *"Cities and Kings: Ancient Treasures from Myanmar."* Singapore: Asian Civilisations Museum, 2016.

Shwe Wei E. *"Dawei Yazawin Thamaing [Historic Chronicle of Dawei]."* Yangon: Kyi Pwar Yay Press, 1974.

Than Swe, Maung, Dawei. *"Shin Koe Shin Hnit Thamaing Win Dawei Phaya Myar [Shin Koe Shin and historic Dawei Pagodas]."* 3rd Edition, Yangon: Pann Wai Wai Publishing, 2011.

Myanmar Cultural Research Society

## ပန်ကြားလွှာ

လူမျိုးစုလေ့လာမှုစာစဉ်အမှတ် (၁၃)တွင် ဖော်ပြထားသော စာမူများအနက်
ပညာရပ်ပိုင်းဆိုင်ရာ လိုအပ်ချက်အရ အချို့သော ဆောင်းပါးများအား
ကြိုတင်ခွင့်ပြုချက် ရယူနိုင်ခြင်း မရှိဘဲ ဖော်ပြထားရပါသည်။
ထို့အတွက် စာမူရှင်များနှင့် သက်ဆိုင်သူ မိသားစုဝင်များအား
လေးစားစွာ ပန်ကြားအပ်ပါသည်။




**Bulletin Of Ethnic Studies**

No.13

Myanmar Cultural Research Society

Myanmar Cultural Research Society